# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်   ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ ကြာသပတေးနေ့   အတွဲ (၆၀)၊ အမှတ် (၂၀၁)


# စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၁

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ Zoom Meeting ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၂)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻



မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

❐ **အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ၂၀၁၇ ခုနှစ် စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးသူငယ် (၂၁၈) သန်း အလုပ်လုပ်ကိုင်လျက်ရှိရာ ကျား (၈၈) သန်းနှင့် မ (၆၄) သန်း စုစုပေါင်း (၁၅၂) သန်းခန့်သည် ကလေးအလုပ်သမားများ ဖြစ်နေသည်ကိုတွေ့ရပြီး ထိုအထဲတွင် (၇၃) သန်းခန့်သည် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများ ဖြစ်နေသည်ကို လေ့လာတွေ့ရှိရ**

**မြန်မာ့တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့သော ချင်းတိုင်းရင်းသား ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း**

ရည်ညွှန်းဖတ်စရာ စာမျက်နှာ - ၆

**ဂျပန်နိုင်ငံရဲ့ ကိုဗစ်-၁၉ တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ**

နိုင်ငံတကာရေးရာ စာမျက်နှာ - ၂၂

**ထူးခြားသည့် နေ့အပူချိန်**

၂၁-၄-၂၀၂၁

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |

မြန်မာ့အလင်း

# နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံရေး

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"ဆိုသော ဆောင်ပုဒ်ကို ဝန်ထမ်းတိုင်းလိုလို သိရှိကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ တစ်နည်းအားဖြင့် နိုင်ငံကောင်းစေရန်အတွက် ဝန်ထမ်းကောင်းများဖြင့် တည်ဆောက်ကြရခြင်းဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကို အဓိကထမ်းဆောင်ကြသူများမှာ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်။ နိုင်ငံကို အုပ်ချုပ်သည့် အစိုးရအဖွဲ့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပေးပြီး နိုင်ငံ့ဝန်ထမ်းများက ထိုမူဝါဒများအတိုင်း အကောင်အထည်ဖော်ပေးကြရခြင်း ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ အစိုးရအဖွဲ့များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသည့် ကာလအတိုင်းအတာတစ်ရပ်အတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ မူဝါဒများကို နိုင်ငံ့ဝန်ထမ်းများအား ချမှတ်အကောင်အထည်ဖော်ကြရာတွင် ကျွမ်းကျင်မှု၊ ဇွဲ လုံ့လ ဝီရိယနှင့် နိုင်ငံအပေါ် သစ္စာစောင့်သိမှုတို့ဖြင့် ဆောင်ရွက်ကြရခြင်း ဖြစ်သည်။ မည်သည့်အစိုးရတက်တက်၊ မည်သည့် မူဝါဒချမှတ် ချမှတ် နိုင်ငံ့ဝန်ထမ်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေတို့ကို လေးစားလိုက်နာကြရပြီး မိမိတို့အား ပေးအပ်ထားသည့် တာဝန်နှင့် ဝတ္တရားတို့ကို ကျေပွန်စွာ၊ ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ကြရသည်။ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းများ ရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နိုင်ငံတော် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရသည်။ ပါတီနိုင်ငံရေး ကင်းရှင်းရန် ချမှတ်ထားသည့် စည်းကမ်းများကိုလည်း လိုက်နာကြရသည်။ ဝန်ထမ်းများ စည်းကမ်းလိုက်နာခြင်း၊ ကျင့်ဝတ်စောင့်ထိန်းခြင်း၊ တာဝန်ထမ်းဆောင်ခြင်းတို့မှာ တက်လာသည့်အစိုးရတို့၏ မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရခြင်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ကိစ္စရပ်များကို သက်ဆိုင်ရာတို့က ဖြေရှင်းပေးရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ခြင်းကို အကြောင်းပြု၍ တပ်မတော် ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာခဲ့ရပြီးသည့်နောက် ပြင်ပမှ လှုံ့ဆော်မှုများနောက်သို့ ဝန်ထမ်းအစိတ်အပိုင်းအချို့ လိုက်ပါသွားခဲ့ကြသည်။ အချို့က စိတ်ခံစားမှုကြောင့်၊ အချို့က ဆွဲဆောင်စည်းရုံးမှုများကို ယုံကြည်မှုကြောင့်၊ အချို့က ဖိအားများကို စိုးရိမ်ကြောက်ရွံ့မှုကြောင့်၊ အချို့က ကိုယ်တိုင်သိနားလည်မှုမရှိဘဲ သူတစ်ပါးတိုက်တွန်းမှုကြောင့် စသည်ဖြင့် နိုင်ငံ့ဝန်ထမ်းတာဝန်များကို ငြင်းဆန်စွန့်ပစ်သည့် လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး အကြိုကာလ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအစိုးရလက်ထက်မှသည် မျက်မှောက်ခေတ်အထိ ခေတ်သစ်မြန်မာ့သမိုင်းတွင် နိုင်ငံ့ဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံ အလုပ်သမားများ၊ ကျောင်းသားများ၊ ရဟန်းသံဃာများတို့၏ လောကအသီးသီးသို့ လက်ဝဲလက်ယာနိုင်ငံရေးသမားများ ထိုးဖောက်ဝင်ရောက်မွှေနှောက်ကာ နိုင်ငံတုန်လှုပ်ချောက်ချားရေး၊ တည်ဆဲအစိုးရ ဘေးကျပ် နံကျပ်ဖြစ်ကာ ပြုတ်ကျရေးအတွက် ဝန်ထမ်း၊ အလုပ်သမား၊ ကျောင်းသား၊ ဘုန်းကြီးတို့ကို အသုံးချလေ့ရှိသည်ကို ပြန်လည်လေ့လာကြည့်ပါက တွေ့ရှိနိုင်မည်ဖြစ်သည်။

ပုံမှန်အားဖြင့် နိုင်ငံ့ဝန်ထမ်းများ ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် နိုင်ငံရေးပင် ဖြစ်သည်။ ရွေးကောက်ပွဲကာလတွင် ရောင်စုံပါတီများထဲမှ မိမိနှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကို မဲပေးခြင်းသည် မိမိ၏ နိုင်ငံသားအခွင့်အရေး ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့်အတိုင်း အစိုးရအမှုထမ်းအရာထမ်းဟူသည် ကိုယ့်ဝတ္တရားကိုယ် ကျေပွန်အောင် ထမ်းဖို့သာဖြစ်ပြီး ဟိုလူကို ကြောက်သလိုလို၊ ဒီလူကို ကြောက်သလိုလို၊ ဟိုလူ့ကို မျက်နှာချိုသွေးချင်သလိုလို၊ ဒီလူ့ကို မျက်နှာချိုသွေးချင်သလိုလိုလုပ်ရန် မဟုတ်ဆိုသည်ကို စွဲမြဲစွာ မှတ်သားကျင့်သုံးကြရန်သာ တိုက်တွန်းလိုပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်ထွန်းအေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဌေးအောင်<br>ဒုတိယပါမောက္ခချုပ်<br>လှိုင်ကော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လှိုင်ကော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ထွန်းအောင်<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာ မြတ်ဝဏ္ဏစိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

## နေ့အပူချိန်များ တိုးလာနိုင်

နေပြည်တော် ဧပြီ ၂၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေ့အပူချိန်များ တိုးလာနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

**○ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

**❑ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ Global Climate Change ၏ အကျိုးဆက်များဖြစ်သည့် မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်မှုများကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်းပဋိပက္ခအချို့ကြောင့် ဆင်းရဲနွမ်းပါးမှုများနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများကလည်း ဆက်စပ်နေ၊ လူမှုစီးပွားရေးဘဝအကျပ်အတည်းများမှတစ်ဆင့် ကလေးအလုပ်သမား၊ လူငယ်၊ လူရွယ် အလုပ်သမားများသည် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ရွေးချယ်နိုင်မှုမရှိဘဲ ကလေးအလုပ်သမားအဖြစ် အသုံးပြုခံနေရမှုများကို ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဝမ်းနည်းဖွယ်ကြုံတွေ့နေရ**

❊ ရွှေဖုံးမှ

ရန်ကုန်မြို့တော်ဝန်နှင့် မန္တလေးမြို့တော်ဝန်၊ လုပ်ငန်းကော်မတီ (၈)ရပ်ဆိုင်ရာ ဒုတိယဝန်ကြီးများ၊ အမျိုးသားကော်မတီအတွင်းရေးမှူးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တောင်သူလယ်သမားစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသည့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပူးပေါင်းညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ကလေးအလုပ်သမားပပျောက်ရေးသည် မျက်မှောက်ခေတ်၏ Global Issue တစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပြည်သူလူထုထံပြောကြားသည့်မိန့်ခွန်းထဲတွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူခဲ့သည့်အချိန်မှစပြီး နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများ၊ အလုပ်သမားရေးရာနှင့် ဆက်စပ်သည့် လုပ်ငန်းစီမံချက်များကို အရှိန်အဟုန်မပျက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်ပြီး တည်ဆဲဥပဒေများနှင့် အညီဆောင်ရွက်သွားမည်ဖြစ်သဖြင့် မည်သည့်ထိခိုက်မှုမှ ရှိမည်မဟုတ်ကြောင်း ထည့်သွင်းပြောကြားထားပြီးဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကာလအတွင်း တာဝန်ယူခဲ့သည့် ယခင်အစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာနေသည့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး မိမိတို့အနေဖြင့် တိုင်းပြည်နှင့် ပြည်သူ့အတွက် လက်တွေ့အကျိုးရှိမည်ဆိုပါက မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များကို ထိရောက်အောင်မြင်စေရန် သွက်သွက်လက်လက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်သည် အလုပ်သမားများ၏ လူမှုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရသည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများက မဖြစ်မနေညှိနှိုင်းစီမံဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

**တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များ**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ ၂၀၁၇ ခုနှစ် စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးသူငယ် (၂၁၈) သန်း အလုပ်လုပ်ကိုင်လျက်ရှိရာ ကျား (၈၈) သန်းနှင့် မ (၆၄) သန်း စုစုပေါင်း (၁၅၂) သန်းခန့်သည် ကလေးအလုပ်သမားများ ဖြစ်နေသည်ကိုတွေ့ရပြီး ထိုအထဲတွင်(၇၃) သန်းခန့်သည် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများဖြစ်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကမ္ဘာပေါ်ရှိ ကလေးအလုပ်သမား (၁၅၂) သန်းအနက်မှ အာဖရိကနိုင်ငံများတွင် ၇၂ ဒသမ ၁ သန်း၊ အာရှပစိဖိတ်နိုင်ငံများတွင် ၆၂ ဒသမ ၁ သန်း၊ အမေရိကားနိုင်ငံများတွင် ၁၀ ဒသမ ၇ သန်း၊ အာရပ်နိုင်ငံများတွင် ၁ ဒသမ ၂ သန်း၊ ဥရောပနိုင်ငံနှင့် အာရှအလယ်ပိုင်းဒေသတို့တွင် ၅ ဒသမ ၅ သန်းတို့ ရှိနေသည်ကို ကမ္ဘာ့စစ်တမ်းများအရ လေ့လာသိရှိရကြောင်း၊ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လူငယ်ရေးရာမူဝါဒအစီရင်ခံစာအရ ကမ္ဘာပေါ်တွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်း တစ်ဘီလီယံခန့်ရှိခြင်းကြောင့် ကမ္ဘာ့လူငယ်၊ လူရွယ်ထု၏အခြေအနေသည် ဒေသတွင်းနိုင်ငံများနှင့် လူမှုအဖွဲ့အစည်းများအကြားတွင် စီးပွားရေး၊ လူမှုရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုကွာဟမှုများနှင့် မတူကွဲပြားမှုများ ကြုံတွေ့နေရသည်ကို တွေ့ရှိရကြောင်း၊ လူငယ်များနှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ဖန်တီးရာတွင် အလွန်အရေးကြီးသည့်အတွက် လူငယ်များနှင့်ကလေးများသည် နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်ကြောင်း။

ဒေသတွင်းဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကုန်ထုတ်စွမ်းအားကို အထောက်အကူဖြစ်စေမည့် လူငယ်လူရွယ်နှင့် ကလေးများကို အလုပ်သမားအဖြစ် အသုံးပြုမှုများရှိနေပြီး အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်၍ စိန်ခေါ်မှုများကြုံတွေ့နေရသည့် နိုင်ငံအများစုတွင် ကလေးအလုပ်သမားများကို လုပ်ငန်းခွင်များတွင် ပိုမိုအသုံးပြုနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများသည် ကလေးအလုပ်သမားအသုံးပြုရသည့် အဓိကအခြေခံအကြောင်းအရင်းများနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ Global Climate Change ၏ အကျိုးဆက်များဖြစ်သည့် မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်မှုများကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်းပဋိပက္ခအချို့ကြောင့် ဆင်းရဲနွမ်းပါးမှုများနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများကလည်း ဆက်စပ်နေကြောင်း၊ လူမှုစီးပွားရေးဘဝ အကျပ်အတည်းများမှတစ်ဆင့် ကလေးအလုပ်သမား၊ လူငယ်၊ လူရွယ် အလုပ်သမားများသည် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ရွေးချယ်နိုင်မှုမရှိဘဲ ကလေးအလုပ်သမားအဖြစ် အသုံးပြုခံနေရမှုများကို ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဝမ်းနည်းဖွယ်ကြုံတွေ့နေရကြောင်း။

**စဉ်ဆက်မပြတ် အလေးထား**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစီမံကိန်းကို ကဏ္ဍပေါင်းစုံစဉ်းစားပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၊ ဝန်ကြီးဌာနများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများ၊ NGOs, INGOs များမှ စဉ်ဆက်မပြတ် အလေးထား အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ ကလေးအလုပ်သမားအများစုသည် ဆင်းရဲနွမ်းပါးမှု၊ ပညာသင်ယူခွင့် အားနည်းမှုနှင့် မိသားစုအားထောက်ပံ့ရန်အတွက် အိမ်တွင်းအလုပ်သမား၊ ပင်လယ်စာလုပ်ငန်း၊ အထည်ချုပ်နှင့် ခြေအိတ်စက်ရုံများအပါအဝင် ရရာအလုပ်များကို မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်နေကြရကြောင်း။

**ပြန်လည်ဖွဲ့စည်း အကောင်အထည်ဖော်**

ကလေးများသည် ဝင်ငွေရအလုပ်အကိုင်များကို မဖြစ်မနေလုပ်ကိုင်ရန် ဖိအားများ ကြုံတွေ့နေရပြီး များသောအားဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍများတွင် ကလေးအလုပ်သမားများအဖြစ် ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းခွင်များမှ ကလေးများကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် အမျိုးသားအဆင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၈ ခုနှစ်ကတည်းက အဖွဲ့ဝင် (၃၇) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အမျိုးသားကော်မတီ၏ အစည်းအဝေးများကို (၃)ကြိမ်ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အတည်ပြုခဲ့ပြီး လုပ်ငန်းကော်မတီ (၈) ရပ်ဖွဲ့စည်းကာ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူသည့်အချိန်မှစ၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးကိစ္စများကို အရှိန်အဟုန်မပျက်ထိရောက်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်ကာအဖွဲ့ဝင် (၃၉) ဦးဖြင့် ပြန်လည်ဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဦးစားပေးဆောင်ရွက်ရမည်ဖြစ်**

မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းနှင့် မိသားစုစားဝတ်နေရေးကိစ္စများအတွက် ဝင်ငွေရှာဖွေနိုင်မှုဦးရေ နည်းပါးခြင်းသည် ကလေးအလုပ်သမားများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ ဖြစ်ခြင်းကြောင့် ကလေးအလုပ်သမား လျော့နည်းပပျောက်ရန်အတွက် ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် နိုင်ငံတကာမှ ထောက်ပြမှုများရှိနေသော်လည်း နိုင်ငံ၏ တတ်စွမ်းနိုင်သရွေ့လုပ်အားများနှင့် ကလေးအလုပ်သမားအရေးကိစ္စကို ထိရောက်စွာ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးတောင့်တင်းသောနိုင်ငံကြီးများက (Generalized System of Preferences– GSP) ခေါ် ကုန်သွယ်မှုအထူးအခွင့်အရေးပေးသည့်ကိစ္စရပ်များတွင် Child Labour Issue သည် အတိုင်းအတာတစ်ခုအထိ ရိုက်ခတ်မှုရှိသကဲ့သို့ ကုန်သွယ်မှု အထူးအခွင့်အရေးသည် နိုင်ငံတော်အတွက် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ထိရောက်သည့် အထောက်အပံ့တစ်ခုလည်းဖြစ်ကြောင်း၊ ကလေးအလုပ်သမားလျှော့ချရေးအတွက် လုပ်ဆောင်ရာတွင် ကလေးများကို လုပ်ငန်းခွင်မှ ရှာဖွေဖော်ထုတ်ဖယ်ရှားပစ်ရုံသက်သက်ဖြင့် ကလေးအလုပ်သမားများပပျောက်ရန် မဖြစ်နိုင်သောကြောင့် ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ကျောင်းနေအရွယ်ကလေးအားလုံး အခမဲ့ကျောင်းတက်နိုင်ရေး၊ ကလေးသူငယ်များအား ကူညီစောင့်ရှောက်ပေးမည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုအားကောင်းလာရေး၊ မိသားစုအလိုက် ဝင်ငွေတိုးတက်ရရှိခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို ဟန်ချက်ညီညီ လုပ်ဆောင်နိုင်မှသာ အရွယ်မရောက်သေးသည့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကလေးသူငယ်များကို လုပ်ငန်းခွင်အတွင်းမှ လျော့ပါးသွားစေနိုင်မည်ဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်**

ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီများကို အတည်ပြုပြီး လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လျာထားပြီး အလေးထားဆောင်ရွက်သွားရန် ပြောကြားလိုကြောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ကာလတို ပထမ ၅ နှစ် စီမံကိန်းပါဦးစားပေးနယ်ပယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ကလေးများအတွက် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ၎င်းတို့၏ မိသားစုအခြေအနေ၊ ဆင်းရဲနွမ်းပါးမှုအခြေအနေများကို ထည့်သွင်းစဉ်းစားပြီး မိမိတို့ဒေသအတွင်း ကလေးအလုပ်သမားပပျောက်ရေးအတွက် စတင်လုပ်ဆောင်နိုင်သည့်လုပ်ငန်းများကို ဦးစားပေးသတ်မှတ်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း။

**ဝိုင်းဝန်းညှိနှိုင်းပူးပေါင်း**

လက်ရှိမြန်မာနိုင်ငံ ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများကို အဘက်ဘက်မှ ချိန်ထိုးသုံးသပ်ပြီး အကောင်းဆုံးဆောင်ရွက်နိုင်ရန် မျှော်မှန်းကာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယနေ့တက်ရောက်လာကြသည့် အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ကလေးအလုပ်သမားပပျောက်ရေးတွင် လက်တွေ့အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအားလုံးအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အထိရောက်ဆုံး အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အပြုသဘောဆောင်သည့် နည်းလမ်းများနှင့် ဝိုင်းဝန်းညှိနှိုင်းပူးပေါင်းကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၂)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ကော်မတီအတွင်းရေးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ အမျိုးသားကော်မတီ ပြန်လည်ဖွဲ့စည်းမှု၊ လုပ်ငန်းကော်မတီ (၈)ခုနှင့် အတွင်းရေးမှူးအဖွဲ့ ပြန်လည်ဖွဲ့စည်းရန်လျာထားမှုအခြေအနေများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက လုပ်ငန်းကော်မတီ (၈) ရပ်၏ အသေးစိတ်လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက စတုတ္ထအကြိမ် အစည်းအဝေးတွင် ဆုံးဖြတ်ရန်အချက် (၈)ချက်ကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးဆုံးဖြတ်ချက်များ၊ အမျိုးသားကော်မတီ၏ လုပ်ငန်းကော်မတီနှင့် အတွင်းရေးမှူးအဖွဲ့ ပြန်လည်ဖွဲ့စည်းမှု အမိန့်ကြော်ငြာစာ(မူကြမ်း)များအား အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နေပြည်တော်ကို ခရီးသွားဧည့်သည်များလာရောက်သည့် ဗဟိုပြုနေရာဖြစ်အောင် အစီအမံများ ချမှတ်ဆောင်ရွက်နေ

**နေပြည်တော် ဧပြီ ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရီးသွား ဆွဲဆောင်မှုရှိသော နေရာများနှင့် ဟိုတယ်များ ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းနှင့် အညီ ဖွင့်လှစ်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကျေးရွာလူနေမှုဘဝ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာရှိ ရှေးဟောင်း စေတီတော်များသို့ သွားရောက်ပြီး ညောင်ပင်ကြီးစု သိမ်ကျောင်းမှ သက်တော် (၈၄) နှစ်၊ ဝါတော် (၆၂) ဝါရှိသော ဆရာတော် အရှင်စက္ကိန္ဒအား ဖူးမြော်၍ အလှူငွေ ဆက်ကပ်လှူဒါန်းသည်။ အဆိုပါ ညောင်ပင်ကြီးစုကျေးရွာရှိ ရှေးဟောင်း စေတီတော်ဝင်း၌ စေတီပေါင်း ၃၄ ဆူ၊ ထိုင်တော်မူဘုရား ၁၄ ဆူအား ပျူခေတ်ရှေးမူ လက်ရာမပျက် ပူဇော်ထားရှိသည့်အပြင် သာသနိက အဆောက်အအုံများ၊ ရှေးဟောင်းသလွန်နှင့် စာချွန်တော်ဘူးများအား လေ့လာနိုင်ပြီး ဘုရားသွားရာ ခရီးလမ်းတစ်လျှောက်ရှိ အလှအပရှုခင်းများ၊ ကျေးရွာလူထု၏ လူနေမှုဘဝများကိုလည်း လေ့လာနိုင်မည်ဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ ဘုရားဖူးအပန်းဖြေ လာရောက်လည်ပတ်နိုင်ရန်အတွက် သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ဆောင်ရွက်ထားရှိရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိသည့် ဟိုတယ်များကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ဟိုတယ်ဆိုင်ရာကိစ္စရပ်များနှင့် ဧည့်သည်များကို ဝန်ဆောင်မှုပေးနေသည့် အခြေအနေများ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နေပြည်တော်သည် အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည့်အတွက် လုပ်ငန်း ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ဂရုပြုရန်လိုအပ်ပါကြောင်း။

**ကောင်းမွန်သောဝန်ဆောင်မှု**

ယခုအခါတွင် အိမ်နီးချင်းနိုင်ငံအချို့၌ မျိုးရိုးဗီဇပြောင်းလဲသည့် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိနေရသည့်အတွက် လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များကို ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ အသိအမြင်များသိရှိရေး ကြိုတင်စီမံဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ဟိုတယ်တွင် တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးအတွက် ပြီးစီးမှုနှင့် ထိုးနှံရန်ကျန်ရှိသူများကို အမြန်ဆုံးထိုးနှံနိုင်ရေး ဆောင်ရွက်သွားရန်၊ နေပြည်တော်ကို ခရီးသွားဧည့်သည်များ များပြားစွာ လာရောက်တည်းခိုနိုင်ရေးအတွက် ခရီးသွားမြှင့်တင်မှုအနေဖြင့် ဟိုတယ်ခန်းထားများကို မျှတအောင် ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဧည့်သည်များကို ပိုမိုကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ကန်သာ Resort သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား နေပြည်တော်ကို ခရီးသွားဧည့်သည်များ လာရောက်သည့် ဗဟိုပြုနေရာဖြစ်အောင် အစီအမံများ ချမှတ်ဆောင်ရွက်နေပါကြောင်းနှင့် လုပ်ငန်းများဆက်လက်တိုးချဲ့မည့် အစီအစဉ်များနှင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရေးအတွက် မှာကြားသည်။

ယင်းနောက် ငလိုက်ကန်သာ Resort မှ ငလိုက်ဆည်အတွင်း အပျော်စီးလှေဖြင့် ပတ်ဝန်းကျင်ရှုခင်းအလှအပများကို ကြည့်ရှုပြီး ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၂၁၇) မိုင်အနီးရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ငလိုက်စခန်းသာ ဆင်စခန်းသို့ ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ဆင်စခန်း မကြာမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသပြီး ဆင်ပြတိုက်သို့ သွားရောက်ကြည့်ရှုကာ**(အပေါ်ပုံ)** ဆင်များ ဆင်ဖြည့်စွက်စာ ကျွေးမွေးခြင်းနှင့် ဆင်ကပြဖျော်ဖြေမှုများကို ကြည့်ရှု၍ ရွက်အုပ်ဖြတ်လျှောက် သစ်သားတံတားပေါ်သို့ တက်ရောက်ကြည့်ရှုသည်။

အဆိုပါ ဆင်စခန်းသည် ၅၃၈ ဧက ကျယ်ဝန်းကာ ဆင်ကောင်ရေ ၁၉ ကောင်ရှိပြီး တံတားအရှည် ၃၂၇ ပေ အရှည်ရှိသည့် ရွက်အုပ်ဖြတ်လျှောက် သစ်သားတံတားနှင့် အရှည် ၄၈၁၇ ပေရှိသည့် တောတွင်း ဖြတ်လျှောက်လမ်းများ ပါရှိကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်းပညာကို အနီးကပ်လေ့လာ ဆည်းပူးခွင့်ရခြင်းနှင့် ဆင်စီး၍ တောတောင်သဘာဝလေ့လာခွင့် ရရှိခံစားနိုင်မည်ဖြစ်၍ ခရီးသွားဧည့်သည်များ လာရောက် အပန်းဖြေ အနားယူနိုင်သည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်သည်။

**ခရီးစဉ်ဒေသအသစ်များ**

ပြည်ထောင်စု နယ်မြေ နေပြည်တော်ကောင်စီ နယ်မြေအတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ လည်ပတ်နိုင်ရန် ဥပ္ပါတသန္တိဘုရားကြီး၊ တိမ်ပင်လယ် ဝေသာလီကျေးရွာ၊ မြသီတာကျေးရွာ ခုနစ်ဆင့်ရေတံခွန်အပါအဝင် ခရီးသွားဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသ ၂၉ ခုရှိပြီး ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၉၁ လုံး ဖွင့်လှစ်ထားရှိကာ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက် လည်ပတ်ရာတွင် ရွေးချယ်လည်ပတ်စရာနေရာများ ပိုမိုရရှိစေရန်အတွက် ခရီးစဉ်ဒေသအသစ်များကိုလည်း ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၂၁** – နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၂ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

# မြို့ပြနှင့်ကျေးလက် ကွာဟမှုလျှော့ချရန်လိုအပ်

တစ်နိုင်ငံလုံး လူမှုစီးပွားဘဝ မြင့်တက်လာစေရေးအတွက် ဆင်းရဲချမ်းသာ ကွာဟမှုလျှော့ချရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှုညီမျှအောင်ဆောင်ရွက်ရန်၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုလျှော့ချရန်လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အဓိကလိုအပ်ချက် ၄ ချက်ရှိကြောင်း၊ ၎င်းတို့မှာ လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရေးနှင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေရေးတို့ ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ နောက်ထပ်လှိုင်းတစ်ခုအဖြစ် ပေါ်ပေါက်မလာစေရေး အထူးသတိပြုဆောင်ရွက်

နေပြည်တော် ဧပြီ ၂၁

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးအမှတ် (၄၇) ၌ ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်-၁၉ ရောဂါသည် လက်ရှိ ကမ္ဘာတစ်ဝန်းတွင် ဆက်လက် ဖြစ်ပွားလျက်ရှိပြီး အိမ်နီးချင်း နိုင်ငံများတွင်လည်း လတ်တလောဖြစ်ပွားမှု များပြားလျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပွားရာ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇပြောင်းလဲမှုများလည်း တွေ့ရှိနေရသဖြင့် အဆိုပါ ဗီဇပြောင်း ရောဂါပိုးများ မိမိတို့နိုင်ငံသို့ ရောက်ရှိကူးစက်ပြန့်ပွားမှုများမဖြစ်ပေါ်စေရေးနှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ နောက်ထပ် လှိုင်းတစ်ခုအဖြစ် ပေါ်ပေါက်မလာစေရေး အထူးသတိပြုဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**တစ်သဝေမတိမ်းလိုက်နာ**

မြန်မာနိုင်ငံ၌ လက်ရှိအခြေအနေတွင် ဓာတ်ခွဲနမူနာစစ်ဆေးနိုင်မှုအပေါ် တွက်ချက်မှုအရ ရောဂါတွေ့ရှိမှုနှုန်း ၁ ရာခိုင်နှုန်းနှင့် ၂ ရာခိုင်နှုန်းအကြားသာ တွေ့ရှိနေရသော်လည်း မိမိတို့အနေဖြင့် ပေါ့ဆ၍မရပါကြောင်း၊ ဓာတ်ခွဲနမူနာ စစ်ဆေးနိုင်မှု လျော့နည်းနေပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သော နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် ခရီးသွားလာမှုနှင့် အချို့သော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခဲ့ပါကြောင်း၊ သို့ရာတွင် လူတစ်ဦးချင်းအနေဖြင့် ဆောင်ရွက်ရမည့် ကာကွယ်ရေးနည်းလမ်းများကို မပျက်မကွက် ဆက်လက်ဆောင်ရွက်ကြရန် စဉ်ဆက်မပြတ် တိုက်တွန်းခဲ့ပါကြောင်း၊ ထိုသို့ ခရီးသွားလာမှုများကို ဖြေလျှော့ပေးခဲ့ရသော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်သောအချက်များကို သက်ဆိုင်သူများ၊ လုပ်ငန်းများအနေဖြင့် တစ်သဝေမတိမ်း လိုက်နာကြရန် စည်းကမ်းကြပ်မတ် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**ကူးစက်မှုများပြားလာနိုင်**

လက်ရှိကျင့်သုံးလျက်ရှိသော ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းစနစ်များကိုလည်း လက်ရှိ အခြေအနေနှင့် ယှဉ်တွဲ၍ ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ရောဂါထိန်းချုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ လုံလောက်စွာ ရှိသည့်အတွက် ဓာတ်ခွဲနမူနာစစ်ဆေးမှု တိုးမြှင့်ဆောင်ရွက်နိုင်စေရန် ဆွေးနွေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဓာတ်ခွဲနမူနာစစ်ဆေးခြင်းအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအပါအဝင် အခြားပုဂ္ဂလိက ကျန်းမာရေးဓာတ်ခွဲခန်းများတွင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲနမူနာရယူနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ခရီးသွားလာမှုများမှ ကူးစက်မှုများပြားလာနိုင်သဖြင့် ရောဂါဖြစ်ပွားမှုအခြေအနေအပေါ်မူတည်၍ ဒေသအလိုက်သော် လည်းကောင်း ရောဂါရှိ/မရှိ စစ်ဆေးရန် လိုအပ်လာနိုင်သည် ဖြစ်ပါကြောင်း။

ထို့ပြင် အိမ်နီးချင်းနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုမြင့်တက်နေသဖြင့် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များတွင် ပိုမိုဂရုပြုရမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်ထိစပ်လျက်ရှိသော နယ်စပ်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ဓာတ်ခွဲစစ်ဆေးခြင်း၊ အသွားအလာကန့်သတ်၍ သီးခြားခွဲခြားထားရှိခြင်းစသည်တို့ကို အဆိုပါနယ်စပ်ဝင်ပေါက်များတွင် လိုအပ်သလိုအားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နယ်စပ်ဝင်ပေါက်များမှ နေရပ်ပြန်သူများကိုလည်း လမ်းခရီးတစ်လျှောက်တွင် မိမိတို့ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လိုက်နာရန်အချက်များကို တိကျစွာ လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

အထူးသဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ဒုတိယလှိုင်းအဖြစ် ကူးစက်ပျံ့နှံ့ခဲ့သဖြင့် ယင်းသို့ ထပ်မံမဖြစ်ပွားစေရန် အထူးအလေးပေး အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူများပင်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း ဝတ်ဆင်ခြင်း အစရှိသော တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်အလေးပေး ဆောင်ရွက်ရန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကုန်စည်ပို့ဆောင် ဆက်သွယ်ရေးတွင် ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းပို့စနစ်ကို နိုင်ငံ့စီးပွားရေး ကဏ္ဍမထိခိုက်စေဘဲ ကျန်းမာရေးကဏ္ဍတွင်လည်း အဆင်ပြေစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဖြေလျှော့မှုများကြားတွင် စည်းမျဉ်းစည်းကမ်းများကို မလိုက်နာပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**အဘက်ဘက်မှ ကြိုတင်ပြင်ဆင်**

ဓာတ်ခွဲနမူနာများ မည်သို့ယူမည်ကို ကြိုတင်ပြင်ဆင်ဆွေးနွေး ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ကျန်းမာရေးဝန်ထမ်းများမှ ကြီးကြပ်တာဝန်ပေးသော ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်/ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆေးရုံများတွင်လည်း လိုအပ်ချက်များ၊ ကြိုတင်ပြင်ဆင်ထားရှိရန် အချက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုတို့ကိုဆန်းစစ်၍ အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာတိုးသီရိအောင်က ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ လက်ရှိဖြစ်ပွားနေမှုနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ လက်ရှိဖြစ်ပွားနေမှု အခြေအနေများ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်) ဒေါက်တာဥာဏ်ဝင်းမြင့်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များတွင် ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမိုးခိုင် (ကုသရေး)က ကုသရေးဦးစီးဌာနမှ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် လက်ရှိဆောင်ရွက်နေမှုများ၊ ထုတ်ဝေထားသော စံလုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကိုလည်းကောင်း၊ ကုသရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (ဝယ်/ဖြန့်) ဒေါက်တာ ကျော်စိုးမင်းက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးအတွက် စက်ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (ဝယ်/ဖြန့်) ဒေါက်တာဆွေဇင်ဝင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောဂါ ကာကွယ်ရေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှု အခြေအနေများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး အသိပညာ မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့်သူများက ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# မြန်မာ့တပ်မတော်၏ ဂုဏ်ကိုမြှင့်တင်ပေးခဲ့သော ချင်းတိုင်းရင်းသား ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း

**ကြည်သော်ဇင်**

တစ်ခေတ်တစ်ခါ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းစဉ် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်ထောင်စုကြီးမပြိုကွဲရန် အစိုးရနှင့်တပ်မတော်တို့က ကြိုးပမ်းနေကြစဉ်တွင် မိမိအသက်ကို မငဲ့ကွက်ဘဲ ကျရာတာဝန်ကို ရဲစွမ်းသတ္တိနှင့်ပြည့်စုံစွာ ထမ်းဆောင်ခဲ့သည့် ချင်းတိုင်းရင်းသားတစ်ဦး၊ အငြိမ်းစားယူသွားခဲ့ပြီးနောက် နိစ္စဓူဝ ပေါက်တူး၊ ပေါက်ပြားကိုင်ကာ ဇာတိမြေတောင်ပေါ်တစ်နေရာတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသော်လည်း နိုင်ငံအတွက် အရေးကြုံလာပါက သေနတ်ကိုဆွဲ၍ စစ်မြေပြင်သို့သွားရန် အသင့်ရှိနေတတ်သူတစ်ဦး၏ဘဝကို ပုံဖော်ထားသည့် စာအုပ်တစ်အုပ်ကို မိတ်ဆက်ပေးလိုပါသည်။

ထိုစာအုပ်ကား ဗိုလ်ကြီး အောင်ဆန်းသူရိယ တိုက်ချွန်းစာအုပ် ဖြစ်ပါသည်။ ရေးသားထားသည့် အကြောင်းအရာမှာ ချင်းတိုင်းရင်းသား ဗိုလ်ကြီး အောင်ဆန်းသူရိယ တိုက်ချွန်း၏ တိုက်ပွဲအတွေ့အကြုံများ၊ ၎င်း၏ အတ္ထုပ္ပတ္တိပင်ဖြစ်ပါသည်။







### ဦးလည်မသုန်ထမ်းရွက်

ဗိုလ်ကြီး အောင်ဆန်းသူရိယတိုက်ချွန်းက **"အမှန်ဆိုလျှင် တိုင်းပြည်အတွက် စွန့်စားလှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် မည်သည့် ဆုလာဘ်ကိုမျှ ကျွန်တော် မမျှော်ကိုးခဲ့ပါ။ အထက်က ပေးအပ်သော အမိန့်ကို ကျွန်တော် တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ပါသည်။ သို့နှင့် ရရှိလာသောအောင်မြင်မှု အတိုင်းအတာအလိုက် ဤဆုများ၊ ဘွဲ့များကို တိုင်းပြည်က ကျွန်တော့်အား ချီးမြှင့်သည်ဟု ခံယူမိပါသည်"** ဟု အမှာစာတွင် ရေးသားထားရာ ယင်းမှာ တပ်မတော်သားတိုင်း သစ္စာလေးချက် ဦးထိပ်ရွက်ပြီး ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို ဦးလည်မသုန် ထမ်းရွက်တတ်သည့် စိတ်ဓာတ်ကို ကိုယ်စားပြုဖော်ပြထားသကဲ့သို့ ဖြစ်ပါသည်။

ထို့ပြင် ၎င်းက **"ယနေ့ မြန်မာလူငယ်များသည် အမိနိုင်ငံကို ကာကွယ်ရန်အတွက် တာဝန်အရှိဆုံး အပိုင်းတွင် ရပ်တည်နေကြသည်ကို မမေ့ကြပါနှင့်"** ဟု တိုက်တွန်းရေးသားထားသည်မှာ အနာဂတ်ကို ပိုင်စိုးသော လူငယ်များအပေါ် အားကိုးအားထားပြုသော မျိုးချစ်စိတ်ဓာတ်ကြီးမားသူတို့၏ သဘောကို ထင်ဟပ်နေပါသည်။

တိုက်ချွန်းသည် ရဲရင့်၏။ သန်မာဖျတ်လတ်၏။ တစ်ဖက်ရန်သူအင်အား ဘယ်လောက်များများ ကိုယ်ပိုင်အသိဉာဏ်၊ စစ်ပရိယာယ်အမျိုးမျိုးဖြင့် ဖြေရှင်းဖောက်ထွက် အနိုင်ယူတတ်၏။ ဗိုလ်ကြီး တိုက်ချွန်းအကြောင်းကို စာရေးဆရာ တက္ကသိုလ်စိန်တင်က တွေ့ဆုံမေးမြန်း၍ ဖတ်ချင့်စဖွယ် ပြန်လည်ရေးသားထားသည့် စာအုပ်ပင်ဖြစ်ပါသည်။ စာအုပ်မိတ်ဆက်တွင် စာရေးဆရာ တက္ကသိုလ်စိန်တင်က ...

### ဂုဏ်ယူစံထားဖွယ်

" 'မင်းရဲကျော်စွာ၊ တပင်ရွှေထီးပုံညီ၊ ဘုရင့်နောင်မှာ အလောင်းဘုရားတို့သည်..' ဟု စစ်ချီတေးသီချင်းတစ်ပုဒ်က ဆိုပါသည်။ မြန်မာတိုင်းရင်းသားတို့သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံကြသော သူရဲကောင်းများဖြစ်ကြောင်းကို သည်သီချင်းက အဓိပ္ပာယ်ဖော်ပြလိုဟန်ရှိပါသည်။ မြန်မာတိုင်းရင်းသားများဖြစ်ကြသော မင်းရဲကျော်စွာ၊ တပင်ရွှေထီး၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့သည် နိုင်ငံ့အရေးကြုံခဲ့စဉ်က သက်လုံကောင်းစွာ စွန့်စားခဲ့ကြသည်ကိုလည်း သီချင်းက ဖော်ထုတ်ဂုဏ်ယူလိုဟန်ရှိပါ၏။ မှန်ပါသည်။ ဂုဏ်ယူစံထားဖွယ်ဖြစ်ရပ်များအတွက် အဘယ်ကြောင့် ဂုဏ်မယူနိုင်ရမည်နည်း။

မြန်မာနိုင်ငံတော်သမိုင်းကို အစဉ်အဆက် မပြတ်အောင် ရေးသားပြုစုသွားနိုင်ရန်၊ မြန်မာတို့သည် နိုင်ငံချစ် သူရဲကောင်းများဖြစ်ကြောင်း မော်ကွန်းထိုးသွားနိုင်ရန်၊ မြန်မာတိုင်းရင်းသားတို့သည် မဟုတ်လျှင်မခံ၊ စွမ်းစွမ်းတမံ တိုက်ပွဲဝင်တတ်သော လူမျိုးတစ်မျိုးဖြစ်ကြသည်ကို နောင်းလူတို့ စံနမူနာယူတတ်ကြစေရန် တတ်စွမ်းသမျှ ဖော်ထုတ် ဂုဏ်ပြုကြရမည် မဟုတ်ပါလား" ဟု သမိုင်းဝင် "အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း" အမည်ရှိစာအုပ်ကို ရေးသားပြုစုရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြခဲ့သည်။

လွတ်လပ်ရေးမရမီကာလနှင့် ခါးသီးလှသည့် ပြည်တွင်းစစ်ပွဲကာလများကို ပြဇာတ်တစ်ခုအဖြစ် သဘောထားမည်ဆိုပါက ဇာတ်ခုံပေါ်တွင် သေနတ်တစ်လက်ဖြင့် ခုန်လိုက်၊ ပျံလိုက်၊ ပြေးလိုက်၊ လွှားလိုက်နှင့် လုပ်ကြရသူများအနက် ကိုသက်ပြင်းဟုဆိုရမည့် ဗိုလ်တိုက်ချွန်းလည်း အပါအဝင်ဖြစ်ပါသည်။ ပစ်ရင်းခတ်ရင်း၊ ရှောင်ရင်းတိမ်းရင်းဖြင့် နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကိုသူ ထမ်းဆောင်ရသည်။ ချီရတက်ရ တိုက်ရခိုက်ရနှင့် ပြည်တွင်းစစ် ဇာတ်သဘင်ကြီးတွင် သရုပ်ဆောင်တစ်ဦးဖြစ်ခဲ့ရလေသည်။ ဇာတ်ခုံပေါ်မှ အဖြစ်အပျက်များသာမက ဇာတ်စင်နောက်ကွယ်က အခြေအနေဟု တင်စားရမည့် နိုင်ငံရေးအခြေအနေနှင့် ထိုခေတ်ထိုအခါက အားကျဂုဏ်ယူဖွယ်၊ သနားကရုဏာ သက်ဖွယ်၊ သံဝေဂယူရှောင်ကြဉ်ဖွယ်ရာများကိုလည်း ယခုစာအုပ်က ထိကာ၊ တို့ကာ၊ ဆွဲကာ၊ ငင်ကာဖြင့် ဖော်ပြထားပါသေးသည်။

ယင်းစာအုပ်ကို ၁၉၇၅ ခုနှစ်တွင် ပထမအကြိမ် ရိုက်နှိပ်သည်။ ၂၀၀၃ ခုနှစ်တွင် သတ္တမအကြိမ် ရိုက်နှိပ်သည်။ ၂၈ နှစ်အတွင်း ခုနစ်ကြိမ်မြောက်အထိ ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ခြင်းကိုကြည့်ပါက ထိုစာအုပ်သည် ဆယ်စုနှစ်သုံးစုအထိ စာရှုသူများကို ဆွဲဆောင်ထားနိုင်သည်ဟု ဆိုရပါလိမ့်မည်။ ထိုသို့စာရှုသူများ ကို ဆွဲဆောင်မှုရှိသည့်အရာသည် မည်သည့်အရာဖြစ်သည်ကိုတော့ စာအုပ်ကို ကိုယ်တိုင်ဖတ်ရှုခြင်းဖြင့်သာ အတိအကျ သိမြင်နိုင်မည်ဟု ယူဆပါသည်။

စာအုပ်စတင်ထုတ်ဝေချိန် ၁၉၇၅ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ ဟာရိတ စာအုပ်စင်ကဏ္ဍက စာညွှန်းကလေးကိုလည်းဖတ်ရှုစေလိုပါသည်။ **"ချင်းပြည်နယ် မတူပီမြို့နယ် ဗွေရင်းရွာကလေးမှ အညတရ ချင်းအမျိုးသားလေးတစ်ဦးသည် မြန်မာနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အောင်ဆန်းသူရိယဘွဲ့ကို အသက်ရှင်လျက် ရရှိခဲ့ခြင်းမှာ ကြားရသူများအဖို့ မယုံကြည်နိုင်စရာ သတင်းထူး၊ သတင်းဆန်းတစ်ပုဒ် ဖြစ်ကောင်းဖြစ်နေဖွယ်ရာ ရှိပေသည်။ မြန်မာနိုင်ငံတွင် အောင်ဆန်းသူရိယဘွဲ့ကို ရရှိသူ ခြောက်ဦးရှိသည့်အနက် အသက်ရှင်လျက်ရှိသူ ဗိုလ်ကြီးဟောင်း တိုက်ချွန်းမှအပ ကျန်ငါးဦးစလုံးမှာ တိုက်ပွဲ၌ ကျဆုံးသွားခဲ့ကြသူများဖြစ်သည်။ ဗိုလ်ကြီးဟောင်း တိုက်ချွန်းတစ်ဦးသာလျှင် သေတွင်း ချောက်ကမ်းပါးမှ အံ့သြဖွယ်ရာ လွတ်မြောက်လာခဲ့ပြီး သူ၏ ကလေးဘဝ၊ ကျောင်းသားဘဝ၊ ဗြိတိသျှစစ်တပ်၏ စစ်သားဘဝ၊ ဗမာ့တပ်မတော်၏ တပ်မတော်သားဘဝ စသည့် ဘဝအထွေထွေကို ကာယကံရှင်က အိတ်သွန်ဖာမှောက် မခြွင်းမချန် ပြောပြသည့်အတိုင်း တက္ကသိုလ်စိန်တင်က မှတ်တမ်းတင်ထားခြင်းဖြစ်သည်"** ဟူ၍ ဖော်ပြခဲ့ဖူးပါသည်။

### အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခံရ

ထူးခြားသည်ကား အောင်ဆန်းသူရိယဟူသည့် စွမ်းရည်ဘွဲ့သည် တိုက်ပွဲတစ်နေရာတွင် ထူးခြားပြောင်မြောက်စွာ အသက်ကိုပဓာနမထားဘဲ တိုက်ရည်ခိုက်ရည်အပြည့်ဖြင့် တိုက်ခိုက်ခြင်းကြောင့်ပေးအပ်သည့် ဘွဲ့ဖြစ်သည်မှာ အားလုံးအသိပင်ဖြစ်၏။ အခြားအောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခြင်းခံရသူများသည် တိုက်ပွဲတစ်ခုအတွက်သာ ဖြစ်ပင်ဖြစ်ငြား ဗိုလ်တိုက်ချွန်းအတွက်မူကား အင်းစိန်တိုက်ပွဲကာလများအတွင်း ၁၉၄၉ ခုနှစ် ဧပြီ ၁၀ ရက်တွင် စော်ဘွားကြီးကုန်းတိုက်ပွဲ၊ ၁၆ ရက်တွင် ဦးစက္ကိန်ကျောင်းတိုက်ပွဲနှင့် ၁၈ ရက်တွင် ရန်သူ့ခံကတုတ်ကို ချေမှုန်းတိုက်ခိုက်သည့်အခြေအနေတို့အားလုံးတွင် အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ အမြင့်ဆုံး စွမ်းရည်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခံရခြင်းပင် ဖြစ်ပါသည်။

ကြမ်းတမ်းခက်ခဲလှသည့် ငယ်ဘဝ၊ ပို၍ ပို၍ ကြမ်းတမ်းခက်ခဲလှသည့် စစ်သည်တော်ဘဝကို ဖြတ်သန်းခဲ့ရသည့် ဗိုလ်ကြီးတိုက်ချွန်း၏ စစ်သည်တော်အစကို "ချင်း တောင်တန်းမှသည် အိန္ဒိယပြည်သို့"ဟူသည့် အခန်းတွင် ဖတ်ရှုရသည်။ ဖလမ်းမြို့မှ ကလေးမြို့သို့ ခြေကျင်ခရီး၊ *စာမျက်နှာ ၇ သို့*

**" ဗိုလ်ကြီး အောင်ဆန်းသူရိယတိုက်ချွန်းက "အမှန်ဆိုလျှင် တိုင်းပြည်အတွက် စွန့်စားလှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် မည်သည့်ဆုလာဘ်ကိုမျှ ကျွန်တော် မမျှော်ကိုးခဲ့ပါ။ အထက်က ပေးအပ်သော အမိန့်ကို ကျွန်တော် တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ပါသည်။ သို့နှင့် ရရှိလာသော အောင်မြင်မှု အတိုင်းအတာအလိုက် ဤဆုများ၊ ဘွဲ့များကို တိုင်းပြည်က ကျွန်တော့်အား ချီးမြှင့်သည်ဟု ခံယူမိပါသည်" ဟု အမှာစာတွင် ရေးသားထားရာ ယင်းမှာ တပ်မတော်သားတိုင်း သစ္စာလေးချက် ဦးထိပ်ရွက်ပြီး ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို ဦးလည်မသုန် ထမ်းရွက်တတ်သည့် စိတ်ဓာတ်ကို ကိုယ်စားပြုဖော်ပြထားသကဲ့သို့ ဖြစ် "**

*စာမျက်နှာ ၆ မှ*

ထိုမှ လေ့ဖြင့် မုံရွာ၊ ထိုမှ မီးရထားဖြင့် မန္တလေး ရွှေမြို့တော်ဆီသို့။ တိုက်ချင် ခိုက်ချင် လွန်းလှသည့် တပ်သား တိုက်ချွန်းအဖို့ ဘင်ခရာတီးဝိုင်း ဘင်သမားဘဝ၊ ဘားမား ရိုင်ဖယ်တပ်ရင်း ၅ မှ တပ်သားတိုက်ချွန်း ဘဝတို့ဖြင့် နိပွန်တို့ အောင်ပွဲဆက်လာပြီး အင်္ဂလိပ်တပ်များ အိန္ဒိယသို့ ဆုတ်ခွာရချိန်တွင် တပ်သားတိုက်ချွန်း စစ်ပွဲရည်ဝလာခဲ့ပြီ။ သို့သော် သေမယ့်နှစ်တွင် စစ်ထဲဝင်ရသည့် တပ်သားလေးအဖို့ အင်္ဂလိပ်တို့ ပြေးကြသည့်အခါ **"ကျွန်တော် ရွာပြန်တော့ ဘာလုပ်မလဲ။ ကျွန်တော့်အဖို့ ရွာမှာ သံယောဇဉ်တွယ်တာစရာ ဘယ်သူရှိလို့လဲ ...ဟယ် ယောကျ်ားဘသား၊ သေမြေကြီး၊ ရှင်ရွှေထီးတဲ့၊ အင်္ဂလိပ်စစ်တပ်နှင့်အတူ အိန္ဒိယပြည်လိုက်သွားတာက ကျွန်တော့်အဖို့ အဓိပ္ပာယ်ရှိလိမ့်မည်။ ကျွန်တော်သည် ကိုယ်ပိုင် ဉာဏ်တစ်ပဲသားနှင့် ရဲရဲကြီး ဆုံးဖြတ်လိုက်လေသည်"**ဟူ၍ သူ့ဘဝအချိုးအကွေ့ကို စာရေးဆရာက ပုံဖော်ရေးသားထားသည်။

စစ်ဆင်ရေးပညာရပ်အမျိုးမျိုးကို အိန္ဒိယတွင် အပင်ပန်းခံသင်ယူပြီးနောက် စက်မဲ့လေယာဉ် ဂလိုက်ဒါစီးနင်း၍ အမိမြေသို့ လာရောက်၍ ထောက်လှမ်းရေးတာဝန်များ ထမ်းဆောင်ရသည်။ လေထီးတပ်သားအဖြစ်လည်း မေမြို့သို့ တိတ်တဆိတ် ဆင်းသက်ခဲ့ရသေးသည်။ **"ဂျပန်တွေက မင်းတို့ကိုဖမ်းမိသွားရင် ဘာမေးမေး မပြောနဲ့၊ ဒီဆေးလုံးကလေး သုံးလုံးကိုမျိုချလိုက်၊ ချက်ချင်းသေသွားလိမ့်မယ်"** ဟု သူ့တပ်ရင်းမှူးက ဆိုထားသည်ပဲ။ အဆိပ်ဆေးလုံးများကို ကိုယ်နှင့် မကွာထားရင်း လျှို့ဝှက်ထောက်လှမ်းရေး အတတ်ပညာဖြင့် ဂျပန်တို့၏ အခြေအနေများကို အောင်မြင်စွာ သတင်းပေးပို့နိုင်ခဲ့သည်။ ဤသို့ဖြင့် အင်္ဂလိပ်စစ်တပ်မှ ချီးမြှင့်သည့် Burma Gallantry Medal (ဘီဂျီအမ်ဘွဲ့) စစ်မှုထမ်းကောင်း တံဆိပ်ကြီး ပိုက်ရင်း ရာထူးတိုးသွားခဲ့ပြီဖြစ်သော တပ်ကြပ်ကြီး တိုက်ချွန်း ပြည်တော်ပြန်ခဲ့လေသည်။

ဗမာ့တပ်မတော် ချင်းသနက တပ်ရင်း (၁)သည် တပ်ကြပ်ကြီးတိုက်ချွန်းတို့ တပ်ရင်းဖြစ်ပြီး ပထမဆုံး တာဝန်ကျရာသည် လက်ပံတန်းမြို့၊ ထိုမှသည် ထောက်ကြံ့ ပေါက်ကုန်းရွာတွင် စခန်းချရသည်။ မှတ်မှတ်ရရထိုနေ့တွင် တပ်ရင်းသို့ ဗိုလ်ချုပ်အောင်ဆန်းလာရောက်မည်ဟု ဒုတပ်ရင်းမှူး ဗိုလ်မှူးကပ်ကျောင်းက တပ်ကြပ်ကြီးကို ခေါ်၍ ပြောသည်။ ဗိုလ်ချုပ်လာပါက စနစ်တကျအလေးပြုအောင် ရဲဘော်တွေကို ညွှန်ကြားရမည်။ ခါးပတ်၊ ဖိနပ်စတာတွေ ပြောင်လက်အောင်၊ တပ်ရင်းအဝင်ဝ အမှိုက်တစ်စမျှမရှိအောင် စိတ်ထဲမှ အကွက်ချနေမိသည့် တပ်ကြပ်ကြီးတိုက်ချွန်း။ ထိုစဉ် **"ရဲဘော် .. ရဲဘော်၊ ကျုပ်ဝင်ခဲ့ချင်တယ် .. ကျွန်တော် အတော်ပင်စိတ်ခုသွားသည်။ ဘယ့်နှယ်ဗျာ၊ မြေကြီးမှာ ခြေရာမထင်အောင် လှည်းကျင်းထားသောဝင်းဝ အလယ်၌ သူက ရပ်လို့... မလာနဲ့၊ မလာနဲ့ လမ်းဘေးမှာနေပါ"** ဘယ်သူများဖြစ်မလဲဟု စာရှုသူတို့စိတ်ဝင်စားရော့မည်။ ထိုသူကား ဗိုလ်ချုပ်အောင်ဆန်းဖြစ်၍နေချေပြီ။ သူချစ်ခင်လေးစားသည့် ဗိုလ်ချုပ် အောင်ဆန်းကို မမြင်ဖူးရှာသည့် တပ်ကြပ်တိုက်ချွန်း၏ ထိုစဉ်က ခံစားချက်ကို စာရေးသူက ပုံဖော်ရေးသားထားသည်။

တပ်ခွဲ(၁) တပ်စုတပ်ကြပ်ကြီး တိုက်ချွန်းနှင့် အဖွဲ့သည် ရခိုင်ပြည်နယ် မြေပုံမြို့ တောင်ဘက်တွင် အလံနီများကို ချေမှုန်းခဲ့စဉ်က တပ်စုများနယ်မြေကင်းလှည့်နေစဉ် တပ်ရင်းအတွင်း လူအင်အား ၄၀ ပင်မပြည့် လက်နက်ကောင်းဆို၍ သုံးလက်မ မော်တာတစ်လက်၊ ဝိုင်ယာလက် စက်တစ်လုံး၊ ရိုင်ဖယ်သေနတ်အနည်းငယ်သာရှိနေချိန် အလံနီတို့ကိုလှမ်း၍ကြည့်စဉ် လူအင်အားမှာ ထောင်နှင့်ချီ၍ရှိမည်ကို မှန်ပြောင်းမှ ဒုဗိုလ်တိုက်ချွန်း မြင်ရသည်။ သူနှင့်အတူ ရဲဘော် ၁၂ ယောက်က လက်များကို အပေါ်သို့မြှောက်ထား၊ ကျန်ရဲဘော်များ မြေကျင်းအတွင်းဝပ်၍ သေနတ်များမောင်းတင်ကာ စောင့်ဆိုင်းနေကြသည်။ အ, လိုက်သည့်ရန်သူတို့။ လက်မြှောက်ထားသူများကို ရှေ့တိုးမလာခိုင်းဘဲ သူတို့က တိုး၍လာကြသည်။ တိုက်ချွန်းအကွက်ထဲ တည့်တည့် ဝင်တိုးကြလေ၏။ ပစ်ကွင်းသေချာချိန် "ဂပ်"ဟု တိုက်ချွန်းအော်၍ မြေကျင်းအတွင်း ထိုင်ချလိုက်လေရာ...။

### အံ့သြကုန်နိုင်ဖွယ်

သေနတ်မျိုးစုံ အလက် ၃၀၀ ကျော်၊ ကျဆုံးရန်သူ ၉၀ ကျော်ကိုကြည့်လိုက်၊ တပ်ရင်းက ရဲဘော်တွေ မှဲ့တစ်ပေါက်မစွန်းသည်ကို ကြည့်လိုက်ဖြင့် တပ်မှူးများ အံ့သြကုန်နိုင်ဖွယ်ပင်။ လွတ်လပ်ရေးရတော့ ရန်ကုန်မြို့မှတ်တမ်းရုံးတွင် တပ်ထိန်းတပ်ကြပ်ကြီးဖြစ်လာသည့် တိုက်ချွန်း ရဲဘော်တွေကို ဆိုင်ကယ်စီးသင်ပေးရင်း ဆိုင်ကယ်နှင့်ကားတိုက်မိ၍ ဆေးရုံရောက်၊ အသက်သေပြီအထင်နှင့် ရေခဲတိုက်ထဲပို့၊ ထိုမှသတိရလာ၍ အဝတ်မပါ ဆေးရုံထဲလျှောက်ပြေးနေသည့်အဖြစ်ကို စာရေးဆရာက ပုံဖော်ရေးသားထားသည်မှာ မပြုံးဘဲ ကရုဏာသက်စရာ။ အားလုံးက သေရွာပြန် ကိုသံခဲဟူ၍ ဘွဲ့ပေးကြသည်။ နေကောင်းလာတော့ ဝန်ကြီးချုပ် ဦးနု၏အိမ် လုံခြုံရေးတပ်၏ ချင်းရဲဘော်များတွင် တိုက်ချွန်းလည်း အပါအဝင်ဖြစ်ခဲ့သည်။ စစ်သားဘဝစုံလှသည့် ချင်းရဲဘော်..။

ဗိုလ်တိုက်ချွန်း၏ဘဝဖြစ်စဉ်ကို ရေးသားထားသော်လည်း မြန်မာ့နိုင်ငံရေးသမိုင်းကို အထိုက်အလျောက်အားဖြည့်ပေးခဲ့သည့် ထိုစာအုပ်အတွင်း ၁၉၄၉ခုနှစ် အင်းစိန်ပတ်ဝန်းကျင်တိုက်ပွဲများ အကြောင်းကိုလည်း အသေးစိတ်ဖတ်ရှုရမည်ဖြစ်ပါသည်။ ရန်သူတို့ အခိုင်အမာတပ်စွဲထားသည့် ဦးစက္ကိန်ကျောင်းသည် မြေပြင်အနေအထားအရ တပ်မတော်က တိုက်ခိုက်သိမ်းယူရန် အတော်ပင်ခက်ခဲလှသည့် အနေအထားဖြစ်၍ ပြောက်ကျားနည်းဖြင့်ဝင်တိုက်ရန် ဗိုလ်တိုက်ချွန်းအား တာဝန်ပေးအပ်သည်။

"၎င်းတွင် စတင်းဂန်း သေနတ်တစ်လက်နှင့် လက်ပစ်ဗုံး နှစ်လုံး၊ ခြောက်လုံးပြူးတစ်လက်ပါ၏။ စတင်းဂန်း သေနတ်တွင် ကျည် ၂၈ တောင့်ဝင် ကျည်ကပ် ငါးကပ်ပါသည်။ ဝပ်၍အသံမကြားအောင် တက်လာသည့် ဗိုလ်တိုက်ချွန်းတို့ ပြောက်ကျားရဲဘော် ငါးဦးသည် ဘုန်းကြီးကျောင်းအနောက်

■ **"သူ၏ ရဲစွမ်းသတ္တိရှိပုံ၊ အခြေအနေအပေါ်သုံးသပ်ဆင်ခြင်၍ တာဝန်ထမ်းဆောင်တတ်ပုံကို "မော်တာ ကျည်ဆန်မှ မီးခိုးတွေထွက်နေ၏။ သည်ဖြစ်ရပ်ကိုမြင်တော့ ရဲဘော်တွေက ရုတ်တရက်ကြောင်ပြီး ထွက်ပြေးကြ၏။ ထို့ကြောင့် မော်တာ ကျည်ဆန်ရှိရာသို့ ပြေးသွားပြီး အမြန်ဆုံး ကောက်ယူ၍ ရေထဲသို့တအား လွှဲပစ်လိုက်သည်။ ရေထဲမှ ရေပန်းရေပွင့်တွေ ကောင်းကင်သို့ ပျံတက်လာသည်။ ခဏအကြာတွင် ရေငြိမ်သွားတော့ မော်တာကျည်ဆန်မှန်သော ငါးကြင်း လေးငါးကောင် ပေါ်လာ၏.." ဟူ၍ စာရေးသူက ဖွဲ့ဆိုထား"**

■ **"လွတ်လပ်ရေးမရမီကာလနှင့် ခါးသီးလှသည့် ပြည်တွင်းစစ်ပွဲကာလများကို ပြဇာတ်တစ်ခုအဖြစ် သဘောထားမည်ဆိုပါက ဇာတ်ခုံပေါ်တွင် သေနတ်တစ်လက်ဖြင့် ခုန်လိုက်၊ ပျံလိုက်၊ ပြေးလိုက်၊ လွှားလိုက်နှင့် လုပ်ကြရသူများအနက် ကိုသက်ပြင်းဟုဆိုရမည့် ဗိုလ်တိုက်ချွန်းလည်း အပါအဝင်ဖြစ်ပါသည်။ ပစ်ရင်းခတ်ရင်း၊ ရှောင်ရင်းတိမ်းရင်းဖြင့် နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကိုသူ ထမ်းဆောင်ရသည်။ ချီရတက်ရ တိုက်ရခိုက်ရနှင့် ပြည်တွင်းစစ် ဇာတ်သဘင်ကြီးတွင် သရုပ်ဆောင် တစ်ဦးဖြစ်ခဲ့ရလေသည်။ ဇာတ်ခုံပေါ်မှအဖြစ်အပျက်များသာမက ဇာတ်စင်နောက်ကွယ်က အခြေအနေဟုတင်စားရမည့် နိုင်ငံရေးအခြေအနေနှင့် ထိုခေတ်ထိုအခါက အားကျဂုဏ်ယူဖွယ်၊ သနားကရုဏာသက်ဖွယ်၊ သံဝေဂယူ ရှောင်ကြဉ်ဖွယ်ရာများကိုလည်း ယခုစာအုပ်က ထိကာ, တို့ကာ, ဆွဲကာ, ငင်ကာဖြင့် ဖော်ပြထား"**

စည်းရိုး ကိုကျော်၍ တစ်ရှိန်ထိုးပြေးဝင်၊ အဆက်မပြတ် ပစ်ခတ်ကြလေတော့သည်။ အငိုက်မိခံလိုက်ရသည့် ရန်သူတို့ပါတကား။ ရန်သူတို့ ဆုတ်ခွာသွားသည့် အထိမ်းအမှတ် မီးကျီအနီသည် ကောင်းကင်ထက်သို့ ထိုး၍တက်သွားလေပြီ။ ထိုမီးကျည်သည် ရန်သူတို့ ဆုတ်ခွာသွားရာ လမ်းကြောင်းကိုပြသော မီးကျည်ပင် ဖြစ်ပါသည်။ ဤကား ဗိုလ်တိုက်ချွန်း၏ အသက်ကိုလောင်းကြေးထပ်ကာ ကာလအတော်ကြာ တပ်စွဲထားသည့် ဦးစက္ကိန်ကျောင်းကို သိမ်းပိုက်ရခြင်းပင်ဖြစ်သည်။

ဦးစက္ကိန်ကျောင်းကို ဆုံးရှုံးလိုက်ရသည့် ရန်သူများက ဝေးဝေးမသွား အင်းစိန်အတွင်းမှာပင် နေရာယူကာ တပ်စွဲ ခုခံနေကြတော့သည်။ ထို့ကြောင့် ရက်ပိုင်းအတွင်း ဗိုလ်တိုက်ချွန်းအတွက် နောက်ထပ်ပြောက်ကျားနည်းဗျူဟာကို အသုံးချရတော့သည်။ "ရန်သူအိပ်မောကျချိန် ညဥ့်တစ်နာရီတိတိတွင် ကျွန်တော်နှင့် ရဲဘော်ငါးယောက်တို့သည် လက်နက်အစုံအညီနှင့် ရန်သူ၏ သံဆူးကြိုးကာခံကတုတ်သို့ ချဉ်းကပ်သွားကြသည်။ သံဆူးကြိုးတို့ကိုဖြတ်တောက်၍ အတွင်းရောက်သည်နှင့် တစ်ပြိုင်နက် စတင်းဂန်းများဖြင့် တရကြမ်းပစ်၏။ ဦးစက္ကိန်ကျောင်းနှင့် မနီးမဝေးတွင် ရက်အတော်ကြာမျှ ခံနေသည့် ရန်သူ့ခံကတုတ်များလည်း သည်နည်းဖြင့် နိဂုံးချုပ်ခဲ့တော့သည်။ ဤသည်ကား အောင်ဆန်းသူရိယဟူသည့် စွမ်းရည်ဘွဲ့ကို ဗိုလ်တိုက်ချွန်း ထိုက်ထိုက်တန်တန်ရရှိဖို့ ဖြစ်လာတော့သည်။

ဆက်လက်၍လည်း အောင်ဆန်းမြို့ စွပ်ကျယ်စက်ရုံကို ကေအင်န်ဒီအိုတို့ သိမ်းပိုက်ထားချိန် ဗိုလ်တိုက်ချွန်းနှင့် တပ်ကြပ်ကြီး ရွှန်လင်းတို့ ဂျစ်ကားဖြင့် ခံတပ်ကို ဖြိုကြသည်။ ဗိုလ်တိုက်ချွန်း မိုင်ကုန်ဖွင့်၍ မောင်းနှင်လာသည့် ဂျစ်ကားက ခံတပ်တံခါးကို ခပ်ကြမ်းကြမ်း ဝင်ဆောင့်သည်။ ဆယ်ကြိမ်မကလုပ်တော့ သံတံခါးကြီးကျိုးပဲ့ပွင့်တော့ရာ ဂျစ်ကားမောင်းဝင်သွားခဲ့ပြီး မြင်မြင်သမျှ စတင်းဂန်းနှင့် မိတ်ဆက်ပေးတော့သည့် ဗိုလ်တိုက်ချွန်းပဲ ဖြစ်ပါလေတော့၏။ တိုက်ပွဲတိုင်းတွင် ဗိုလ်တိုက်ချွန်း၏ အယူအဆတစ်ရပ်ရှိသည်။ **"စစ်တိုက်သည်ဆိုရာ၌ လက်ထဲက သေနတ်တွေကသာ အဆုံးအဖြတ်ပေးသည်မဟုတ်။ 'သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်း၊ ချွန်းကဲ့သို့အုပ်'တဲ့ ဆိုရိုးစကားရှိသည် မဟုတ်လား၊ အသိနှင့် ဉာဏ်သွားသူ၏ အင်အားသည်ကား စစ်ပွဲတစ်ပွဲကို အဆုံးအဖြတ်ပေးမည်ဖြစ်လေသည်"**ဟူ၍ သူက ယူဆထားခဲ့သည်ကိုလည်း ယင်းစာအုပ်တွင် ဖတ်ရှုခွင့်ရရှိမည်ဖြစ်ပါသည်။

သူ၏ရဲစွမ်းသတ္တိရှိပုံ၊ အခြေအနေအပေါ်သုံးသပ်ဆင်ခြင်၍ တာဝန်ထမ်းဆောင်တတ်ပုံကို "မော်တာကျည်ဆန်မှ မီးခိုးတွေထွက်နေ၏။ သည်ဖြစ်ရပ်ကို မြင်တော့ ရဲဘော်တွေက ရုတ်တရက်ကြောင်ပြီး ထွက်ပြေးကြ၏။ ထို့ကြောင့် မော်တာကျည်ဆန်ရှိရာသို့ ပြေးသွားပြီး အမြန်ဆုံးကောက်ယူ၍ ရေထဲသို့တအားလွှဲပစ်လိုက်သည်။ ရေထဲမှ ရေပန်းရေပွင့်တွေ ကောင်းကင်သို့ ပျံတက်လာသည်။ ခဏအကြာတွင် ရေငြိမ်သွားတော့ မော်တာကျည်ဆန်မှန်သော ငါးကြင်းလေးငါးကောင် ပေါ်လာ၏.." ဟူ၍ စာရေးသူက ဖွဲ့ဆိုထားသည်။

၁၉၅၀ပြည့်နှစ် လွတ်လပ်ရေးနေ့မတိုင်မီ တစ်ရက်အလိုတွင် "တပ်ရင်းဝင်းအတွင်း တန်းစီ၊ နိုင်ငံတော်ကို အလေးပြုပြီးချိန် တပ်ရင်းမှူးက အမိန့်ကြေညာစာတစ်စောင် ဖတ်ပြသည်။ **"ချင်းသနက (၁) တပ်ခွဲ (၃)မှ ဒုဗိုလ်တိုက်ချွန်းအား သူ၏ စစ်မှုထမ်းဆောင်မှုတွင် သူရသတ္တိစွမ်းရည် ထူးချွန်ခြင်းအတွက် အောင်ဆန်းသူရိယဘွဲ့ကို နိုင်ငံတော် သမ္မတကြီးက ချီးမြှင့်လိုက်သည်"...** တဲ့၊ ပျော်လိုက်သည်မှာ ရေးပြလို့မကုန်နိုင်ပြီ"ဟု ဖော်ပြထားသည်။ ဒုဗိုလ်တိုက်ချွန်းအတွက်တင်သာမက၊ တပ်ခွဲအတွက်၊ တပ်ရင်းအတွက်၊ ချင်းလူမျိုးတွေအတွက်၊ ဗမာ့တပ်မတော်ကြီးအတွက်၊ မြန်မာနိုင်ငံတော်ကြီးအတွက် ဂုဏ်ယူရမည်မဟုတ်ပါလား။

### ဆွဲဆောင်မှုရှိ

ထိုစာအုပ်သည် ဗိုလ်ကြီးတိုက်ချွန်း၏ ငယ်ဘဝ၊ တပ်မတော်သားဘဝ၊ ဗိုလ်ကြီး အောင်ဆန်းသူရိယ တိုက်ချွန်းဘဝတို့ကိုသာ ပုံဖော်ထားသည့်စာအုပ်မဟုတ်။ ထပ်မံရရှိသည့် သူရဘွဲ့အကြောင်း၊ စွမ်းရည်ဘွဲ့ရ သူရဲကောင်းတပ်သားကြီး၏ နောက်ဆက်တွဲ အချစ်ရေး၊ မိသားစုအရေးတို့ကိုလည်း တစ်ဖွဲ့တစ်နွဲ့ ဖော်ထုတ်ထားသည်ကို မြင်တွေ့ရသည်။ ချင်းအမျိုးသမီးကို အိမ်ထောင်ပြုရန် ရွှေတိဂုံဘုရားမှ ဝယ်ယူသွားသည့် မောင်း ၁၀ လုံးအကြောင်း၊ ရှမ်းပြည်နယ်အတွင်း တာဝန်ကျစဉ် ဒုတိယအိမ်ထောင်အဖြစ် နဖူးစာပါခဲ့သည့် ရှမ်းအမျိုးသမီးငယ်တို့ ဇာတ်ကြောင်းမှာ စာဖတ်သူတို့အတွက် တိုက်ပွဲများအတွင်း ပစ်သံခတ်သံများအပြီး စာအုပ်အတွင်း ဆွဲဆောင်မှုရှိအောင် ခေါ်ဆောင်သွားသည့် အရာများပင်ဖြစ်ပါသည်။

ဇနီးနှစ်ဦး၊ သားသမီး တစ်ဒါဇင်မကသည့် ဗိုလ်တိုက်ချွန်းတို့၏ ရိုးသားဖြူစင်သည့် မိသားစုဘဝကိုလည်း စာအုပ်အတွင်း စာရေးသူက မပျက်မကွက် ပုံဖော်ထားပါသေးသည်။ တပ်မတော်သားဘဝဖြင့် မြန်မာနိုင်ငံအနှံ့တာဝန်ထမ်းဆောင်ရင်း တိုက်ပွဲတိုင်း ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ရင်းတာဝန်ကျေပွန်ခဲ့သူ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်းမှာ ၁၉၆၂ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူရန် ၁၉၆၀ပြည့်နှစ်တွင် စာတင်ခဲ့ချိန်၌ ဗိုလ်တိုက်ချွန်းမှာ ၃၇ နှစ်သာရှိသေးသည်။ သို့သော် စစ်မှုထမ်းသက်ဖြင့်ဆိုလျှင် နှစ် ၂၀ ရှိခဲ့ပြီဖြစ်သည်။

*စာမျက်နှာ ၁၀ သို့*

# သုတေသနစခန်းများကို နိုင်ငံတစ်ဝန်း တည်ထောင်ထားရှိပြီး သုတေသနရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် လိုအပ်

**နေပြည်တော် မေ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သစ္စာတူရေးရာ) ရုံးအမှတ် (၁၉) နေပြည်တော် တိုးချဲ့ရုံးအဆောက်အအုံသစ် ကမ္ပည်းမော်ကွန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါအဆောက်အအုံသစ်၌ ကျင်းပသည်။

**ဖွင့်လှစ်ပေး**

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာညီညီကျော်၊ ဦးစီးဌာန/လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရုံးအဆောက်အအုံသစ်အတွင်း ဝန်ထမ်းများ နေရာချထားတာဝန်ထမ်းဆောင်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း၌ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူး၊ သုတေသနအရာရှိများနှင့် တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**





တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ်တောများ ထိန်းသိမ်းခြင်း၊ စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိသည့်အတွက် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် သစ်တောသုတေသနဌာန၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်အနေဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အရေးပါသကဲ့သို့ သစ်တောသုတေသနဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် သစ်မျိုးများကို လေ့လာသုတေသနပြုရေး၊ ရာသီဥတုပြောင်းလဲမှုအရ ကျရောက်တတ်သည့် ပိုးမွှားများအန္တရာယ် ကာကွယ်နိုင်ရေးအတွက် သုတေသနပြုရေးနှင့် စိုက်ပျိုးနည်းစနစ်များကို စနစ်တကျ သုတေသနပြုဆောင်ရွက်ပြီး စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများ၌ ပြန်လည်အသုံးချနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သုတေသနစခန်းများကို နိုင်ငံတစ်ဝန်း တည်ထောင်ထားရှိပြီး သုတေသနရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တက္ကသိုလ်၏ ရည်မှန်းချက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည့် အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဖြစ်ပါကြောင်း။

**မူဝါဒများချမှတ်ဆောင်ရွက်**

တက္ကသိုလ်၏ တာဝန်မှာ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာနယ်ပယ်တွင် အထောက်အပံ့ပေးနိုင်သည့် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်များတွင် အရည်အချင်းပြည့်မီသော ကျွမ်းကျင်ပညာရှင်များ ဖြစ်ပေါ်လာစေသည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရန်နှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်များတွင် ပြည်သူလူထု၏ အသိပညာများ တိုးမြှင့်လာစေရန်တို့ ဖြစ်ပါကြောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် နိုင်ငံတော်ပညာရေးမူဝါဒနှင့် ကိုက်ညီပြီး နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ဖြစ်စေရေးအတွက် ရေးဆွဲရန်၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန်၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်လာစေရေးအတွက် ရုပ်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့် ဆရာ ဆရာမများ စွမ်းဆောင်ရည်နှင့် သင်ကြားရေးစနစ် မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားရန်၊ ဆရာ ဆရာမများ၏ အရည်အသွေးများ အစဉ်မြင့်မားနေစေရန် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ပညာတော်သင်များ စေလွှတ်သွားနိုင်ရေး ဆောင်ရွက်သွားရန် စသည့်မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောပညာရှင်များ မွေးထုတ်ပေးမှုနှင့်ပတ်သက်၍ ၁၉၂၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ သစ်တော(သိပ္ပံ)ဘွဲ့ရများ မွေးထုတ်ပေးခဲ့ရာတွင် ကျား ၂၆၈၂ ဦးနှင့် မ ၃၄၀ စုစုပေါင်း ၃၀၂၂ ဦး မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် ၁၉၂၃ ခုနှစ်တွင် စတင်သန္ဓေတည်ခဲ့ပြီး ယခုအထိ အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းပေးခဲ့**

ဆက်လက်၍ ပါမောက္ခချုပ်က သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်ကြားရေးအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဆရာ ဆရာမများ၊ သစ်တောသုတေသနပညာရှင်များနှင့် ဌာနတာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ်(၃၉၂/၃၉၆)ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဦးအုန်းမောင် (မြင်းမူ- မောင်နိုင်မိုး)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်- လယ်ဝေး)၊ ဦးခင်မောင်အေး (KMA)၊ ဦးတင်မောင်ဦး၊ ဒေါက်တာအေးမင်း၊ ဦးမောင်မောင်မြင့်အေး၊ ဦးသက်နိုင်ဦး၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးအောင်ပြည့်စုံ၊ ဒေါ်ချိုအိဇင်(ခ) နွေဦးလင်း၊ ဦးတင်မောင်ထွေးနှင့် ဦးရဲနိုင်စိုးတို့တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဆောင်ရွက်ခဲ့မှုများ၊ သတင်းမီဒီယာကောင်စီ၏ ဥပဒေ၊ နည်းဥပဒေ ကျင့်ဝတ်များနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

"ဒီနေ့မှာ ကောင်စီဝင်အသစ်တွေနဲ့ တွေ့တာပါ။ သတင်းမီဒီယာ ကောင်စီဝင်တချို့တော်တော်များများ ထွက်သွားကြတော့ နှစ်ယောက်ပဲ ကျန်တော့တယ်။ သတင်းမီဒီယာဥပဒေအရ ၁၅ ယောက်ထက် လျော့သွားရင် ထပ်ဖြည့်ပေးရတယ်။ ရွေးချယ်ရေးကော်မတီက ပြန်ရွေးပြီး ဒီနေ့မှာ ကျန်တဲ့နှစ်ယောက်နဲ့ ထပ်ရွေးတာ ၁၄ ယောက်ဆိုတော့ ၁၆ ယောက် ဖြစ်သွားတယ်။ ၁၅ ယောက်ထက် ကျော်သွားပြီဆိုတော့ အားလုံးကို အသိပေးပြီး သတင်းမီဒီယာကောင်စီအနေနဲ့ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များကိုအခြေခံပြီး ဆောင်ရွက်နေတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းကို သွားတဲ့အခါမှာ ကျွန်တော်တို့ သတင်းမီဒီယာကောင်စီက အလွန်အရေးကြီးတဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တယ်။ ဒီစတုတ္ထမဏ္ဍိုင်ကို မပြိုလဲအောင် ဝိုင်းဝန်းဆောင်ရွက်ပြီးတော့ အခုအချိန်မှာ ပီပီပြင်ပြင်ပြန်လုပ်နိုင်တဲ့ အခြေအနေရှိတယ်။ အခုအချိန်မှာ သတင်းနဲ့ပတ်သက်ပြီး အလွန်အရေးကြီးတဲ့အချိန်လို့ မြင်ပါတယ်။ အခု ဒီအစည်းအဝေးမှာ တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်ပြီး လုပ်သင့်လုပ်ထိုက်တာတွေကို ပွင့်ပွင့်လင်းလင်း ပြောခဲ့ပါတယ်။ မကြာခင်မှာ ဆွေးနွေးကြတဲ့ အချက်အလက်တွေနဲ့ ဆက်လက်ပြီး ဆောင်ရွက်သွားပါမယ်လို့ အားလုံးကို အသိပေးချင်ပါတယ်။

"ကျွန်တော်တို့ ဥက္ကဋ္ဌကြီး တိမ်းပါးသွားတော့ ကျွန်တော့်ကို ယာယီဥက္ကဋ္ဌအနေနဲ့ ရွေးတယ်။ ကနဦး သုံးယောက်ရွေးပေးထားတယ်။ အခု ၁၁ ယောက်ကနေ ရွေးချယ်ရေးကော်မတီက ဖြည့်ပေးတယ်။ ကျွန်တော်တို့ ဒုတိယ သုံးနှစ်သက်တမ်းက လာမယ့် စက်တင်ဘာလဆို ကုန်ပြီ။ အဲဒါ မတိုင်ခင်မှာ ၁၅ ယောက်အောက် လျော့သွားတော့ ဥပဒေအရ ပြန်ဖြည့်ပေးဖို့ ရွေးချယ်ရေးကော်မတီက ကြိုးစားကြပါတယ်။ ဒီ ၁၁ ယောက်က သက်ဆိုင်ရာ မီဒီယာ အဖွဲ့အစည်းတွေကနေ အဆိုပြုတဲ့သူတွေပါ။ နောက်ထပ် ပုဂ္ဂလိကအဖွဲ့ဝင်တွေ ခေါ်ထားသေးတယ်။ ပုဂ္ဂလိကအဖွဲ့ဝင်က ခြောက်ယောက် ဖြစ်နေတော့ လိုအပ်တာက သုံးယောက်ပဲ ဆိုတော့ လာမယ့် ၃၀ ရက်မှာ သုံးယောက်ကို ရွေးပါမယ်။ အဲဒီ သုံးယောက်နဲ့ဆိုရင် ၁၉ ယောက် ဖြစ်သွားမှာပါ။ အဲဒါဆိုရင် ကျွန်တော်တို့ မြိုင်မြိုင်ဆိုင်ဆိုင် ဆောင်ရွက်လို့ရပါပြီ"ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က ပြောသည်။

**ရွေးချယ်သွားမည်**

လာမည့် မေ ၃၀ ရက်တွင် ကျန်ရှိနေသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ပုဂ္ဂလိကအဖွဲ့ဝင် ခြောက်ဦးအနက် သုံးဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်က နိုင်ငံရေးသံဝေဂယူစရာ ပါလီမန်ဒီမိုကရေစီပါတီ

**•••••••• စာချစ်သူ ••••••••**

မြန်မာပြည်လွတ်လပ်ရေးရခဲ့တာ (၇၃) နှစ်မြောက်ရှိပြီ။ နိုင်ငံတစ်နိုင်ငံရဲ့ သက်တမ်းအားဖြင့်ကြည့်ရင် (၇၃)နှစ်ဆိုတာ ဘာမှုရှိလှသေးတာ မဟုတ်သော်ငြား မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်မှာတော့ နိုင်ငံရေးသံဝေဂတွေ၊ နိုင်ငံရေးသင်ခန်းစာတွေ ရယူစရာက အများသားလားဗျာ။

သို့အနက် တစ်ချိန်က တို့ဗမာအစည်းအရုံးမှာ ငတ်တစ်လှည့် ပြတ်တစ်လှည့် သခင်ဘဝကိုခံယူပြီး လွတ်လပ်ရေးရရှိဖို့ ကြိုးပမ်းခဲ့ကြတဲ့ သခင်တွေ၊ ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဟိုင်နန်ကျွန်းမှာ ဆင်းဆင်းရဲရဲ စစ်ပညာသင်ယူခဲ့ကြတဲ့ ရဲဘော်သုံးကျိပ်ဝင်တွေဟာ မြန်မာပြည်ကြီးလွတ်လပ်ရေးရတော့မှ တစ်ဦးနဲ့ တစ်ဦး ကွဲကြပြဲကြရတဲ့အဖြစ်တွေ၊ သနစ်တွေက နိုင်ငံရေးသံဝေဂယူစရာတွေထဲမှာ ထိပ်ဆုံးကပေါ့။

## နိုင်ငံရေးသင်ခန်းစာယူစရာ

ဒီလို ကွဲကြပြဲကြရင်း နောက်ဆက်တွဲရလဒ်အဖြစ် ပေါ်ပေါက်ခဲ့ဖူးတဲ့ ပါလီမန်ဒီမိုကရေစီပါတီနဲ့ ပြည်ချစ်လွတ်မြောက်ရေး တပ်မတော်တို့ရဲ့ အတိတ်သမိုင်းဖြစ်စဉ်ကလည်း နှောင်းလူတို့အတွက် နိုင်ငံရေးသင်ခန်းစာယူစရာလို့ပဲ ဆိုရပါမယ်။

အတိတ်သမိုင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင် ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်မှာ တော်လှန်ရေးကောင်စီက နိုင်ငံရေးခေါင်းဆောင်အချို့ကို ဖိတ်ကြားလို့ အမျိုးသားညီညွတ်ရေးအတွက် ကြိုးပမ်းကြရန် ပန်ကြားခဲ့ပြီး ဒီဇင်ဘာ ၄ ရက်မှာ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ်(၇၂)ကို ထုတ်ပြန်ကာ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့(ခေါ်) ၃၃ ဦး ကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။

အကြံပေးအဖွဲ့ရဲ့ လုပ်ငန်းထဲမှာ တစ်ပြည်လုံးရှိ လုပ်သားပြည်သူများကို ပြည်တွင်း ညီညွတ်ရေးအတွက် အကြံပြုရန် အကြံဉာဏ်များ တောင်းခံတဲ့လုပ်ငန်းစဉ်လည်းပါသဗျ။

သို့ကလို ပေးပို့လာမယ့် အကြံပေးစာများကို တင်သွင်းခြင်းမပြုမီ အခြေအနေများ ရှုပ်ထွေးမှုမရှိစေရေးအတွက် ပြင်ပသို့ပေါက်ကြားမှု မရှိစေဖို့ အထူးဂရုစိုက်ကြပါရန် အကြံပေးအဖွဲ့ ၃၃ ဦး ကော်မတီကို တော်လှန်ရေးကောင်စီက မေတ္တာရပ်ခံခဲ့ပါတယ်။

## ပြည်ပစွက်ဖက်မှုများကို ဖိတ်ခေါ်သကဲ့သို့ဖြစ်စေ

သို့ပေမယ့် အကြံပေးအဖွဲ့ရဲ့ နေ့စဉ်ဆွေးနွေးချက်မှတ်တမ်းမိတ္တူတွေဟာ ပြင်ပမှာ ဖောင်းပွပေါက်ကြားနေသလို တော်လှန်ရေးကောင်စီထံ တင်သွင်းမယ့် အကြံပြုချက် စာတမ်းများကိုလည်း အနောက်အုပ်စုသံရုံးများသို့ ကြိုတင်ပေးပို့ထားတဲ့အတွက် ပြည်ပစွက်ဖက်မှုများကို ဖိတ်ခေါ်သကဲ့သို့ဖြစ်စေကြောင်း တော်လှန်ရေးကောင်စီက ဆိုပါတယ်။

သို့တစေ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ဟာ ၁၉၆၉ ခုနှစ် မေလ ၃၁ ရက်မှာ အကြံပေးစာတမ်းများကို တရားဝင်တင်သွင်းခဲ့ပါတယ်။ ဝန်ကြီးချုပ် ဦးနုရဲ့ အကြံပြုချက်ကတော့ အချုပ်အားဖြင့် သူ့အား အာဏာပြန်လည်အပ်နှင်းရေး၊ ပါလီမန်ဒီမိုကရေစီစနစ် ပြန်လည်ဖော်ထုတ်ရေးကို အဓိကထား တောင်းဆိုခဲ့ပါတယ်။

ထိုစဉ်အတောအတွင်း ဦးနုဟာ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ သက်တမ်းမကုန်မီ ၁၉၆၉ ခုနှစ် ဧပြီလ ၁၁ ရက်မှာ မိသားစုနဲ့အတူ အိန္ဒိယနိုင်ငံသို့ ဗုဒ္ဓဂယာဘုရားဖူးရန်နဲ့ ဆေးကုသမှုခံယူရန် အကြောင်းပြချက်ဖြင့် ရန်ကုန်ကနေ ထွက်ခွာသွားခဲ့ပါတယ်။

ဦးနုဟာ အိန္ဒိယနိုင်ငံ ကာလကတ္တားလေဆိပ်သို့ ရောက်ရှိချိန်မှာ သတင်းထောက်များနဲ့ တွေ့ဆုံပြီး **“မြန်မာနိုင်ငံသည် ဇွန်လအတွင်း ပါလီမန်ဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲမည်ဟု မျှော်လင့်နိုင်ကြောင်း၊ နိုင်ငံကိုခေါင်းဆောင်ရန် အစီအစဉ်မရှိဘဲ ဘာသာရေး**

> **“ဒီလို ကွဲကြပြဲကြရင်း နောက်ဆက်တွဲရလဒ်အဖြစ် ပေါ်ပေါက်ခဲ့ဖူးတဲ့ ပါလီမန်ဒီမိုကရေစီပါတီနဲ့ ပြည်ချစ်လွတ်မြောက်ရေး တပ်မတော်တို့ရဲ့ အတိတ်သမိုင်းဖြစ်စဉ်ကလည်း နှောင်းလူတို့အတွက် နိုင်ငံရေးသင်ခန်းစာယူစရာလို့ပဲ ဆိုရပါမယ်”**

**ကိုသာ အလေးထားကြောင်း၊ ပါလီမန်ဒီမိုကရေစီစနစ်ကိုသာ ယုံကြည်ကြောင်း”** ပြောကြားခဲ့ပါတယ်။

သို့သော်ငြား အိန္ဒိယနိုင်ငံမှာရှိနေစဉ် စီအိုင်အေနဲ့ ပတ်သက်နေတဲ့ ကမ္ဘာ့စာရိတ္တမြှင့်တင်ရေးအဖွဲ့ (MRA) (Moral Re-Armament Association)တို့၊ ထိုင်းနိုင်ငံသို့ ရောက်ရှိနေတဲ့ ယခင် နေရှင်းသတင်းစာ အယ်ဒီတာ ဦးလောရုံတို့နဲ့ဆက်သွယ်ခဲ့တယ်လို့ ဆိုတယ်။

ဦးလောရုံဟာ ထိုစဉ်က ပြည်ပကို ထွက်ပြေးလာသူ နိုင်ငံရေးသမားများကို နိုင်ငံခြားအကူအညီနဲ့ ထိုင်းနိုင်ငံမှာ စုစည်းပေးထားသူဖြစ်ပါတယ်။ ဒါ့အပြင် ၁၉၆၅ ခုနှစ်ကတည်းက ဝမ်ကသို့ ရောက်ရှိအခြေပြုပြီး စစ်သင်တန်းဖွင့်လှစ်လေ့ကျင့်နေတဲ့ ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဇာလီမော်တို့ ဦးစီးတဲ့ “အမျိုးသားလွတ်မြောက်ရေးတပ်မတော်” နဲ့လည်း အဆက်အသွယ်ရှိသူဖြစ်ပါတယ်။

ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဇာလီမော်၊ နေရှင်းသတင်းစာအယ်ဒီတာဟောင်း မစ္စတာပက်တို့ပါဝင်တဲ့ အဖွဲ့ဝင် ၁၄ ဦးဟာ ၁၉၆၅ ခုနှစ် မတ်လ ၁၂ ရက်ကတည်းက ရန်ကုန်ကနေ မုဒုံကို တိတ်တဆိတ်ထွက်ခွာပြီး ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဗိုကတော်ရွာ၊ သာယာကုန်းရွာ၊ အပလုံရွာတို့ကတစ်ဆင့် ထိုင်း-မြန်မာ နယ်စပ် ဝမ်ကသို့ ရောက်ရှိနေခဲ့ကြတာဖြစ်ပါတယ်။ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလအထိ စစ်သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ကြပြီး ၁၉၆၆ ခုနှစ်၊ မတ်လမှာတော့ ဗိုလ်မှူးချုပ် စောကြာဒိုး၊ ဗိုလ်မှူးကြီးရန်နိုင်တို့ လက်မှတ်နဲ့ အမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို ဖွဲ့စည်းကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။

## အမျိုးသားလွတ်မြောက်ရေးကောင်စီ ဖွဲ့စည်း

၁၉၆၆ ခုနှစ် အောက်တိုဘာလအတွင်းမှာ ဗိုလ်ရန်နိုင်တို့ လူစုဟာ ကေအင်ယူအဖွဲ့နဲ့ ပူးပေါင်းပြီး ဆီးတိုးကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးကာ “အမျိုးသားလွတ်မြောက်ရေးကောင်စီ” ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။

အမျိုးသားလွတ်မြောက်ရေးကောင်စီမှာ ဗိုလ်ရန်နိုင်ဟာ စစ်ဦးစီးမှူးဖြစ်ပြီး တပ်ရင်းတစ်ရင်းလျှင် လူအင်အား ၅၀၀ ကျော်ပါဝင်တဲ့ တပ်ရင်း ၉ ရင်းနဲ့ တပ်မဟာ (၁၇)၊ တပ်မဟာ (၂၇)၊ တပ်မဟာ(၃၆) တို့ကို စနစ်တကျ ဖွဲ့စည်းခဲ့ပါတယ်။ တပ်မဟာ (၁၇)ကို ထားဝယ်ခရိုင်၊ တပ်မဟာ(၂၇)ကို မြိတ်ခရိုင်၊ တပ်မဟာ(၃၆)ကို မော်လမြိုင်ခရိုင်တို့မှာ တာဝန်ယူလှုပ်ရှားရန် သတ်မှတ်ခဲ့ပြီး ပြည်သိမ်းစစ်ဆင်ရေး စီမံချက်ကိုလည်း စနစ်တကျ ရေးဆွဲထားခဲ့ပါတယ်။

ဒီလို အစစအရာရာပြင်ဆင်ပြီးဖြစ်ပေမယ့် ပြည်ပြေးအင်အားစုကြီးမှာ ဩဇာတိက္ကမ အစဉ်အလာကြီးမားသူ ခေါင်းဆောင်တစ်ဦးကို ဦးဆောင်မှုပေးစေခြင်းဖြင့် တော်လှန်ရေးကောင်စီအစိုးရကို ဖြုတ်ချအနိုင်ယူနိုင်လိမ့်မယ်လို့ ဦးလောရုံနဲ့ ၎င်းတို့အသိုင်းအဝိုင်းက ယုံကြည်ယူဆခဲ့ကြတယ်။

ဒါကြောင့်မို့ ဦးလောရုံဟာ ၁၉၆၉ ခုနှစ် ဩဂုတ်လ ၆ ရက်မှာ အိန္ဒိယသို့ရောက်ရှိနေသူ ဝန်ကြီးချုပ်ဟောင်း ဦးနုကို သွားရောက်တွေ့ဆုံပြီး အစီအစဉ်အသေးစိတ်ကို ချပြဆွေးနွေးခဲ့ကြတယ်။ ညှိနှိုင်းသဘောတူညီချက်ရရှိပြီးနောက်မှာတော့ ဦးလောရုံဟာ ဦးနုနဲ့ မိသားစုဝင်များ၊ ဗိုလ်လကျ်ာတို့ကို ထိုင်းနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ပါတယ်။

## ပါလီမန်ဒီမိုကရေစီ ပြန်လည်ထူထောင်ရေး

ဦးနုဟာ ထိုင်းနိုင်ငံရောက်တဲ့အခါ ဦးလောရုံ ကြိုတင်စုစည်းထားတဲ့ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဗိုလ်ရန်နိုင်၊ ဗိုလ်စကြာ၊ ညောင်ရွှေမဟာဒေဝီ စဝ်ဟိန်းခမ်း၊ လေတပ်ဦးစီးချုပ်ဟောင်း တီကလစ်တို့ လူစုနဲ့ပူးပေါင်းပြီး ရှေ့လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကာ အာဏာပြန်လည်ရရှိရေး၊ ပါလီမန်ဒီမိုကရေစီ ပြန်လည်ထူထောင်ရေးတို့အတွက် အနောက်အုပ်စုများရဲ့ အကူအညီရရှိရန် စီမံဆုံးဖြတ်ခဲ့ကြပါတယ်။

၁၉၆၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှာတော့ ဦးနုဟာ ထိုင်းနိုင်ငံမှ လန်ဒန်မြို့သို့ ရောက်ရှိသွားပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပကာ **“ပါလီမန်ဒီမိုကရေစီပါတီ”**ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့ပါတယ်။

ဦးနုခေါင်းဆောင်တဲ့ ပါလီမန်ဒီမိုကရေစီပါတီဟာ ၁၉၆၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်မှာ ဗဟိုကော်မတီအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးနု၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး လကျ်ာ၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးလောရုံ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်ချုပ်သွင်၊ ဘဏ္ဍာရေးမှူး ဗိုလ်ချုပ် တီကလစ်၊ စာရင်းစစ် ဗိုလ်မှူးကြီး မိုးကျော်၊ အလုပ်အမှုဆောင် ဗိုလ်ချုပ်စောကြာဒိုး၊ ဗိုလ်ချုပ် ရန်နိုင်၊ ဥပဒေအကြံပေး ဗိုလ်မှူးကြီးဇာလီမော်နှင့် ဗဟိုကော်မတီဝင် ၂၆ ဦး၊ စုစုပေါင်း ၃၅ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ကြပါတယ်။

ပါလီမန်ဒီမိုကရေစီပါတီဟာ တစ်ဖက်က နိုင်ငံတကာထောက်ခံမှု ရရှိရန် ဆောင်ရွက်ခဲ့သလို တစ်ဖက်ကလည်း နယ်စပ်က လက်နက်ကိုင်အဖွဲ့တွေရဲ့ အားပေးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ကြိုးစားခဲ့ပြန်ပါတယ်။

*စာမျက်နှာ ၁၀ သို့*

> ❖ **“ကျွန်တော်တို့ အဝေးရောက်နေသူတွေကို အိမ်ပြန်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ခဏတာခွဲခွာပြီး အိမ်ကိုပြန်လာကြတဲ့ ဆွေမျိုးသားချင်းတွေကို ကြိုဆိုသလို ကျွန်တော်တို့ သူတို့ကို ကြိုဆိုကြရအောင်။ ပြီးခဲ့တာတွေ မေ့ဖျောက်ခွင့်လွှတ်ပြီး ကျွန်တော်တို့ တိုင်းပြည်ကောင်းကျိုးအတွက် ရှေ့ဆက်လက်တွဲ အလုပ်လုပ်ကြရအောင်”**
>
> ❖ **၁၉၈၀ ပြည့်နှစ် မေလကကျင်းပခဲ့သည့် နိုင်ငံတော်ကောင်စီ၊ လမ်းစဉ်ပါတီနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စုံညီအစည်းအဝေးတစ်ရပ်မှာ နိုင်ငံတော်သမ္မတနှင့် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းရဲ့ အဲဒီလို ဖိတ်ခေါ်ကမ်းလှမ်းလိုက်တဲ့ မိန့်ခွန်းကို ရေဒီယိုကတစ်ဆင့် ကြားလိုက်ရတဲ့တစ်ချိန်က ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်နဲ့ ဗိုလ်မှူးအောင်တို့ဟာ “ငါ့ကို ရည်ရွယ်ပြောနေတာပဲ”လို့ ခံစားမိပြီး ပြည်တော်ပြန်ဖို့ အထုပ်အပိုးတွေ ပြင်ခဲ့ကြတယ်လို့ ဆိုတယ်ဗျ။**

*စာမျက်နှာ ၉ မှ*

ဒါကြောင့် ၁၉၇၀ ပြည့်နှစ် မေလ ၁၅ ရက်မှ ၂၅ ရက်အထိ ဘန်ကောက်ရှိ ပါလီမန်ဒီမိုကရေစီပါတီဌာနချုပ်မှာ ပါလီမန်ဒီမိုကရေစီပါတီအပါအဝင် သုံးပါတီအစည်းအဝေးကို ကျင်းပပြီး ခေါင်းဆောင်များဟာ **“တိုင်းရင်းသားလူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ပေါင်းစု”**(တညလ)ကို လက်မှတ်ရေးထိုး ဖွဲ့စည်းလိုက်ပါတယ်။

တပ်ပေါင်းစု နာယကကတော့ ဦးနုဖြစ်ပြီး ဥက္ကဋ္ဌ မန်းဘဇံ၊ အထွေထွေအတွင်းရေးမှူး နိုင်ရွှေကျင်(ခေါ်) နိုင်ဘလွင်၊ နိုင်ငံရေးနှင့် စည်းရုံးရေးဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်လက်ျာ၊ စစ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မြ၊ ဘဏ္ဍာရေးဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးချုပ် တီကလစ်တို့ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ **“ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်”**ကို ဖွဲ့စည်းပြီး စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်စောကြာဒိုးကို ခန့်အပ်ကာ အမှတ်(၁)တိုင်း–တောင်ပိုင်းတိုင်း တိုင်းမှူးအဖြစ် ဗိုလ်ချုပ်ရန်နိုင်၊ အမှတ်(၂)တိုင်း–အလယ်ပိုင်းတိုင်း တိုင်းမှူးအဖြစ် ဗိုလ်ချုပ်သွင်တို့ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

### အခြေအနေရှုပ်ထွေးမှုများ ပေါ်ပေါက်လာခဲ့

သို့ရာတွင် အဖွဲ့အစည်းအတွင်း အပြန်အလှန် လူယုံမွေးခြင်း၊ အုပ်စုဖွဲ့ခြင်း၊ အထက်အောက် မပြေမလည်ဖြစ်ခြင်း၊ ထောက်ပံ့ပေးထားသော ငွေကြေးများကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်း စသည်တို့ကြောင့် အခြေအနေရှုပ်ထွေးမှုများ ပေါ်ပေါက်လာခဲ့ပြီး ပြည်ပြေးအဖွဲ့ဟာ တိုက်ပွဲတစ်ပွဲမျှ မတိုက်ရသေးမီမှာပဲ ဦးလောရုံ၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ တင်ငွေ၊ ဗိုလ်လက်ျာတို့က တစ်ဖက်၊ ဦးနု၊ တီကလစ်၊ ဦးသွင်တို့ကတစ်ဖက် ဂိုဏ်းကွဲသွားခဲ့ပါတယ်။

စစ်ဆင်ရေးအပိုင်းမှာလည်း ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလမှာ ဦးလောရုံ၊ ဗိုလ်လက်ျာ၊ နိုင်ရွှေကျင်၊ စောကြာဒိုးနဲ့ ဇာလီမော်တို့ဟာ သောင်းရင်းမြစ်ကမ်းရှိ မန်းဘဇံရဲ့ ဌာနချုပ်သို့ လျှို့ဝှက်စွာရောက်ရှိလာစဉ် ရောက်ရောက်ချင်းမှာပဲ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရဲ့ ပတ္တမြားစစ်ဆင်ရေးနဲ့ ရင်ဆိုင်တိုးကာ တစ်ဖက်ကမ်းသို့ ဆုတ်ခွာထွက်ပြေးခဲ့ရပါတယ်။

ဒါကြောင့် ဦးလောရုံဟာ အချင်းချင်းကြား ဂိုဏ်းကွဲပြဿနာများ ရှုပ်ထွေးနေခြင်း၊ ပွဲဦးထွက်မှာပဲ အရှုံးနဲ့ရင်ဆိုင်ရခြင်းတို့ကြောင့် ပြည်ပြေးများအပေါ် စိတ်ကုန်လာပြီး ၁၉၇၁ ခုနှစ် ဇူလိုင်လမှာ ပြည်ပြေးအဖွဲ့က နုတ်ထွက်ကာ အမေရိကန်ကို အပြီးအပိုင် ထွက်ခွာသွားခဲ့ပါတယ်။

ဦးနုအနေနဲ့လည်း ၁၉၇၂ ခုနှစ် ဘန်ကောက်မြို့မှာ ကျင်းပတဲ့ ပြည်ပြေးအမှုဆောင် အစည်းအဝေးမှာ ဗိုလ်မြ တင်သွင်းတဲ့ ပြည်နယ်ခွဲထွက်ရေးကိစ္စနဲ့ ပတ်သက်ပြီး သဘောထားချင်း မတိုက်ဆိုင်သဖြင့် မဲခွဲဆုံးဖြတ်ရာမှ ရှုံးနိမ့်သွားခဲ့သည်က တစ်ကြောင်း၊ ဦးသွင်နဲ့ ဗိုလ်လက်ျာတို့က ထိုအဆိုကိုထောက်ခံခဲ့ကြ၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာသည်က တစ်ကြောင်းကြောင့် ပါလီမန်ဒီမိုကရေစီပါတီ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ပြန်ပါတယ်။

### “ပြည်ချစ်ပါတီ”ဟု အမည်ပြောင်းလဲခဲ့

ဗိုလ်လက်ျာက ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူပြီး ပါလီမန်ဒီမိုကရေစီပါတီကိုလည်း **“ပြည်ချစ်ပါတီ”**ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ဦးနုကတော့ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှာ ဘန်ကောက်မှထွက်ခွာကာ အိန္ဒိယနိုင်ငံမှာ ခိုလှုံခဲ့ပါတယ်။ တစ်ဖန်ကေအင်ယူကလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံညီညွတ်ရေးနှင့် လွတ်မြောက်ရေးတပ်ပေါင်းစု(တညလ)ကနေ နုတ်ထွက်ခဲ့ပြန်ပါတယ်။

တညလ တည်ထောင်ခဲ့တဲ့ ၁၉၇၀ ပြည့်နှစ် မေလ ၂၅ ရက်နေ့မှ ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်အထိ ငါးနှစ်တာကာလအတွင်း တပ်မတော်နှင့် ပြည်ပြေးမဟာမိတ်အဖွဲ့အစည်းများ၊ တညလတို့ ထိတွေ့တိုက်ပွဲပေါင်း ၁၀၃ ကြိမ်ဖြစ်ပွားခဲ့ပြီး၊ တညလ အဖွဲ့မှ ၅၇၄ ဦး သေဆုံးကာ တပ်မတော်မှ ၃၄၄ ဦးကျဆုံးခဲ့ကြောင်း၊ လက်နက်မျိုးစုံ ၆၃၇ လက် သိမ်းဆည်းရမိခဲ့ပြီး လက်နက်ချအလင်းဝင် ၇၀၄ ဦး အထိရှိခဲ့ကြောင်း အစိုးရရဲ့ ထိုစဉ်က သတင်းထုတ်ပြန်ချက်မှတ်တမ်းများအရ သိရပါတယ်။

တပ်မတော်နဲ့ ပြည်ပြေးတို့ရဲ့ သီးသန့်တိုက်ပွဲအနေနဲ့ကတော့ စုစုပေါင်း ၁၈၅ ကြိမ် ရှိခဲ့ပြီး ၁၉၇၄ ခုနှစ် မတ်လ ၁၉ ရက်မှ ၁၉၇၅ ခုနှစ် ဇွန်လ ၁၆ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်ပြေးအဖွဲ့ဝင် ၃၄၃ ဦး အလင်းဝင်လာခဲ့တယ်လို့လည်း ဆိုပါတယ်။

ပြည်ပြေးများ အဲဒီလို ဝါးအစည်းပြေသလို ပြိုကွဲပြီးနောက် ၁၉၇၈ ခုနှစ် နိုဝင်ဘာ လ ၂၆ ရက်မှာတော့ ကေအင်ယူ မာဘယ်လ်နဲ့အော်လီဗာ ဦးစီးတဲ့ အင်အား ၂၀၀ ခန့်ဟာ ပြည်ပြေးကြယ်ဝါစခန်းကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြလို့ ဗိုလ်လက်ျာအပါအဝင် လေးဦးကျဆုံးပြီး ကျန်ပြည်ပြေးအဖွဲ့တွေဟာ ကစဉ့်ကလျား လက်လွတ်ထွက်ပြေးခဲ့ရပါတယ်။ ပြည်ပြေးအဖွဲ့ဟာ ကေအင်ယူရဲ့တိုက်ခိုက်ချေမှုန်းခြင်းကို ခံရတဲ့အပြင် လက်နက်၊ ခဲယမ်း၊ စစ်ပစ္စည်းအမြောက်အမြားလည်း အပိုင်စီးခံလိုက်ရပြန်တယ်။

### သမိုင်းမှာ အထင်အရှား တွေ့မြင်ခဲ့ရ

မြန်မာ့နိုင်ငံရေးဇာတ်ခုံမှာ ပါလီမန်ဒီမိုကရေစီပါတီရဲ့ ဇာတ်သိမ်းခန်းဟာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာရဲ့ကျဆုံးမှုနဲ့အတူ လွမ်းစရာကောင်းသလို ကြည်နူးဝမ်းမြောက်စရာ ဇာတ်ဝင်ခန်းတွေကိုလည်း သမိုင်းမှာ ကျွန်တော်တို့အထင်အရှား တွေ့မြင်ခဲ့ရပါတယ်။

ကြည်နူးဝမ်းမြောက်ဖွယ်ရာ ဇာတ်လမ်းအစက ၁၉၈၀ ပြည့်နှစ် မေလမှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ နိုင်ငံတော်ကောင်စီက ထုတ်ပြန်ခဲ့တဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်က အစပြုခဲ့တယ်လို့ပဲဆိုရမယ်။

**“ကျွန်တော်တို့ အဝေးရောက်နေသူတွေကို အိမ်ပြန်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ခဏတာခွဲခွာပြီး အိမ်ကိုပြန်လာကြတဲ့ ဆွေမျိုးသားချင်းတွေကို ကြိုဆိုသလို ကျွန်တော်တို့ သူတို့ကို ကြိုဆိုကြရအောင်။ ပြီးခဲ့တာတွေ မေ့ဖျောက်ခွင့်လွှတ်ပြီး ကျွန်တော်တို့ တိုင်းပြည်ကောင်းကျိုးအတွက် ရှေ့ဆက်လက်တွဲ အလုပ်လုပ်ကြရအောင်”**

၁၉၈၀ ပြည့်နှစ် မေလက ကျင်းပခဲ့သည့် နိုင်ငံတော်ကောင်စီ၊ လမ်းစဉ်ပါတီနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စုံညီအစည်းအဝေးတစ်ရပ်မှာ နိုင်ငံတော်သမ္မတနှင့် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းရဲ့ အဲဒီလို ဖိတ်ခေါ်ကမ်းလှမ်းလိုက်တဲ့ မိန့်ခွန်းကို ရေဒီယိုက တစ်ဆင့် ကြားလိုက်ရတဲ့ တစ်ချိန်က ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်နဲ့ ဗိုလ်မှူးအောင်တို့ဟာ **“ငါ့ကို ရည်ရွယ်ပြောနေတာပဲ”**လို့ ခံစားမိပြီး ပြည်တော်ပြန်ဖို့ အထုပ်အပိုးတွေ ပြင်ခဲ့ကြတယ်လို့ ဆိုတယ်ဗျ။

**“ကျွန်တော် ရေဒီယိုပေါ်မှာ အစ်ကိုကြီး(ဦးနေဝင်း) အသံကြားရတော့ အစ်ကိုကြီးကိုယ်တိုင် ကျွန်တော့်ရှေ့မှာ ရောက်နေပြီး ကိုယ့်တိုင်းကိုယ့်ပြည် ပြန်လာခဲ့ဖို့ ကျွန်တော့်ကို တိုက်တွန်းနေသလို ခံစားခဲ့ရတယ်”**လို့ ရဲဘော်ဟောင်းများ မိတ်ဆုံပွဲမှာ ဗိုလ်ရန်နိုင်က ဆိုပါတယ်။ အနီးတွင် ထိုင်နေသူ ဗိုလ်မှူးအောင်ကလည်း **“ကျွန်တော်လည်း အဲဒီလိုပဲ ခံစားခဲ့ရတယ်”**လို့ ဖြည့်စွက်ထောက်ခံပြောကြားခဲ့ပါတယ်။

တစ်ဆက်တည်းမှာ ဗိုလ်ရန်နိုင်က “အစ်ကိုကြီးအပေါ် ပုဂ္ဂိုလ်တစ်ဦးအနေနှင့် မည်သည့်အခါကမျှ ပြစ်မှားခြင်းမပြုခဲ့ပါ။ အယူအဆမိမိ၏ ယုံကြည်မှုအရသာ ခွာခဲ့ခြင်း ဖြစ်ပါသည်”လို့လည်း ဆိုခဲ့ပါတယ်။

ဝန်ကြီးချုပ်ဟောင်း ဦးနုကတော့ တိုင်းပြည်ကို ပြန်လာဖို့အချိန်ယူခဲ့ပါတယ်။ သို့ကြောင့်မို့ ဦးနေဝင်းက **“ကျွန်တော်တို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဆုံးဖြတ်ခဲ့စဉ်က ကျွန်တော့်စိတ်ထဲမှာ လူနှစ်ယောက်ကို အရင်ဆုံးမြင်ခဲ့မိတယ်။ တစ်ဦးကတော့ ကျွန်တော်ကိုယ်တိုင်က ကိုယ့်တိုင်းပြည် ကိုယ့်အိမ်ကိုယ့်ရာကို ပြန်လာစေချင်တဲ့ ဦးနုဖြစ်ပြီး၊ နောက် တစ်ဦးကတော့ နိုင်ငံတော်ပုန်ကန်သစ္စာဖောက်မှုနဲ့ သေဒဏ်ပေးခံထားရတဲ့ သခင်စိုး ဖြစ်တယ်”**လို့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပတ်သက်ပြီး ကျင်းပတဲ့အစည်းအဝေးမှာ အမှတ်တရ ပြောကြားခဲ့တဲ့ အမှာစကားနဲ့အညီ သူတို့နှစ်ဦးစလုံးနဲ့ ရင်းနှီးတဲ့ နိုင်ငံရေးလောကက မိတ်ဆွေဖြစ်သူ ဦးထွန်းဦးကို ဦးနုထံစေလွှတ်ပြီး မြန်မာပြည် ပြန်လာဖို့ စာရေးသားပေးပို့ကာ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ ထိုစဉ်က အိန္ဒိယဝန်ကြီးချုပ် အင်ဒီယာဂန္ဒီထံသို့လည်း ဦးနေဝင်းက သီးခြားစာတစ်စောင် ရေးသားပေးပို့ခဲ့တယ်လို့ ဆိုပါတယ်။

ဦးနုထံ ပေးစာထဲမှာတော့ **“ဦးနုအနေဖြင့် မိမိတိုင်းပြည်သို့ ပြန်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဦးနုအား သူ၏ဘဝဆည်းဆာနေဝင်ချိန်ကာလများကို သားသမီးမြေးမြစ်များ ခြံရံလျက် မိမိရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်များတွင်သာ ကုန်ဆုံးစေလိုကြောင်း၊ ဤသို့ အေးအေးလူလူ နေထိုင်လိုမှုသည်ပင် အသက်အရွယ်ရလာသည့် သက်ကြီးရွယ်အိုတိုင်း မျှော်လင့်တောင့်တဆုံးသော အရာဖြစ်ကြောင်း”** ဦးနေဝင်းက ရေးသားထားတယ်လို့ ဆိုတယ်ဗျ။

ဒီလို ဦးနေဝင်းရဲ့ ဖိတ်ခေါ်ကမ်းလှမ်းမှုကြောင့် ဦးနုနဲ့ ဇနီး ဒေါ်မြရီတို့ မိသားစုဟာ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၂၉ ရက်နေ့မှာ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ပါတယ်။

ဝန်ကြီးချုပ်ဟောင်း ဦးနုတို့မိသားစု ပြန်လည်ရောက်ရှိခြင်းနှင့် ပတ်သက်ပြီး အစိုးရရဲ့ သတင်းထုတ်ပြန်ချက်မှာ **“ဝန်ကြီးချုပ် ဦးနုသည် နိုင်ငံတော်ကောင်စီနှင့် နိုင်ငံတော်အဖွဲ့အစည်းတို့၏ ဖိတ်ခေါ်ကမ်းလှမ်းမှုကို လက်ခံတုံ့ပြန်သောအားဖြင့် မိမိနိုင်ငံသို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဤသို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ခြင်းသည်လည်း နိုင်ငံတော်မှ ဦးနု၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်တွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဖြစ်ကြောင်း”** ရေးသားဖော်ပြခဲ့တယ်လို့ ဆိုပါတယ်။

နောင်အခါ ထိုသတင်းထုတ်ပြန်ချက်ဟာ ဦးနေဝင်းကိုယ်တိုင် မူကြမ်းရေးသား တည်းဖြတ်ခဲ့တာလို့လည်း အချို့က ဆိုကြတယ်။ ဦးနေဝင်းက ဦးနုနဲ့ ဇနီးတို့အား **“လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်”** ဟူသော စကားအသုံးအနှုန်းကိုသုံးခဲ့ကာ အရှက်ရမည်ကို စိုးသောကြောင့် ဖြစ်သည်ဟုလည်း သုံးသပ်ခဲ့ပါတယ်။

### နှောင်းလူတို့အဖို့ အတုယူဖို့ကောင်း

ရှေးခေတ်လူကြီးတွေရဲ့ တစ်ဦးအပေါ်တစ်ဦး နိုင်ငံရေးသိက္ခာထားရှိမှု၊ နိုင်ငံရေးအယူအဆ ကွဲပြားခြားနားမှုရှိသော်လည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ နိုင်ငံရေးသိက္ခာမကျဆင်းစေရေးအတွက် နိုင်ငံရေးထွက်ပေါက် ဖွင့်လှစ်ပေးခဲ့မှုတွေက နှောင်းလူတို့အဖို့ အတုယူဖို့ကောင်းတယ်ဗျ။

ဒီလိုပဲ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့မှာ နိုင်ငံတော်ကောင်စီရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် အမှတ်စဉ်(၂/၈၀)နဲ့ အတူ ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့်ဇနီး ဒေါ်မြရီ၊ ဗိုလ်မှူးဟောင်း စောကြာဒိုး၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ စခန်းမှူးဦးလှိုင် နှင့် မိသားစုဝင် ၁၁ ဦး၊ သခင်သန်းကြည်၊ ဒေါက်တာ မန်းမြင့်ဆိုင်၊ ရန်ကုန်ဘဆွေနှင့် မိသားစု၊ ကျားနက်တပ်ရင်းမှူးထွန်းမြိုင်နှင့် ၁၀ ဦး၊ တောင်ပိုင်းတိုင်းမှ ပြည်သိမ်းတပ်ရင်းမှူး ဖေတင်၊ တပ်မမှူး တင်ငွေ၊ ဒုတိယတပ်ရင်းမှူး အောင်နိုင်၊ တပ်ရင်းမှူး ဖေသိန်းနှင့် ၁၄ ဦး၊ အလယ်ပိုင်းတိုင်း ဒုတိယတိုင်းမှူး ဗိုလ်ကျော်ဒင်၊ လူငယ်ဥက္ကဋ္ဌ မြဝတီရဲခေါင်၊ တွဲဖက်အတွင်းရေးမှူး ဦးသုဝေနှင့်ဇနီး အပါအဝင် အဖွဲ့ဝင်စုစုပေါင်း ၄၅၈ ဦး တို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ရောက်ရှိကြပြီးနောက် ပါလီမန်ဒီမိုကရေစီပါတီနှင့် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်) တို့ မြန်မာနိုင်ငံရေးဇာတ်ခုံပေါ်က နိဂုံးကမ္ပတ် ချုပ်ငြိမ်းသွားခဲ့ရတဲ့ အဖြစ်သနစ်တွေကလည်း မြန်မာ့နိုင်ငံရေးခရီးမှာ နိုင်ငံရေး သံဝေဂရစရာ၊ နိုင်ငံရေးသင်ခန်းစာယူစရာရယ်လို့ ဆိုချင်ကြောင်းပါဗျာ။

**ကိုကား – တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၏ “တပ်မတော်သမိုင်း ဆဋ္ဌမတွဲ (၁၉၇၄–၁၉၈၈)”၊ ဒေါက်တာမောင်မောင်၏ “မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း” (ဒုတိယတွဲ)**

---

*စာမျက်နှာ ၇ မှ*

“တပ်မတော်မှာ ကျွန်တော်အလွန်ပျော်ပါသည်။ မပျော်မရှိ၊ တပ်မတော်ဆိုသည်မှာ စစ်သားတွေ စုဝေးထားသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ စားသတိ၊ သွားသတိ၊ နေသတိ၊ အိပ်သတိဖြင့် သတိလေးပါးကို အရင်းခံ၍ စစ်စည်းကမ်းတွေ တစ်ထမ်းတစ်ရွက်နှင့် စနစ်တကျ နေထိုင်သော ကာကွယ်ရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ သည်တော့ စည်းကမ်းတကျ နေထိုင်သွားလာလိုသော ကျွန်တော့်အဖို့ မပျော်စရာအကြောင်း ဘာမျှမရှိ၊ ပျော်ခဲ့ပါဘိ”ဟု တပ်မတော်သားဘဝကို ဖွဲ့ဆိုထားသည်။

သူအနားယူခဲ့သည်။ ပဲဟင်းစားရင်း၊ ကင်းစောင့်ရင်း၊ သက်စွန့်ဆံဖျား မရပ်မနား စစ်တိုက်ရင်း ကုန်လွန်ခဲ့သည်မှာ အနှစ် ၂၀။ လူမပန်းသော်လည်း စိတ်ပင်ပန်းလှပုံရသည်။ ချင်းတောင်တန်းသို့ မိသားစု ပြန်ကြလေတော့သည်။ တပ်မတော် လူထွက်တစ်ဦး တောင်ပေါ်သားတစ်ဦး သားသမီးတို့၏ ဖခင်၊ ကျန်နေသေးသည့် တစ်ဦးတည်းသော အမေဖြစ်သူအတွက် ဗိုလ်တိုက်ချွန်း ပြည်တော်ပြန်ပြီ။ ချစ်ဇနီးတို့ကိုယ်တိုင်ဂျပ်ခုတ် ရက်လုပ်ပေးသည့် ဖျင်အင်္ကျီကိုဝတ်၍ ကိုယ်တိုင်ထွန်ရက်စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ၊ စိတ်တိုင်းကျဆောက်လုပ်ထားသည့် သစ်သားအိမ်တို့သည် သူ့အတွက်နောက်ထပ်တောင်းဆိုစရာမလိုလောက်အောင် လုံလောက်နေခဲ့ပြီ။ သူရရှိသည့် စွမ်းရည်ဘွဲ့များအတွက် ချီးမြှင့်ငွေများက သူ့ကလေးများ ပညာသင်ဖို့အတွက် သူရည်စူးခဲ့သည်။

ယခုအချိန်တွင်မူကား သေရွာပြန် ကိုသံခဲဟု အမည်တွင်ခဲ့ဖူးသည့် အောင်ဆန်းသူရိယ၊ သူရဘွဲ့တံဆိပ်များရှင် ဗိုလ်ကြီးတိုက်ချွန်းလည်း ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ သို့သော် သူ၏အတ္ထုပ္ပတ္တိစာအုပ်မှာမူကား အကြိမ်ပေါင်းများစွာ ထပ်မံရိုက်နှိပ်ရဆဲ၊ ပြည်သူများက ဖတ်ရှုနေကြဆဲပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ သူရဲကောင်းတို့မည်သည် လူသာသေဆုံးသွားမည်၊ အမည်ကား ဘယ်တော့မှမသေ၊ ပြည်သူများ၏ ရင်ထဲဝယ် မမေ့နိုင်သည့် တပ်မတော်သားကြီးဖြစ်၍ပင်။ စာရှုသူများအဖို့ ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်းစာအုပ်သည် စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ်နှင့် ရသမျိုးစုံပါဝင်သည့် ဟင်းလေးအိုးကြီးသဖွယ် ပေးစွမ်းနိုင်မည်ဟု ညွှန်းဆိုလိုက်ရပါတော့သည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများစိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကရင်ပြည်နယ် မြဝတီမြို့နယ် မဲရုံ ၈၃ ရုံ | ၁၇၂၀၂၅ | ၉၇၇၇၉ | ၄၇၀၃၅ | ၃၇၁၀ | ၁၉၉၀၈ |
| ၂ | ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲရုံ ၁၇၆ ရုံ | ၂၃၉၆၂၀ | ၂၁၀၄၀၇ | ၅၂၆၈၈ | ၁၄၃၄ | ၂၀၉၆၈ |
| ၃ | ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် မဲရုံ ၉၅ ရုံ | ၆၂၂၈၉ | ၅၀၃၅၃ | ၇၈၀၅ | ၉၉၇ | ၇၅၇၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၃၅၄ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၁၇၉၆၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၂၃၅၉၄၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၈၂၀၂၅၊ မြေပြင်လက်ကျန် ၂၆၂၈၈၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၉၇၃၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၉၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက် ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | မြဝတီမြို့နယ် | ၈၃ | ၁၇၇၈၃၉ | ၈၀၆၉၃ | ၉၇၁၄၆ | ၈၉၈၈၅ | ၇၂၆၉ | ၈ |
| ၂ | လှိုင်းဘွဲ့မြို့နယ် | ၁၇၆ | ၂၆၈၀၉၃ | ၁၁၄၉၉၇ | ၁၅၃၀၉၆ | ၁၄၂၈၆၄ | ၁၀၄၁၀ | ၁၇၈ |
| ၃ | သံတောင်ကြီးမြို့နယ် | ၉၅ | ၇၂၀၃၇ | ၄၀၂၅၄ | ၃၁၇၈၃ | ၃၀၁၃၉ | ၂၀၅၂ | ၄၀၈ |
| | စုစုပေါင်း | ၃၅၄ | ၅၁၇၉၆၉ | ၂၃၅၉၄၄ | ၂၈၂၀၂၅ | ၂၆၂၈၈၈ | ၁၉၇၃၁ | ၅၉၄ |

### မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ မဲရုံပေါင်း ၈၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၇၇၈၃၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၀၆၉၃ ဖြစ်ကာ ကျန်ရှိရမည့် အရေအတွက်မှာ ၉၇၁၄၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၉၈၈၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက် ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၇၃၆၀၀ | ၇၉၂၀၀ | ၉၄၄၀၀ | ၈၇၁၃၉ | ၇၂၆၉ | ၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၄၉၃ | ၁၄၉၃ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၇၄၆ | | ၂၇၄၆ | ၂၇၄၆ | | |
| | စုစုပေါင်း | ၁၇၇၈၃၉ | ၈၀၆၉၃ | ၉၇၁၄၆ | ၈၉၈၈၅ | ၇၂၆၉ | ၈ |

၆။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ မြဝတီမြို့နယ်၊ ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ မဲရုံပေါင်း ၈၃ ရုံတွင် မဲလက်မှတ်အရေအတွက် ၇၂၆၉ ပျောက်ဆုံးနေပြီး ၈ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိ ရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၄၉၃ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၇။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် ပျောက် ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၃ | ၄၅၅၀ | ၂၈၁၄ | ၁၇၃၆ | ၁၇၀၅ | ၃၁ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၃ | ၆၈၅၀ | ၃၅၄၇ | ၃၃၀၃ | ၁၉၅၃ | ၁၃၅၀ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၈ | ၂၄၈၀၀ | ၉၆၂၁ | ၁၅၁၇၉ | ၁၄၃၇၈ | ၈၀၁ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၁၄ | ၃၄၅၀၀ | ၁၃၆၉၇ | ၂၀၈၀၃ | ၁၉၁၀၂ | ၁၆၉၁ | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၁၂ | ၃၁၇၀၀ | ၁၂၅၆၆ | ၁၉၁၃၄ | ၁၇၄၃၁ | ၁၇၀၃ | |
| ၆ | မဲကနယ်ကျေးရွာအုပ်စု | ၅ | ၈၅၀၀ | ၃၆၆၀ | ၄၈၄၀ | ၄၄၉၀ | ၃၅၀ | |
| ၇ | သဃ်နှ်းညီနောင်ကျေးရွာအုပ်စု | ၅ | ၇၁၅၀ | ၄၂၃၅ | ၂၉၁၅ | ၂၈၁၉ | ၉၆ | |
| ၈ | မဲ့ပလဲ့ကျေးရွာအုပ်စု | ၄ | ၆၉၀၀ | ၃၈၈၈ | ၃၀၁၂ | ၂၉၆၂ | ၅၀ | |
| ၉ | ဖားကလူကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၁၅၀၁ | ၁၆၄၉ | ၁၆၅၃ | | ၄ |
| ၁၀ | ထီးဝါပလောကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၂၂၅ | ၇၇၅ | ၇၇၅ | | |
| ၁၁ | ပေါလောကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၅၀ | ၂၅၀ | ၂၅၀ | | |
| ၁၂ | ဝှေ့ရှမ်းကျေးရွာအုပ်စု | ၂ | ၃၅၀၀ | ၁၉၈၄ | ၁၅၁၆ | ၁၅၁၆ | | |
| ၁၃ | ကွင်းကလေးကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၁၅၂ | ၁၂၄၈ | ၁၂၄၈ | | |
| ၁၄ | ပူလွဲပူကျေးရွာအုပ်စု | ၉ | ၁၄၃၅၀ | ၆၉၁၀ | ၇၄၄၀ | ၇၃၈၃ | ၅၇ | |
| ၁၅ | မယ်ထော်သလေးကျေးရွာအုပ်စု | ၃ | ၆၆၅၀ | ၃၃၅၈ | ၃၂၉၂ | ၃၂၉၄ | | ၂ |
| ၁၆ | ဖလူးကျေးရွာအုပ်စု | ၅ | ၉၃၅၀ | ၅၀၂၈ | ၄၃၂၂ | ၃၁၈၈ | ၁၁၃၄ | |
| ၁၇ | အမှတ်(၁)ရပ်ကွက်၊ ဝေါလေမြိုင်မြို့ | ၁ | ၂၀၀၀ | ၁၀၈၄ | ၉၁၆ | ၉၁၀ | ၆ | |
| ၁၈ | အမှတ်(၂)ရပ်ကွက်၊ ဝေါလေမြိုင်မြို့ | ၁ | ၅၀၀ | ၃၀၁ | ၁၉၉ | ၂၀၁ | | ၂ |
| ၁၉ | အမှတ်(၁)ရပ်ကွက်၊ စုကလိမြို့ | ၁ | ၉၅၀ | ၄၆၈ | ၄၈၂ | ၄၈၂ | | |
| ၂၀ | မဲကုလား(ဆုံဆည်းမြိုင်) စုကလိမြို့ | ၁ | ၂၉၀၀ | ၁၅၁၁ | ၁၃၈၉ | ၁၃၈၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၈၃ | ၁၇၃၆၀၀ | ၇၉၂၀၀ | ၉၄၄၀၀ | ၈၇၁၃၉ | ၇၂၆၉ | ၈ |
| | မြို့နယ်ကြိုတင်ဆန္ဒမဲ | | ၁၄၉၃ | ၁၄၉၃ | | | | |
| | မြို့နယ်လက်ကျန် | | ၂၇၄၆ | | ၂၇၄၆ | ၂၇၄၆ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၈၃ | ၁၇၇၈၃၉ | ၈၀၆၉၃ | ၉၇၁၄၆ | ၈၉၈၈၅ | ၇၂၆၉ | ၈ |

### လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၂ အုပ်စု၊ မဲရုံပေါင်း ၁၇၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၂၆၈၀၉၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၄၉၉၇ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၁၅၃၀၉၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၄၂၈၆၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့်

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၂၆၄၀၀ | ၁၁၂၈၉၈ | ၁၁၃၅၀၂ | ၁၀၃၂၇၀ | ၁၀၄၁၀ | ၁၇၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀၉၉ | ၂၀၉၉ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၉၅၉၄ | | ၃၉၅၉၄ | ၃၉၅၉၄ | | |
| စုစုပေါင်း | | ၂၆၈၀၉၃ | ၁၁၄၉၉၇ | ၁၅၃၀၉၆ | ၁၄၂၈၆၄ | ၁၀၄၁၀ | ၁၇၈ |

၉။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ လှိုင်းဘွဲ့မြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၂ အုပ်စု မဲရုံပေါင်း ၁၇၆ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၀၄၁၀ ပျောက်ဆုံးနေပြီး ၁၇၈ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၂၀၉၉ ကို အသုံးပြုထားပြီး ၃၉၅၉၄ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၁၀။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | (က) ရပ်ကွက် | ၂ | ၃၈၀၀ | ၂၂၃၆ | ၁၅၆၄ | ၁၅၅၄ | ၁၀ | |
| ၂ | (ခ) ရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၄၆ | ၅၅၄ | ၆၀၄ | | ၅၀ |
| ၃ | (ဂ) ရပ်ကွက် | ၂ | ၂၇၅၀ | ၁၄၅၇ | ၁၂၉၃ | ၁၂၉၇ | | ၄ |
| ၄ | (ဃ) ရပ်ကွက် | ၂ | ၂၂၅၀ | ၁၃၇၁ | ၈၇၉ | ၉၀၃ | | ၂၄ |
| ၅ | ကမော့ကချူးကျေးရွာအုပ်စု | ၄ | ၄၁၀၀ | ၂၁၄၃ | ၁၉၅၇ | ၁၃၃၀ | ၆၂၇ | |
| ၆ | ကော့လှိုင်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၅၇၅ | ၅၇၅ | ၅၇၅ | | |
| ၇ | ကွမ်ဘီကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၅၇၁ | ၅၇၉ | ၄၂၉ | ၁၅၀ | |
| ၈ | ပိန္နဲတောကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၁၃၂၀ | ၂၃၃၀ | ၂၃၁၆ | ၁၄ | |
| ၉ | ကွမ်တာကျေးရွာအုပ်စု | ၄ | ၆၀၅၀ | ၃၁၆၀ | ၂၈၉၀ | ၁၉၄၂ | ၉၄၈ | |
| ၁၀ | ဒိုင်းပြေကျေးရွာအုပ်စု | ၃ | ၄၂၀၀ | ၂၂၇၈ | ၁၉၂၂ | ၁၉၁၇ | ၅ | |
| ၁၁ | ဆင်ကူးကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၃၃၂ | ၁၆၁၈ | ၁၆၁၇ | ၁ | |
| ၁၂ | သမ္ဘာန်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၃၄ | ၂၁၆ | ၂၁၆ | | |
| ၁၃ | နောင်သင့်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၅၃ | ၂၉၇ | ၂၉၇ | | |
| ၁၄ | သပုထိုကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၇၂၅ | ၈၇၅ | ၈၇၅ | | |
| ၁၅ | ကြာအင်းကျေးရွာအုပ်စု | ၂ | ၃၈၅၀ | ၂၁၄၈ | ၁၇၀၂ | ၁၅၀၂ | ၂၀၀ | |
| ၁၆ | ရွှေဂွန်းကျေးရွာအုပ်စု | ၅ | ၇၄၀၀ | ၃၄၆၆ | ၃၉၃၄ | ၃၁၃၈ | ၇၉၆ | |
| ၁၇ | ကိုမောင်ကျေးရွာအုပ်စု | ၃ | ၄၉၅၀ | ၂၃၅၅ | ၂၅၉၅ | ၂၃၉၅ | ၂၀၀ | |
| ၁၈ | မြလေးကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၄၄၁ | ၁၅၅၉ | ၁၅၆၀ | | ၁ |
| ၁၉ | အင်းနို့သိပ္ပံကျေးရွာအုပ်စု | ၄ | ၅၉၅၀ | ၂၉၄၁ | ၃၀၀၉ | ၃၀၀၉ | | |
| ၂၀ | တဝန်ဖန်ရကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၅၂၅ | ၁၃၇၅ | ၁၃၇၅ | | |
| ၂၁ | ကျုံပကိုကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၁၅၇၁ | ၁၇၂၉ | ၁၇၂၉ | | |
| ၂၂ | ကြို့ချောင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၃၉၈ | ၁၀၀၂ | ၉၀၄ | ၉၈ | |
| ၂၃ | ဥဒေါင်းကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၇၀၂ | ၁၂၄၈ | ၁၂၄၈ | | |
| ၂၄ | တခင်းလုံကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၅၅၉ | ၄၄၁ | ၄၄၁ | | |
| ၂၅ | သာယာကုန်းကျေးရွာအုပ်စု | ၆ | ၇၀၀၀ | ၄၅၃၂ | ၂၄၆၈ | ၂၄၆၈ | | |
| ၂၆ | နောကောကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၀၆၈ | ၈၈၂ | ၈၈၄ | | ၂ |
| ၂၇ | ထီလုံကျေးရွာအုပ်စု | ၄ | ၄၃၀၀ | ၂၆၀၅ | ၁၆၉၅ | ၁၇၃၄ | | ၃၉ |
| ၂၈ | ဝင်းစိန်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၉၀၂ | ၁၈၄၈ | ၁၅၉၈ | ၂၅၀ | |
| ၂၉ | နောင်တိုင်ကျေးရွာအုပ်စု | ၃ | ၄၃၅၀ | ၂၀၅၀ | ၂၃၀၀ | ၂၃၀၀ | | |
| ၃၀ | ထသိန်ကြီးဝိုင်းကျေးရွာအုပ်စု | ၁ | ၃၅၀ | ၁၅၇ | ၁၉၃ | ၁၉၃ | | |
| ၃၁ | ပတ်ကျောကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၁၉၅၁ | ၁၄၉၉ | ၁၄၉၅ | ၄ | |
| ၃၂ | အထက်ရေပူကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၁၉၅၆ | ၁၈၄၄ | ၁၇၃၈ | ၁၀၆ | |
| ၃၃ | အောက်ရေပူကျေးရွာအုပ်စု | ၄ | ၅၃၀၀ | ၂၄၂၂ | ၂၈၇၈ | ၁၉၇၈ | ၉၀၀ | |
| ၃၄ | ပိုင်ကျုံအမှတ်(၁)ရပ်ကွက် | ၁ | ၁၅၀ | ၉၇ | ၅၃ | ၅၃ | | |
| ၃၅ | ပိုင်ကျုံအမှတ်(၂)ရပ်ကွက် | ၁ | ၆၅၀ | ၃၅၃ | ၂၉၇ | ၂၉၇ | | |
| ၃၆ | ပိုင်ကျုံအမှတ်(၃)ရပ်ကွက် | ၁ | ၄၅၀ | ၂၃၆ | ၂၁၄ | ၂၁၄ | | |
| ၃၇ | ပိုင်ကျုံအမှတ်(၄)ရပ်ကွက် | ၁ | ၁၀၅၀ | ၅၅၈ | ၄၉၂ | ၄၂ | ၄၅၀ | |
| ၃၈ | ပိုင်ကျုံအမှတ်(၅)ရပ်ကွက် | ၁ | ၁၄၀၀ | ၁၀၁၉ | ၃၈၁ | ၃၈၃ | | ၂ |
| ၃၉ | ကစိုကျေးရွာအုပ်စု | ၃ | ၄၁၅၀ | ၂၂၇၃ | ၁၈၇၇ | ၁၆၇၇ | ၂၀၀ | |
| ၄၀ | မိုးနိုင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၀၅၀ | ၁၃၅၀ | ၁၃၅၀ | | |
| ၄၁ | နောင်ခလုံးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၄၃၆ | ၇၆၄ | ၅၆၄ | ၂၀၀ | |
| ၄၂ | ဝင်းဖရကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၂၉၀ | ၁၀၁၀ | ၁၀၁၀ | | |
| ၄၃ | နောင်ဘိုးကြီးကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၂၀၈ | ၉၉၂ | ၉၉၂ | | |
| ၄၄ | ရွာကိုင်းကောင်းကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၂၉၂ | ၁၀၀၈ | ၁၀၁၀ | | ၂ |
| ၄၅ | ကော့နွဲ့ကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၂၈၁ | ၁၁၆၉ | ၁၀၁၉ | ၁၅၀ | |
| ၄၆ | နောင်မြလွဲကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၀၄၂ | ၈၅၈ | ၈၀၈ | ၅၀ | |
| ၄၇ | ကော့ဖမွတ်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၀၉၁ | ၇၅၉ | ၇၅၉ | | |
| ၄၈ | ကော့မရိုင်းကျေးရွာအုပ်စု | ၃ | ၃၅၅၀ | ၁၆၇၄ | ၁၈၇၆ | ၁၅၂၆ | ၃၅၀ | |
| ၄၉ | ဒေါ်လန်းကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၂၁၆၈ | ၂၆၃၂ | ၂၃၃၇ | ၂၉၅ | |
| ၅၀ | ပတကျေးရွာအုပ်စု | ၃ | ၃၆၅၀ | ၁၉၅၂ | ၁၆၉၈ | ၁၆၉၈ | | |
| ၅၁ | ရေပူကြီးကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၀၀ | ၃၀၀ | ၂၀၀ | ၁၀၀ | |
| ၅၂ | ကြက်တူရွေးကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၂၅၃ | ၈၄၇ | ၈၄၇ | | |
| ၅၃ | ပေါလောက်ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၉၃၉ | ၇၆၁ | ၇၆၁ | | |
| ၅၄ | ပေါင်ကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၉၇၉ | ၉၂၁ | ၉၂၃ | | ၂ |
| ၅၅ | ထန်းတပင်ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၄၀၂ | ၁၀၄၈ | ၁၀၄၈ | | |
| ၅၆ | နောင်ခွီးကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၇၈၉ | ၁၃၁၁ | ၁၂၆၁ | ၅၀ | |
| ၅၇ | ဘီးစကတ်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၀၁၄ | ၇၃၆ | ၇၃၆ | | |
| ၅၈ | ထီးဖိုးကိန်ကျေးရွာအုပ်စု | ၃ | ၃၅၅၀ | ၁၉၁၃ | ၁၆၃၇ | ၁၃၈၃ | ၂၅၄ | |
| ၅၉ | တာကရားကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၀၄၀ | ၁၉၆၀ | ၉၆၀ | ၁၀၀၀ | |
| ၆၀ | မဲပရကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၉၉၃ | ၁၂၀၇ | ၁၂၀၇ | | |
| ၆၁ | နွဲ့ပညာကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၅၄၅ | ၈၅၅ | ၈၅၅ | | |
| ၆၂ | ကဒီကံကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၅၅၅ | ၄၄၅ | ၄၄၅ | | |
| ၆၃ | ကော့မြတ်ကြီးကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၀၃၃ | ၁၁၆၇ | ၁၂၁၇ | | ၅၀ |
| ၆၄ | ဝင်းစောကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၆၅၅ | ၂၁၄၅ | ၈၄၅ | ၁၃၀၀ | |
| ၆၅ | လော်ကော်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၁၅၆ | ၁၀၄၄ | ၉၉၃ | ၅၁ | |
| ၆၆ | မိကြောင်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၄၆၉ | ၇၈၁ | ၇၈၁ | | |
| ၆၇ | သမိုကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၈၂၈ | ၂၂၂၂ | ၂၂၂၂ | | |
| ၆၈ | တာလယ်ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၄၀၇ | ၂၆၄၃ | ၂၀၉၃ | ၅၅၀ | |
| ၆၉ | တာပေါင်ကျေးရွာအုပ်စု | ၃ | ၄၃၀၀ | ၂၂၃၈ | ၂၀၆၂ | ၁၉၁၄ | ၁၄၈ | |
| ၇၀ | ကမော့လဲ(မအဲ)ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၁၇၃ | ၉၂၇ | ၉၂၉ | | ၂ |
| ၇၁ | ကမော့လဲ(ကျောင်း)ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၁၅၇၃ | ၁၆၂၇ | ၁၆၂၃ | ၄ | |
| ၇၂ | တခွက်ဖိုးကျေးရွာအုပ်စု | ၁၀ | ၁၇၉၅၀ | ၇၉၈၂ | ၉၉၆၈ | ၉၂၇၂ | ၆၉၆ | |
| ၇၃ | ရှမ်းရွာသစ် အမှတ်(၁)ရပ်ကွက် | ၁ | ၂၀၀ | ၂၆ | ၁၇၄ | ၇၄ | ၁၀၀ | |
| ၇၄ | ရှမ်းရွာသစ် အမှတ်(၂)ရပ်ကွက် | ၁ | ၂၅၀ | ၂၀၂ | ၄၈ | ၄၈ | | |
| ၇၅ | ရှမ်းရွာသစ် အမှတ်(၃)ရပ်ကွက် | ၁ | ၁၀၀ | ၁၉ | ၈၁ | ၈၁ | | |
| ၇၆ | ရှမ်းရွာသစ် အမှတ်(၄)ရပ်ကွက် | ၁ | ၁၀၀ | ၂၆ | ၇၄ | ၇၄ | | |
| ၇၇ | မဲလောခီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၃၈၃ | ၈၆၇ | ၈၆၇ | | |
| ၇၈ | မဲသမူကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၉၂၇ | ၁၁၂၃ | ၁၁၁၉ | ၄ | |
| ၇၉ | စောလောကျေးရွာအုပ်စု | ၁ | ၆၀၀ | ၁၅၇ | ၄၄၃ | ၄၄၃ | | |
| ၈၀ | ပထလာပကျေးရွာအုပ်စု | ၁ | ၄၅၀ | ၁၀၄ | ၃၄၆ | ၃၄၆ | | |
| ၈၁ | ပိုးပလေကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၀၃ | ၃၉၇ | ၃၄၈ | ၄၉ | |
| ၈၂ | ကွီးလေးကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၄၁၄ | ၁၂၈၆ | ၁၂၈၆ | | |
| ၈၃ | ရင်းဘိုင်းကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၆၆၅ | ၈၈၅ | ၈၈၅ | | |
| ၈၄ | ရေတံခွန်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၀၆ | ၂၉၄ | ၂၉၄ | | |
| ၈၅ | မဲလရောကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၆၆၀ | ၁၆၉၀ | ၁၅၉၀ | ၁၀၀ | |

*စာမျက်နှာ ၁၃ သို့*

စာမျက်နှာ ၁၂ မှ



မြဝတီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်း။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၇၆ | ၂၂၆၄၀၀ | ၁၁၂၈၉၈ | ၁၁၃၅၀၂ | ၁၀၃၂၇၀ | ၁၀၄၁၀ | ၁၇၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၀၉၉ | ၂၀၉၉ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၉၅၉၄ | | ၃၉၅၉၄ | ၃၉၅၉၄ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၇၆ | ၂၆၈၀၉၃ | ၁၁၄၉၉၇ | ၁၅၃၀၉၆ | ၁၄၂၈၆၄ | ၁၀၄၁၀ | ၁၇၈ |

## သံတောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တွင် ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၁ အုပ်စု၊ မဲရုံပေါင်း ၉၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၇၂၀၃၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၀၂၅၄ ဖြစ်ကာ ကျန်ရှိရမည့် အရေအတွက်မှာ ၃၁၇၈၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၁၃၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၇၂၈၈ | ၃၉၅၄၆ | ၂၇၇၄၂ | ၂၆၀၉၈ | ၂၀၅၂ | ၄၀၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၀၈ | ၇၀၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၀၄၁ | | ၄၀၄၁ | ၄၀၄၁ | | |
| | စုစုပေါင်း | ၇၂၀၃၇ | ၄၀၂၅၄ | ၃၁၇၈၃ | ၃၀၁၃၉ | ၂၀၅၂ | ၄၀၈ |

၁၂။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ သံတောင်ကြီးမြို့နယ်၊ ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၅၁ အုပ်စု မဲရုံပေါင်း ၉၅ ရုံတွင် မဲလက်မှတ်အရေအတွက် ၂၀၅၂ ပျောက်ဆုံးနေပြီး ၄၀၈ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၇၀၈ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၁၃။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | ရပ်ကွက်(၁)သံတောင်ကြီး | ၂ | ၂၀၀၀ | ၁၁၀၆ | ၈၉၄ | ၈၉၄ | | |
| ၂ | ရပ်ကွက်(၂)သံတောင်ကြီး | ၁ | ၉၃၈ | ၅၃၇ | ၄၀၁ | ၄၁၁ | | ၁၀ |
| ၃ | ရပ်ကွက်(၃)သံတောင်ကြီး | ၁ | ၁၆၀၀ | ၉၃၉ | ၆၆၁ | ၆၅၉ | ၂ | |
| ၄ | ရပ်ကွက်(၄)သံတောင်ကြီး | ၁ | ၉၀၀ | ၅၀၆ | ၃၉၄ | ၃၉၄ | | |
| ၅ | ရပ်ကွက်(၅)သံတောင်ကြီး | ၁ | ၂၁၀၀ | ၁၀၉၉ | ၁၀၀၁ | ၁၀၀၁ | | |
| ၆ | ရပ်ကွက်(၁)သံတောင် | ၂ | ၁၅၅၀ | ၇၇၃ | ၇၇၇ | ၈၃၁ | | ၅၄ |
| ၇ | ရပ်ကွက်(၂)သံတောင် | ၂ | ၁၄၀၀ | ၇၅၂ | ၆၄၈ | ၆၅၂ | | ၄ |
| ၈ | ရပ်ကွက်(၃)သံတောင် | ၂ | ၁၅၅၀ | ၉၃၁ | ၆၁၉ | ၆၂၁ | | ၂ |
| ၉ | ရပ်ကွက်(၄)သံတောင် | ၂ | ၂၃၀၀ | ၁၀၆၀ | ၁၂၄၀ | ၈၉၄ | ၃၄၆ | |
| ၁၀ | ရပ်ကွက်(၁)ဘောဂလိ | ၁ | ၃၅၀ | ၂၀၇ | ၁၄၃ | ၁၄၃ | | |
| ၁၁ | ရပ်ကွက်(၂)ဘောဂလိ | ၁ | ၄၀၀ | ၂၄၇ | ၁၅၃ | ၁၅၃ | | |
| ၁၂ | ရပ်ကွက်(၃)ဘောဂလိ | ၁ | ၄၅၀ | ၂၆၀ | ၁၉၀ | ၁၉၂ | | ၂ |
| ၁၃ | ရပ်ကွက်(၄)ဘောဂလိ | ၁ | ၃၅၀ | ၂၄၄ | ၁၀၆ | ၁၀၆ | | |
| ၁၄ | တောပြာကြီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၇၇၇ | ၄၇၃ | ၄၇၃ | | |
| ၁၅ | ရွာကြီးကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၁၉၈၂ | ၁၅၆၈ | ၁၆၃၁ | | ၆၃ |
| ၁၆ | စီပင်ကြီးကျေးရွာအုပ်စု | ၂ | ၇၅၀ | ၅၃၈ | ၂၁၂ | ၂၁၂ | | |
| ၁၇ | စီပင်ကလေးကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၂၉ | ၄၂၁ | ၄၂၁ | | |
| ၁၈ | ကွဲဖြူတောင်ကျေးရွာအုပ်စု | ၂ | ၇၅၀ | ၄၅၉ | ၂၉၁ | ၂၉၁ | | |
| ၁၉ | မောင်နွဲ့ကြီးကျေးရွာအုပ်စု | ၂ | ၉၀၀ | ၃၃၃ | ၅၆၇ | ၄၆၇ | ၁၀၀ | |
| ၂၀ | ခုံတိုင်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၉၂ | ၂၅၈ | ၂၅၈ | | |
| ၂၁ | ဒါဝါလော်ချီကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၁၁ | ၃၈၉ | ၃၈၉ | | |
| ၂၂ | လယ်ခိုဒိုးခိုကျေးရွာအုပ်စု | ၁ | ၃၅၀ | ၁၀၄ | ၂၄၆ | ၂၄၆ | | |
| ၂၃ | လိပ်ပြာကလေးကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၇၂ | ၁၂၈ | ၁၂၈ | | |
| ၂၄ | လိပ်ပြာကြီးကျေးရွာအုပ်စု | ၁ | ၃၀၀ | ၁၄၈ | ၁၅၂ | ၁၅၂ | | |
| ၂၅ | လယ်ခိုဒိုးကားကျေးရွာအုပ်စု | ၁ | ၁၀၀ | ၂၅ | ၇၅ | ၂၅ | ၅၀ | |
| ၂၆ | သပြေညွန့်ကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၁၈၀၁ | ၁၄၄၉ | ၁၁၄၇ | ၃၀၂ | |
| ၂၇ | မဲတင်းတိမ်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၁၂၀ | ၃၃၀ | ၃၃၀ | | |
| ၂၈ | ကျောက်ပုံကျေးရွာအုပ်စု | ၁ | ၆၅၀ | ၂၆၀ | ၃၉၀ | ၃၉၀ | | |
| ၂၉ | စပါးကျီကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၆၉ | ၁၀၈၁ | ၁၀၈၁ | | |
| ၃၀ | ပြောင်သိုကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၆၃ | ၁၈၇ | ၁၈၇ | | |
| ၃၁ | ရေသိုးကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၇၂ | ၁၁၇၈ | ၁၂၂၈ | | ၅၀ |
| ၃၂ | ရေတံခွန်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၂၆ | ၉၂၄ | ၈၂၄ | ၁၀၀ | |
| ၃၃ | ချောင်းမငယ်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၆၉ | ၈၁ | ၈၁ | | |
| ၃၄ | ရပ်ကွက်(၁)လိပ်သို | ၁ | ၈၅၀ | ၅၈၁ | ၂၆၉ | ၂၇၃ | | ၄ |
| ၃၅ | ရပ်ကွက်(၂)လိပ်သို | ၁ | ၂၀၀ | ၁၆၁ | ၃၉ | ၄၁ | | ၂ |
| ၃၆ | ရပ်ကွက်(၃)လိပ်သို | ၁ | ၄၀၀ | ၂၅၁ | ၁၄၉ | ၁၀၁ | ၄၈ | |
| ၃၇ | ရပ်ကွက်(၄)လိပ်သို | ၁ | ၄၀၀ | ၂၆၉ | ၁၃၁ | ၁၃၁ | | |
| ၃၈ | ရပ်ကွက်(၅)လိပ်သို | ၁ | ၇၀၀ | ၃၅၀ | ၃၅၀ | ၂၄၇ | ၁၀၃ | |
| ၃၉ | ရပ်ကွက်(၆)လိပ်သို | ၁ | ၃၀၀ | ၁၈၂ | ၁၁၈ | ၁၁၈ | | |
| ၄၀ | အလယ်ချောင်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၀၀ | ၂၅၀ | ၅၀ | ၂၀၀ | |
| ၄၁ | မိုင်းလွန်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၅၅ | ၄၄၅ | ၄၄၅ | | |
| ၄၂ | ဇလဲကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၆၈ | ၄၃၂ | ၄၃၂ | | |
| ၄၃ | သာမိုးတောင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၂၇ | ၃၇၃ | ၃၇၉ | | ၆ |
| ၄၄ | လိပ်သိုကြီးကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၄၃ | ၁၀၇ | ၁၀၇ | | |
| ၄၅ | လဘက်အင်းကြီးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၇၀ | ၂၈၀ | ၂၂၉ | ၅၁ | |
| ၄၆ | ထမုံကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၃၉ | ၆၁၁ | ၆၆၁ | | ၅၀ |
| ၄၇ | ကျမိုင်းကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၂၇၇ | ၁၀၇၃ | ၈၇၃ | ၂၀၀ | |
| ၄၈ | ကျောက်တံခါးကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၇၀ | ၄၃၀ | ၄၃၄ | | ၄ |
| ၄၉ | မိတ်သလင်တောင်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၁၇ | ၂၈၃ | ၂၈၃ | | |
| ၅၀ | ကျေးမင်းကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၀၇ | ၂၉၃ | ၂၄၃ | ၅၀ | |
| ၅၁ | ငှက်ပျောတောကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၀၆ | ၁၉၄ | ၁၉၄ | | |
| ၅၂ | အဒိုးသဲပျော်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၈ | ၁၂၂ | ၁၂၂ | | |
| ၅၃ | ကစောပလိုကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၀၂ | ၁၄၈ | ၁၅၀ | | ၂ |
| ၅၄ | ချီးသူစောကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၄၈ | ၂၀၂ | ၅၂ | ၁၅၀ | |
| ၅၅ | သာမိတိုက်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၀၁ | ၄၄၉ | ၃၉၉ | ၅၀ | |
| ၅၆ | ရှမ်းလယ်ပြင်ကြီးကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၅၆ | ၁၄၄ | ၁၄၈ | | ၄ |
| ၅၇ | မင်းလမ်းတောင်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၀၅ | ၁၉၅ | ၂၄၅ | | ၅၀ |
| ၅၈ | ငွေတောင်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၄၁ | ၁၅၉ | ၁၅၉ | | |
| ၅၉ | ရှမ်းလယ်ပြင်အောက် ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၉၇ | ၃၅၃ | ၂၀၃ | ၁၅၀ | |
| ၆၀ | ကျောက်ကြီးတောင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၁၃ | ၂၃၇ | ၂၃၇ | | |
| ၆၁ | ကျေးကတော့ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၆၁၆ | ၈၄ | ၁၈၃ | | ၉၉ |
| ၆၂ | တောပုန်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၁၂ | ၃၃၈ | ၁၈၈ | ၁၅၀ | |
| ၆၃ | ကလေခိုကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၁၁ | ၃၃၉ | ၃၃၉ | | |
| ၆၄ | မောင်ကျော်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၀၇ | ၁၄၃ | ၁၄၃ | | |
| ၆၅ | မောင်ဘလောက်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၆ | ၁၄၄ | ၁၄၄ | | |
| ၆၆ | ကလေတကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၀၃၁ | ၃၁၉ | ၃၁၉ | | |
| ၆၇ | ဒါရိုးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၅၆ | ၁၉၄ | ၁၉၄ | | |
| ၆၈ | ဟိုသောပလိုကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၀၈ | ၂၉၂ | ၂၉၂ | | |
| ၆၉ | ခမာဒီဖိုလီကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၆၈ | ၁၈၂ | ၁၈၄ | | ၂ |
| ၇၀ | ထီးသာစောကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၅၆ | ၂၄၄ | ၂၄၄ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၉၅ | ၆၇၂၈၈ | ၃၉၅၄၆ | ၂၇၇၄၂ | ၂၆၀၉၈ | ၂၀၅၂ | ၄၀၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၇၀၈ | ၇၀၈ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၀၄၁ | | ၄၀၄၁ | ၄၀၄၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၅ | ၇၂၀၃၇ | ၄၀၂၅၄ | ၃၁၇၈၃ | ၃၀၁၃၉ | ၂၀၅၂ | ၄၀၈ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အိန္ဒိယနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သုံးသိန်းနီးပါးစံချိန်တင်ခဲ့ အရှေ့တောင်အာရှနိုင်ငံအချို့တွင်လည်း ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်

ဟောင်ကောင် မေ ၂၁

**အိန္ဒိယနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သုံးသိန်းနီးပါးစံချိန်တင်ခဲ့သလို အရှေ့တောင်အာရှနိုင်ငံ အချို့တွင်လည်း ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင် မေ ၂၁ ရက်က နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၀၀၀၀ နီးပါး ရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ လှိုင်းဂယက်သစ် ထပ်မံရိုက်ခတ်နေချိန်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ နယူးဇီလန်နိုင်ငံတွင်လည်း အာရှ-ပစိဖိတ်ဒေသတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ နောက်ဆုံးသတင်းများကို အခြေပြုကာ ကျန်းမာရေး စောင့်ရှောက်ရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။**

### အိန္ဒိယ

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၉၅၀၄၁ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၁၅၆၁၆၁၃၀ ရှိကြောင်း မှတ်တမ်းတင် ဖော်ပြခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၂၀၂၃ ဦး ထပ်မံသေဆုံးခဲ့ခြင်းအပါအဝင် စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် ၁၈၂၅၅၃ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သောသတင်း အချက်အလက်များအရ သိရသည်။

မေ ၂၀ ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၁၂၅၅၆၁ ဦး ထပ်တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ခံစားနေရသူ ၂၁၅၇၅၃၈ ဦးရှိသည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါကင်းစင်ပြီး ဆေးရုံမှ ပြန်လည်ဆင်းလာသူ ၁၃၂၇၆၀၃၉ ဦးရှိသည်။

အိန္ဒိယနိုင်ငံ နာရှစ်မြို့ရှိ ပြည်သူ့ဆေးရုံတစ်ခုတွင် အောက်ဆီဂျင်ဖြည့်သည့် သိုလှောင်ကန်ယိုစိမ့်မှု ဖြစ်ပွားခဲ့သောကြောင့် အောက်ဆီဂျင် ထောက်ပံ့မှု လျော့နည်းခဲ့ရာ ကိုဗစ်-၁၉ လူနာ အနည်းဆုံး ၂၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။



ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်နေစဉ်အတွင်း အိန္ဒိယပြည်သူများကို ဘင်္ဂလားမြို့ ရထားဘူတာရုံတွင် တွေ့ရစဉ်။

### နယူးဇီလန်

နယူးဇီလန်ကျန်းမာရေးဝန်ကြီး အန်းဒရူးလစ်တယ်က အဓိကကျသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ဦးစားပေးဆောင်ရွက်လျက်ရှိသလို နယူးဇီလန်နိုင်ငံသားအားလုံးအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ သာတူညီမျှရရှိရေးကိုလည်း လျစ်လျူရှုသွားမည် မဟုတ်ကြောင်း၊ အဆိုပါ ကိစ္စနှစ်ခုသည် ကျန်းမာရေး ပြုပြင်ပြောင်းလဲမှုတွင် အဓိကကျသည့် အချက်နှစ်ချက် ဖြစ်ပါကြောင်း ပြောကြားသည်။

### မလေးရှား

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၄၀ ရှိလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၈၁၈၁၃ ဦးရှိ ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂ ဦး မှာ ပြည်ပကူးစက်မှုများဖြစ်ပြီး ၂၃၂၈ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောသည်။

### သီရိလင်္ကာ

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူသူများလာပြီး ကိုဗစ်-၁၉ ကူးစက်မှု မြင့်တက်လာသည့်အပေါ် သီရိလင်္ကာ ကျန်းမာရေးအာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံတွင်လည်း ကျန်းမာရေးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၂၂၇ ဦး တိုးလာကြောင်း သတင်းထုတ်ပြန်ဖော်ပြပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၉၆၂၃၀၇ ဦးရှိလာခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်နောက်ထပ်၁၂၄ဦးထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၆၂၆၅ ဦးရှိကြောင်း သိရသည်။

မြို့တော်မနီလာတွင် ကိုဗစ်-၁၉ အသင့်အတင့် ကူးစက်ဖြစ်ပွားသူများကို ကုသပေးရန် ၃၃၆ ခုတင်ဆံ့ ကွင်းပြင်ဆေးရုံကြီးကို တည်ဆောက်လျက်ရှိကြောင်း အစိုးရက ကြေညာခဲ့သည်။

### ထိုင်း

ထိုင်းနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၅၈ ဦးရှိခဲ့ပြီး ထပ်မံသေဆုံးသူ နှစ်ဦးရှိခဲ့ကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးဌာနက ဖော်ပြခဲ့သည်။ ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ လူနာများအနက် ၁၄၅၄ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကာ တခြားလေးဦးမှာ ပြည်ပကူးစက်သူများဖြစ်ကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အပီဆာမိုင်က ပြောကြားလိုက်သည်။

### လာအို

လာအိုဝန်ကြီးချုပ် ဖန်ခမ်ဗီဖာဗန်က သတ်မှတ်အုပ်စုများကို ကာကွယ်ဆေး ဆက်လက်ထိုးပေးနိုင်ရန်နှင့် တခြားနိုင်ငံသားများ အားလုံးကိုလည်း ကာကွယ်ဆေးထိုးပေးနိုင်ရေး ကမ်းလှမ်းမှုများ လုပ်ဆောင်ရန် သက်ဆိုင်ရာ အာဏာပိုင်များကို တိုက်တွန်း ပြောကြားလိုက်သည်။ လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၈ ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၈ ဦးရှိကြောင်း သိရသည်။

### နီပေါ

နီပေါကျန်းမာရေးကျွမ်းကျင်သူများက ကိုဗစ်-၁၉ ကူးစက်မှု ထပ်မံဖြစ်ပွားမှုများကို လျှော့ချရန် တင်းကျပ်သော ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုက်သည်။ လူ ၂၅ ဦးထက် ပိုမိုစုဝေးခြင်းမပြုရန်လည်း တားမြစ်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်နေချိန်တွင် ကျေးလက်ဒေသများရှိ ကျောင်းများပိတ်ရန်၊ ရုပ်ရှင်ရုံများနှင့် အားကစားရုံများ၊ ကျန်းမာရေးလေ့ကျင့်မှုပြုလုပ်ရာနေရာများကိုလည်းပိတ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

---

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၄ သန်းကျော်ရှိလာ

**ဆော်ပေါ်လို မေ ၂၁**

ဘရာဇီးနိုင်ငံတွင် မေ ၂၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၉၃၈၁ ဦးရှိလာပြီး စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁၄၀၄၃၀၇၆ ဦး ရှိလာပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။



ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသော ပြည်သူတစ်ဦး လမ်းလျှောက်နေသည်ကို တွေ့ရစဉ်။

ကျန်းမာရေးဝန်ကြီးဌာနက နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၃၃၂၁ ထပ်မံ သေဆုံးခဲ့ကြောင်း အတည်ပြုဖော်ပြခဲ့သလို စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၇၈၀၀၃ ဦးရှိလာခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာ့ဒုတိယသေဆုံးမှု အများဆုံးနိုင်ငံဖြစ်လာသလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့တတိယအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ မတ်လကတည်းက ဘရာဇီးနိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ပျမ်းမျှသေဆုံးမှုသည် အများဆုံးဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ လှိုင်းဂယက်သစ်ကို ဖေဖော်ဝါရီလကတည်းက ရင်ဆိုင်ခဲ့ရသော ဘရာဇီးပြည်နယ်များနှင့် မြို့တော်များတွင် အသွားအလာ ကန့်သတ်ပိတ်ဆို့မှုချမှတ်ခြင်းနှင့် ညမထွက်ရ အမိန့်ချမှတ်ခြင်းများကို ချမှတ်ကျင့်သုံးခဲ့သည်။ **ဆင်ဟွာ**

---

## ဂျပန်နိုင်ငံ အိုဆာကာခရိုင်တွင် မေ ၂၁ ရက်သည် ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်ခဲ့

**အိုဆာကာ မေ ၂၁**

ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာခရိုင်တွင် မေ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၄၂ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

အိုဆာကာခရိုင် အတွက် အဆိုပါပမာဏသည် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးဖြစ်သည်။ မေ ၁၈ ရက်က ကိုဗစ်-၁၉ ကူးစက်မှုအများဆုံး အဖြစ် စံချိန်တင်သတ်မှတ်ခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပမာဏ ၁၂၁၉ ဦးကို ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

အိုဆာကာခရိုင်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဦးရေ ၁၀၀၀ ကျော်ရှိခဲ့သည်မှာ ရှစ်ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။




အိုဆာကာခရိုင်အုပ်ချုပ်ရေးမှူး ဟီရိုဖူမီ ယိုရှီမူရာ။

ထို့အပြင် အိုဆာကာခရိုင်တွင် မေ ၂၁ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေ ၂၀ ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းက ယခုအချိန်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၇၁၀၈၃ ဦး ရှိခဲ့ပြီး သေဆုံးသူ ၁၃၀၁ ဦး ရှိလာပြီ ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေး(Covishield) အရေအတွက်(၁.၅)သန်းကို ပထမအသုတ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရ၏ လက်ဆောင်အနေဖြင့် ရရှိခဲ့ပါသည်။ ဆက်လက်၍ ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်ကာကွယ်ဆေး(၃၀)သန်းအနက်မှ အရေအတွက်(၂)သန်းကိုရရှိခဲ့ရာ ယနေ့အထိ စုစုပေါင်းကာကွယ်ဆေး အရေအတွက်(၃.၅)သန်း ရရှိပြီး ဖြစ်ပါသည်။ ထပ်မံရောက်ရှိရန် ကျန်ရှိသည့်ကာကွယ်ဆေး (၂၈)သန်းကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလများအတွင်းတွင် အသုတ်လိုက် ရောက်ရှိစေရေးဆောင်ရွက်လျက်ရှိပါသည်။

ရရှိထားသည့် ကာကွယ်ဆေးများကို ဦးစားပေးအစီအစဉ်များအရ (၂၀၂၁)ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် စတင်ထိုးနှံပေးခဲ့ပါသည်။ (၂၁.၄.၂၀၂၁)နေ့အထိ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံခြင်းအဖြစ် ကာကွယ်ဆေးအရေအတွက်(၁.၅၄)သန်း၊ ဒုတိယအကြိမ်ထိုးနှံခြင်းအဖြစ်(၀.၃၄) သန်း၊ စုစုပေါင်း ကာကွယ်ဆေးအရေအတွက် (၁.၈၈) သန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးခဲ့ပြီးဖြစ်ပါသည်။

ကျန်ရှိသောကာကွယ်ဆေးအရေအတွက်(၁.၆၂)သန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ဒုတိယအကြိမ်မြောက်အဖြစ် ထိုးနှံပေးနိုင်ရန်အတွက် သာတူညီမျှမှုရှိစွာ စနစ်တကျဖြန့်ဝေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်း ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး မိဘပြည်သူများမှမိမိတို့နေထိုင်ရာ ဒေသအလိုက် ဧပြီလနှင့် မေလများတွင်ဆက်လက်ထိုးနှံပေးမည့် ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး (အထူးသဖြင့် ဒုတိယ အကြိမ်ထိုးနှံခြင်း)ကို မပျက်မကွက်(မပျက်မကွက်) ထိုးနှံခြင်းခံယူကြပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဒုတိယအကြိမ်အဖြစ် ကာကွယ်ဆေးထိုးနှံမည့်သူများအား ထိုးနှံပြီး၍ ကာကွယ်ဆေးများ ပိုလျှံမှုပေါ်မှုတည်ကာ မိဘပြည်သူများအား ဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကာကွယ်ဆေးများဆက်လက်ရောက်ရှိလာခြင်းနှင့် ထိုးနှံမည့် အစီအစဉ်နှင့်ပတ်သက်၍ အပြောင်းအလဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန







## ၂၁-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၅၄၀၄၄၆ | ၂၅၁၀၆၀၆၄ | ၅၈၂၅၂၇ |
| ၂။ | အိန္ဒိယ | ၁၅၇၂၆၅၆၈ | ၁၃၃၁၁၃၅၄ | ၁၈၃၀၅၄ |
| ၃။ | ဘရာဇီး | ၁၄၀၅၀၈၈၅ | ၁၂၅၆၁၆၈၉ | ၃၇၈၅၃၀ |
| ၄။ | ပြင်သစ် | ၅၃၃၉၈၂၀ | ၄၁၈၁၀၀၆ | ၁၀၁၅၈၇ |
| ၅။ | ရုရှား | ၄၇၂၇၁၂၅ | ၄၃၅၂၈၇၃ | ၁၀၆၇၀၆ |
| ၆။ | ဗြိတိန် | ၄၃၉၃၃၀၇ | ၄၁၆၁၄၃၃ | ၁၂၇၃၀၇ |
| ၇။ | တူရကီ | ၄၃၈၄၆၂၄ | ၃၇၉၂၁၂၉ | ၃၆၆၁၃ |
| ၈။ | အီတလီ | ၃၈၉၁၀၆၃ | ၃၂၉၀၇၁၅ | ၁၁၇၆၃၃ |
| ၉။ | စပိန် | ၃၄၃၅၈၄၀ | ၃၁၄၇၂၈၁ | ၇၇၂၁၆ |
| ၁၀။ | ဂျာမနီ | ၃၁၈၀၈၁၀ | ၂၈၂၄၁၀၀ | ၈၁၀၈၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၂၀၅၆၉ | ၁၄၇၅၄၅၆ | ၄၄၀၀၇ |
| ဖိလစ်ပိုင် | ၉၆၂၃၀၇ | ၈၂၉၆၀၈ | ၁၆၂၆၅ |
| မလေးရှား | ၃၈၁၈၁၃ | ၃၅၈၇၂၆ | ၁၄၀၀ |
| မြန်မာ | ၁၄၂၆၇၄ | ၁၃၁၉၁၄ | ၃၂၀၆ |
| စင်ကာပူ | ၆၀၈၈၀ | ၆၀၅၄၀ | ၃၀ |
| ထိုင်း | ၄၆၆၄၃ | ၂၉၃၇၁ | ၁၁၀ |
| ကမ္ဘောဒီးယား | ၇၇၄၇ | ၂၇၉၄ | ၅၄ |
| ဗီယက်နမ် | ၂၈၀၀ | ၂၄၉၀ | ၃၅ |
| ဘရူနိုင်း | ၂၂၃ | ၂၁၀ | ၃ |
| လာအို | ၈၈ | ၄၉ | ၀ |

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော်   မေ ၂၁

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ကောင်းမြတ်ထက် (လ/ထ ဆရာဝန်) | ရေကင်း တိုက်နယ်ဆေးရုံ | ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ ဝေဖြိုးဇော် (လ/ထ ဆရာဝန်) | မိုးညို ပြည်သူ့ဆေးရုံ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ သရဖီမျိုးကြည် (လ/ထ ဆရာဝန်) | မိုးညို ပြည်သူ့ဆေးရုံ | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ကျော်ဖြိုးပိုင် (လ/ထ ဆရာဝန်) | မိုးညို ပြည်သူ့ဆေးရုံ | ရေကင်းမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ကျော်သူရ (လ/ထ ဆရာဝန်) | ထိန်တော တိုက်နယ်ဆေးရုံ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ အေးမင်းကို (လ/ထ ဆရာဝန်) | သပြု တိုက်နယ်ဆေးရုံ | ကျွန်းလှမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ နိုင်မင်းဖြိုး (လ/ထ ဆရာဝန်) | သနပ်ပင် ပြည်သူ့ဆေးရုံ | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ဝေဖြိုးအောင် (လ/ထ ဆရာဝန်) | ခရမ်း တိုက်နယ်ဆေးရုံ | သနပ္ပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ ရဲလင်းအောင် (လ/ထ ဆရာဝန်) | ပခုက္ကူပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ မို့မို့ဆွေ (လ/ထ ဆရာဝန်) | ပခုက္ကူပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ ဟန်ဖြိုး (လ/ထ ဆရာဝန်) | ပခုက္ကူပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ မျိုးဝင်းကြိုင် (တိုက်နယ် ဆေးရုံအုပ်) | ကန်ဖွန်းမတိုက်နယ်ဆေးရုံ | ဆိပ်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ သန့်နောင်လှိုင် (လ/ထ ဆရာဝန်) | မြတောင်ကျေးရွာ တိုက်နယ်ဆေးရုံ | ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ ခင်ပြည့်စုံအောင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံကြီး | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ အောင်သူဟိန်း (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ရန်နိုင်ဆွေ (ဆေးရုံအုပ်ကြီး) | လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံကြီး | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ စုဝါ (ပြည်သူ့ ကျန်းမာရေးမှူး ) | ကသာမြို့ ပြည်သူ့ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ ကျော်ဇင်ထွန်း (လ/ထ ဆရာဝန်) | ဘိုကုန်း တိုက်နယ်ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ လှမင်းစိုး (အထူးကု) | မြိတ် ပြည်သူ့ဆေးရုံကြီး | မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ ဖြိုးမြင့်ကြည် (လ/ထ ဆရာဝန်) | တကူတိုက်နယ်ဆေးရုံ | တနင်္သာရီမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ရန်နိုင်ဆွေ(ဆေးရုံအုပ်ကြီး) သည်  ရှိုင်း ကိုယ်ပိုင်ဆေးခန်း၌ လည်းကောင်း၊ ကသာမြို့ ပြည်သူ့ကျန်းမာရေးဌာနမှ ဒေါက်တာ စုဝါ (ပြည်သူ့ကျန်းမာရေးမှူး)နှင့် ဘိုကုန်းတိုက်နယ် ဆေးရုံမှ ဒေါက်တာ ကျော်ဇင်ထွန်း(လ/ထဆရာဝန်) တို့သည် မြသုခ အထူးကုဆေးခန်း၌ လည်းကောင်း၊ မြိတ်မြို့ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ လှမင်းစိုး (အထူးကု)သည် ဆု ဓာတ်ခွဲခန်း၌လည်းကောင်း၊ တနင်္သာရီမြို့နယ်၊ တကူတိုက်နယ်ဆေးရုံမှ ဒေါက်တာ ဖြိုးမြင့်ကြည် (လ/ထ ဆရာဝန်)သည် ကိုယ်ပိုင်ဆေးခန်း၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရသည်။



ဒေါက်တာ ရန်နိုင်ဆွေ (လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ) ဖွင့်လှစ်ထားသည့် ရှိုင်းဆေးခန်းနှင့်ဆေးပစ္စည်းအရောင်းဆိုင်မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ရန်နိုင်ဆွေ

စာမျက်နှာ ၁၇ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမျက်နှာ ၁၆ မှ



ဒေါက်တာ စုဝါ (ပြည်သူ့ကျန်းမာရေးမှူး၊ ကသာမြို့)နှင့် ဒေါက်တာကျော်ဇင်ထွန်း(ဘိုကုန်းတိုက်နယ်ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့်“မြသုခ”အထူးကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ စုဝါ



ဒေါက်တာ ကျော်ဇင်ထွန်း



ဒေါက်တာ လှမင်းစိုး(မြိတ်ပြည်သူ့ဆေးရုံကြီး)ဆေးကုသနေသည့် “ဆု” ဓာတ်ခွဲခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ လှမင်းစိုး



ဒေါက်တာ ဖြိုးမြင့်ကြည်(တကူတိုက်နယ်ဆေးရုံ၊ တနင်္သာရီမြို့နယ်)ဖွင့်လှစ်ထားသည့် အမည်မရှိဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဖြိုးမြင့်ကြည်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များ ထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်း ပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## လှိုင်ကော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်လာသူများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၁

ကယားပြည်နယ် လှိုင်ကော်မြို့နယ် လှိုင်လင်လေးမြို့၏ မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ထီးစဲခါးတံတားအနီး ဆီဆိုင်– လှိုင်ကော်သွားကားလမ်း၌ ဧပြီ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများအား စစ်ဆေးဆောင်ရွက်စဉ် ဆီဆိုင်ဘက်မှ လှိုင်ကော်ဘက်သို့ ခင်မောင်ထွေး(ဘ) ဦးသိန်းအောင် မောင်းနှင်ပြီး ကျော်လင်း(ဘ)အာမတ်ဟူစိန် စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်အမှတ်၊ 3G/–– Toyota Crown အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ဖုံးအတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၀၀) နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့် အတူ ဖမ်းဆီးရမိသူများအား လှိုင်လင်လေးနယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



❖ ခေတ်သစ်နယ်ချဲ့ အလိုကျ ရူးရူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော်  မေ  ၂၁

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ် ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ဥပဒေပုဒ်မ ၅၀၅ – က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | チユウテッ(游金金)<br>https://www.facebook.com/chu.katherine.7 | ချိုးရွှေရည်ထက်  | လမ်းမတော်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Nay Lin<br>https://www.facebook.com/profile.php?id=100010135632092 | နေလင်း  | ပြည်မြို့နယ်၊<br>ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Zin Min Latt<br>(ကိုဇင် အဓိပတိ)<br>https://www.facebook.com/TaungooBrotherZin | ကိုဇင်  | တောင်ငူမြို့နယ်၊<br>ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | တိုးတိုး ဝင်း<br>https://www.facebook.com/profile.php?id=100029099776996 | တိုးတိုးဝင်း   | လမ်းမတော်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Hsu Sandar Win<br>https://www.facebook.com/su.s.win.969 | ဆုစန္ဒာဝင်း  | မင်္ဂလာဒုံမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Swe Naing Siss<br>https://www.facebook.com/swe.naingsiss.9 | ကိုကိုနိုင်(ခ)<br>ဆွေနိုင်စစ်  | မဟာအောင်မြေမြို့နယ်၊<br>မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Chit Su Thel(Pont Pont)<br>https://www.facebook.com/profile.php?id=100009454581298 | ချစ်စုသဲ  | ဒဂုံမြို့သစ်(မြောက်ပိုင်း)<br>မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | LaminTaryar<br>https://www.facebook.com/maythetookhin | မေသက်ဦးခင်   | ကမာရွတ်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဆုဆု လှိုင်<br>https://www.facebook.com/profile.php?id=100016612030269 | ဆုဆုလှိုင်  | ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဖိုးသား ချောင်းဦး ဓာတ်ပုံ ဗီဒီယို<br>https://www.facebook.com/100025691083281 | အောင်သူမြတ်  | ချောင်းဦးမြို့၊<br>စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | Sandi Sein Thein<br>https://www.facebook.com/sandi.s.thein | စန္ဒီစိန်သိဏ်း  | ဗိုလ်တထောင်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | ZarZarSoe<br>https://www.facebook.com/zarzarsoe | ဇာဇာစိုး   | သန်လျင်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Eden Min (Zin Min Htun)<br>https://www.facebook.com/zinminhtun199512 | ဇင်မင်းထွန်း  | အင်းတော်မြို့နယ်၊<br>စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | PJW<br>https://www.facebook.com/projectwin.pjw | ဝင်းကိုကိုအောင်  | လသာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | MaungLuuNge<br>https://www.facebook.com/maung.luunge.1 | ဘိုဘိုကြိုင်  | မင်္ဂလာတောင်ညွန့်<br>မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | ShweKuu& Yoon San<br>https://www.facebook.com/shwekuuandyoonsan | ဝွန်ဝွန်း   | ဒဂုံမြို့သစ်<br>(မြောက်ပိုင်း)မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | Nwe Aye<br>https://www.facebook.com/nwe.aye.313 | မနွယ်အေး   | ခေတ္တ စင်ကာပူနိုင်ငံ | ၅၀၅-က |  |
| ၁၈ | Aung Zaw Myint<br>https://www.facebook.com/100010887452469 | အောင်ဇော်မြင့်  | စမ်းချောင်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Thiri Nyunt<br>https://www.facebook.com/profile.php?id=100017342414155 | သီရိညွန့်  | မဟာအောင်မြေမြို့နယ်၊<br>မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | Soe Lin Thomas<br>https://www.facebook.com/soelin.thomas | စိုးလင်း  | လယ်ဝေးမြို့နယ်၊<br>နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိ နေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါကတည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၄-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ် စာစောင်စာရင်းတွင် မိုလိုတော့ဗ် စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါကတည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၂-၄-၂၀၂၁)

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် လွိုင်လင်ခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံ

**လွိုင်လင် မေ ၂၁**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်အတွင်းရှိ လွိုင်လင်၊ နမ့်စန်၊ ကွန်ဟိန်း၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းရှူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။ ဆက်လက်၍ လွိုင်လင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းက လွိုင်လင်ခရိုင်၏ ဒေသဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၅၇၃ ကျောင်းအတွက် ဆွမ်းဆန်အိတ် ၁၀၇၉ အိတ်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီကို လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်၊ နမ့်စန်၊ ကွန်ဟိန်း၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းရှူးမြို့နယ်တို့ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးတို့က ထောက်ပံ့ပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက လက်ခံယူကြသည်။ **(အပေါ်ပုံ)**




ထို့နောက် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သာသနာ့ဝိပုလခတ်တော် ဘုန်းတော်ကြီးကျောင်းအား သွားရောက်ကာ ဆွမ်းဆန်တော်များ လှူဒါန်းပေးပြီး လွိုင်လင်ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၂၀၀ ဆံ့ အိပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ဒုတိယပါမောက္ခချုပ် က ရှင်းလင်းပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆရာ ဆရာမများအား ကြက်ဥနှင့်ဆီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ပင်လုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်း လုပ်ငန်းကို သွားရောက်စစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြီး ပင်လုံတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဆရာ ဆရာမနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဆရာ ဆရာမနှင့် ဝန်ထမ်းများအား ကြက်ဥနှင့်ဆီ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါဆေးရုံကြီး ဇီဝကခန်းမ၌ ဆရာဝန်/ ဆရာဝန်မများနှင့် တွေ့ဆုံရာ လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ တင်အောင်က ကုသရေးလုပ်ငန်းဆိုင်ရာများ၊ လွိုင်လင်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်လင်းက ပြည်သူ့ကျန်းမာရေး လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က အမှာစကားပြောကြားကာ ဆေးရုံ တက်ရောက်ကုသနေသော လူနာများအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့တို့က အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ဦးခေါင်း အထူးကုဆေးရုံကြီး(မန္တလေး)နှင့် ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီး ဖွင့်လှစ်ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု



**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဦးသိန်းဌေးနှင့် အတွင်းရေးမှူး ဦးမြင့်လွင်တို့သည် ယနေ့မွန်းလွဲ ၁ နာရီက မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း အထူးကုဆေးရုံကြီး (မန္တလေး)နှင့် ခုတင် ၃၀၀ ဆံ့ သင်ကြားဆေးရုံကြီးတို့ ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းအထူးကုဆေးရုံကြီး (မန္တလေး)နှင့် ချမ်းမြသာစည်မြို့နယ်ရှိ ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီးသို့ ရောက်ရှိပြီး အဆိုပါဆေးရုံမှ တာဝန်ရှိသူများနှင့် ဆရာဝန်များက ဆေးရုံဖွင့်လှစ်၍ လူနာများအား ဆေးဝါးကုသမှု ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းတိုက်နယ် ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ် ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များ၏ အကူအညီ တောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက် ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူး ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် မိုင် ၅၀ ခန့် ကွာဝေးသော ပဲခူးမြို့သည် လမ်းပန်းဆက်သွယ်ရေး ဆုံချက်ဖြစ်သည့် အားလျော်စွာ သယ်ယူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍများတွင် စရိတ်စက သက်သာမှုရှိသည့် သာမက အရှေ့/အနောက် စီးပွားရေး စင်္ကြံပေါ်တွင် တည်ရှိပြီး မြန်မာနိုင်ငံတွင် ဆန်စပါး ထုတ်လုပ်မှု ဒုတိယအများဆုံး ဒေသကြီးဖြစ်ကာ ငါးမွေးမြူရေးကန်များ၊ သီးနှံစိုက်ခင်းများ ပေါများစွာ တည်ရှိသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် အလားအလာကောင်းများရှိနေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာဦးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး လှည်းကူးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပါးစိုက်ကေများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က လှည်းကူးမြို့နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ စပါးစိုက်ကေများကို ကွင်းဆင်းစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ငမိုးရိပ်ဆည်မှ တစ်ဆင့် လှည်းကူးမြို့နယ် ဆင်ဖုန်ချောင်းအတွင်းသို့ ပို့လွှတ်သောရေကို ဆင်ဖုန်လျှပ်စစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးမြေ ၃၀၄၃ ဧကကို စိုက်ပျိုးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု ဆိုင်ရာ အချက်အလက်များနှင့် လှည်းကူးမြို့နယ် ဆင်ဖုန်ကျေးရွာမှ အမှတ် ၇ မြို့ရှောင်လမ်းဘေးဝဲယာ တစ်လျှောက်တိမ်ကောနေသော ရေ



မြောင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ စက်ယန္တရားများဖြင့် ပြန်လည် တူးဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်းသည် မိုးရာသီတွင် ရေစီးရေလာ ကောင်းမွန်စေပြီး ပွင့်လင်းရာသီတွင် စပါးအောင်ရေနှင့် နွေစပါးစိုက်ပျိုးရေများ သိုလှောင်သုံးစွဲနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းစာဖူလုံစွာရရှိရေးအတွက် လှည်းကူးမြို့နယ် အဝိုင်းကျေးရွာ(အနောက်) ရှိလယ်သမားကြီး ဦးသောင်းကြည်၏ မော်ဘီကောက်ညှင်းမွေးနှင့်အထွက်တိုး စပါးစိုက်ကေ ၃၀ စံကွက်ရိတ်သိမ်းမည့်ကွင်းသို့ သွားရောက်ကြည့်ရှုကြပြီး အထွက်တိုးမျိုးများ စိုက်ပျိုးကြရန်နှင့် ထွက်ရှိလာသော စပါးများကိုလည်း ဈေးကွက်တွင် ကောင်းမွန်သော ဈေးနှုန်းရရှိရေး ဆောင်ရွက်ပေးမည့် အစီအမံများကို လယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြောကြားသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## နတ်တလင်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**နတ်တလင်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးသူများအား ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်ကြသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်လေးရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများကကြီးကြပ်၍ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးဖြစ်သော သံဃာတော်များ၊သီလရှင်များနှင့် နိုင်ငံ့ဝန်ထမ်းများကိုမြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နှင့် တာမွေမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မြစိမ်းရောင် စက်မှုဇုန် မြရတနာလမ်း အကွက်အမှတ် (၁၆) ရှိ Steel Structure (၁)ထပ်၊ Yangon Matorials ပန်းချီဘောင်စက်ရုံ၌ မေ ၂၀ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့သဖြင့် ည ၁၁ နာရီ ၅၉ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး အဆိုပါ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် စက်ရုံရှိပစ္စည်းများ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ တာမွေမြို့နယ် ပင်ရွှေညောင်လမ်းနှင့် မာလာနွယ်လမ်းထောင့်ရှိ မြို့နယ် NLD ရုံး၌ ယနေ့နံနက် ၅ နာရီခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ မီးသတ်ယာဉ် ခုနစ်စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး အဆိုပါ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိဘပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကိုဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် မေ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၅၂၁၆၃ ဦး၊ အတွင်းလူနာ ၄၀၃၄ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၇၁၂၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၆၇၈ ဦး စုစုပေါင်း ၁၀၈၀၄ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကို ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၇၄၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၈၅၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၉၆၀၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ဝက်စ်ဘရွန်းအသင်းက တန်းဆင်းဇုန်အတွင်း ကျရောက်နေသော်လည်း နောက်ဆုံး ယှဉ်ပြိုင်ကစားထားသည့် ပရီမီယာလိဂ် နှစ်ပွဲတွင် ချယ်ဆီးအသင်းကို ငါးဂိုး- နှစ်ဂိုး၊ ဆောက်သမ်တန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည့်အတွက် ခြေစွမ်းထက်မြက်နေသည်ကို တွေ့ရသည်။

လက်စတာအသင်း၏ ပရီမီယာလိဂ်၌ ယှဉ်ပြိုင်ကစားထားသည့် အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်သော် အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အိမ်ကွင်းစွမ်းဆောင်ရည် ကျဆင်းတတ်သည့် လက်စတာအသင်းအနေဖြင့် ဝက်စ်ဘရွန်းအသင်းကို အနိုင်ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။ အဆိုပါ နှစ်သင်းတွေ့ဆုံခဲ့သည့် ပထမအကျော့ ဝက်စ်ဘရွန်းအိမ်ကွင်းတွင် လက်စတာအသင်းက ကက်စတိဂ်၊ ဗာဒီတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် ယနေ့ပွဲစဉ်တွင် လာမည့်ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရန်ကြိုးစားလာမည့် လက်စတာအသင်းနှင့် ပရီမီယာလိဂ်တွင် တင်ကျန်ရန် ကြိုးစားလာမည့် ဝက်စ်ဘရွန်းအသင်းတို့၏ အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ မေ ၂၃ ရက် နံနက်တွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ဂျပန်နိုင်ငံရဲ့ ကိုဗစ်-၁၉ တိုက်ဖျက်ရေးဆောင်ရွက်ချက်များ

ထွန်းကျော်

ကမ္ဘာနဲ့တစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ အချိန်ကာလရဲ့ ပွတ်တိုက်မှုအောက်မှာ တည်မြဲတဲ့နိယာမတရားတွေလို အမြဲမှန်ကန်မနေဘဲ ပြောင်းလဲဖြစ်ပေါ်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ အလျှိုလျှိုပေါ်ထွက်လာသော်လည်း ကိုဗစ်-၁၉ ကို အမြစ်ပြတ်မချေမှုန်းနိုင်သေးသလို ကိုဗစ်-၁၉ အခြေအနေကို အတိအကျပြောဖို့ဆိုတာ လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်နေပါတယ်။ အရင်တွေ့ရှိထားတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကိုတောင် မနည်းအနိုင်ယူနေရတဲ့အချိန်မှာ ကမ္ဘာ့နိုင်ငံအချို့မှာ နောက်ထပ်အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်ရဲ့ နှိပ်စက်ကလူပြုခြင်းကို ခံနေရပါတယ်။ အဲဒီထဲမှာ ဂျပန်နိုင်ငံလည်း နိုင်ငံတစ်နိုင်ငံအနေနဲ့ ပါဝင်လာပါတော့တယ်။

### တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ

ဂျပန်နိုင်ငံမှာ အရင်ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ကူးစက်ဖြစ်ပွားမှုပိုမိုမြန်ဆန်တဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်လာပါတယ်။

ဂျပန်အစိုးရဟာ တချို့ခရိုင်တွေကို တရားဝင်နိုင်ငံတော်အရေးပေါ်အခြေအနေ ပြဋ္ဌာန်းခြင်းမဟုတ်တဲ့ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေ ချမှတ်အကောင်အထည်ဖော်နိုင်ဖို့ ခွင့်ပြုပေးထားပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတဲ့ ခရိုင်တွေမှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေဟာ အဆိုပါတင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေကို ချမှတ်ကျင့်သုံးနိုင်ပါတယ်။

### သတ်မှတ်ထားတဲ့နယ်ပယ်ဒေသနဲ့ ကာလအပိုင်းအခြား

ဧပြီ ၂၀ ရက်မှစကာ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေကို ခရိုင် ၁၀ ခုမှာ ချမှတ်ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ အဲဒီထဲမှာ တိုကျို၊ အိုဆာကာ၊ ကျိုဟီး၊ ကျိုတို၊ မီယာဂီ၊ အိုကီနာဝါ၊ ဆိုင်တာမာ၊ ချီဘာ၊ ကာနာဂါဝါ နဲ့ အိုင်ချီ ခရိုင်တွေ ပါဝင်ပါတယ်။

အိုဆာကာ၊ ကျိုဟီး၊ ကျိုတို၊ မီယာဂီနဲ့ အိုကီနာဝါ ခရိုင်တွေအတွက်တော့ မေ ၅ ရက်အထိ ကြာမြင့်မှာဖြစ်ပြီး တိုကျို၊ ဆိုင်တာမာ၊ ချီဘာ၊ ကာနာဂါဝါနဲ့ အိုင်ချီခရိုင်တွေအတွက်တော့ မေ ၁၁ ရက်အထိ ကြာမြင့်မှာဖြစ်ပါတယ်။

ခရိုင်အုပ်ချုပ်ရေးမှူးတွေဟာ ဘယ်နယ်ပယ်ဒေသကို ဦးတည်ချက်ထား ဆောင်ရွက်ရမလဲဆိုတာကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒေသခံတွေအနေနဲ့ ကန့်သတ်ထားတဲ့ နယ်ပယ်ဒေသတွေကို သွားရောက်လည်ပတ်သလား၊ အဲဒီဒေသတွေမှာ နေထိုင်သလားဆိုတာမျိုးကိုလည်း စစ်ဆေးသွားရမှာပဲ ဖြစ်ပါတယ်။

### နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာခြင်းနဲ့ ကွာခြားချက်ရှိ

တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေးဆောင်ရွက်ချက်တွေဟာ ဖေဖော်ဝါရီလမှာ ပြဋ္ဌာန်းထားတဲ့ ကိုရိုနာဗိုင်းရပ်စ်အထူးဥပဒေပြင်ဆင်ချက်ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

အဲဒီမှာ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးတွေအနေနဲ့ နိုင်ငံတော်အရေးပေါ်ကြေညာခြင်းမရှိဘဲ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ ခြေလှမ်းသစ်တွေကို ချမှတ်အကောင်အထည်ဖော်ရမှာပဲ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ဘယ်ခရိုင်ကို ဦးတည်ချက်ထားမလဲ၊ ဘယ်လောက်ကြာမလဲဆိုတာကို ကြေညာပေးရမှာပဲ ဖြစ်ပါတယ်။



ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ပြည်သူများ စည်ကားပြည့်ကျပ်နေသည်ကိုတွေ့ရစဉ်။

နိုင်ငံတော် အရေးပေါ်ကြေညာချက်ဟာ ခရိုင်တစ်ခုလုံးကို အပြည့်အဝ လွှမ်းခြုံသက်ရောက်နေချိန်မှာ လက်ရှိ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေကို တိကျတဲ့နယ်ပယ်ဒေသတွေမှာ ချမှတ်ဖို့ အုပ်ချုပ်ရေးမှူးတွေကို ခွင့်ပြုပေးထားပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တိုင်းတာတဲ့ အဆင့်လေးဆင့်ရှိတဲ့ တိုင်းတာမှုစနစ်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ အဆိုးဆုံးအဆင့်လေးကို ရောက်ပြီဆိုတာနဲ့ နိုင်ငံတော်အရေးပေါ်အခြေအနေကို ကြေညာနိုင်ပါတယ်။

တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်ဟာ အဆင့်သုံးနဲ့ ညီမျှပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာ ကိုဗစ်-၁၉ ကူးစက်မှုဟာ အလွန်လျင်မြန်စွာကူးစက်ဖြစ်ပွားခဲ့မယ်ဆိုရင်တော့ အဆင့်နှစ်နဲ့ ညီမျှသွားမှာ ဖြစ်ပါတယ်။

### တောင်းဆိုမှုများနှင့် အမိန့်ထုတ်ပြန်ချက်များ

တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များနဲ့ နိုင်ငံတော် အရေးပေါ်ကြေညာမှုများအောက်မှာ ခရိုင်အုပ်ချုပ်ရေးမှူးများဟာ စီးပွားရေးလုပ်ငန်းရှင်များကို လုပ်ငန်းလည်ပတ်ချိန် လျှော့ချစေခြင်းမျိုးကို တောင်းဆိုနိုင်ပါတယ်။ တောင်းဆိုမှုများကို မသိကျိုးကျွန်ပြုနေမယ်ဆိုပါက အုပ်ချုပ်ရေးမှူးများဟာ အမိန့်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းမရှိတဲ့ လုပ်ငန်းရှင်၊ သို့မဟုတ် လုပ်ငန်းအမည်ကို ဖော်ပြနိုင်ပါတယ်။ ထို့အပြင် လုပ်ငန်းခွင် လှည့်လည်ကြည့်ရှုစစ်ဆေးမှုများကိုလည်း လုပ်ဆောင်နိုင်ပါတယ်။

လုပ်ငန်းများ ပိတ်သိမ်းခြင်းကတော့ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆောင်ရွက်ချက်မှာ မပါဝင်သော်လည်း နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာချိန်မှာတော့ ပါဝင်လာမှာဖြစ်ပါတယ်။

### ဒဏ်ကြေးများ ထုတ်ပြန်ခြင်း

လုပ်ငန်းလုပ်ကိုင်လည်ပတ်ချိန် လျှော့ချရန် အမိန့်ထုတ်ပြန်ခြင်းကို မလိုက်နာပါက သို့မဟုတ် လုပ်ငန်းခွင်လှည့်လည်ကြည့်ရှုစစ်ဆေးခြင်းကို ခွင့်မပြုပါက အဆိုပါစီးပွားရေးလုပ်ငန်းအပေါ် ဒဏ်ရိုက်နိုင်ပါတယ်။ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆောင်ရွက်ချက်များ ချမှတ်ထားချိန်မှာ အဆိုပါ ဒဏ်ရိုက်ခြင်းကို ယန်း ၂၀၀၀၀၀ ခန့် သတ်မှတ်ထားပါတယ်။ သို့သော်လည်း နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချိန်မှာတော့ ယန်း ၃၀၀၀၀၀ အထိ တိုးမြှင့်ထားပါတယ်။

### ဂျပန်နိုင်ငံရဲ့ အားလပ်ရက်ကာလဟာ ဧပြီလနှောင်းပိုင်းမှာ စတင်မှာဖြစ်

ဂျပန်နိုင်ငံရဲ့ အားလပ်ရက်ကာလဟာ ဧပြီလ နှောင်းပိုင်းမှာ စတင်မှာဖြစ်သော်လည်း ဂျပန်အစိုးရက ပြည်သူများကို မလိုအပ်ဘဲ ခရီးသွားလာခြင်းကို ရှောင်ရှားစေချင်ပါတယ်။ ဧပြီလနှောင်းပိုင်းကနေ မေလအစောပိုင်းကာလအထိ အားလပ်ရက်ကာလကို ရွှေရောင်သီတင်းပတ်အနေဖြင့် တင်စားကြပါတယ်။

တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေ ချမှတ်ထားတဲ့ ခရိုင်အရေအတွက်ကို တိုးမြှင့်ဖို့ စဉ်းစားနေချိန်မှာ သက်ဆိုင်ရာ အာဏာပိုင်တွေဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေများကို စောင့်ကြည့်လျက်ရှိသလို ဆေးရုံခုတင်လွတ်နေရာရှိမှုများကိုလည်း သတိချပ်နေရပါတယ်။

### အိုဆာကာနဲ့ တိုကျိုကို နောက်ထပ် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာရန် ဆုံးဖြတ်

ဧပြီ ၁၉ ရက်က အိုဆာကာအုပ်ချုပ်ရေးမှူး ယိုရှီမူရာ ဟီရိုဖူမီက ပြည်သူများရဲ့ လှုပ်ရှားဆောင်ရွက်မှုများကို ကန့်သတ်တားဆီးရန်သူ့အနေဖြင့် ဗဟိုအစိုးရကို တတိယအကြိမ် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာပေးရန် တောင်းဆိုသွားဖို့ စီစဉ်ထားတယ်လို့ ပြောပါတယ်။ အိုဆာကာရဲ့ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါတားဆီးတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ဧပြီ ၅ ရက်မှာ ချမှတ်ခဲ့ပါတယ်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ လျော့သွားတယ်လို့မရှိဘဲ ဆက်လက်မြင့်တက်လာခဲ့ပါတယ်။ ထို့အတူ ဆေးရုံတွေလည်း အကျပ်အတည်းအခြေအနေကို ဆိုက်ရောက်ခဲ့ရပါတယ်။

တိုကျိုအစိုးရအရာရှိတွေဟာ လာမယ့်အားလပ်ရက်ကာလမတိုင်မီ အရေးပေါ်အခြေအနေတစ်ရပ် ကြေညာပေးဖို့ တောင်းဆိုသွားဖို့ အရေး စဉ်းစားဆုံးဖြတ်နေပါတယ်။

ကိုးကား – အင်န်အိတ်ချ်ကေ

> **“တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များနဲ့ နိုင်ငံတော်အရေးပေါ်ကြေညာမှုများအောက်မှာ ခရိုင်အုပ်ချုပ်ရေးမှူးများဟာ စီးပွားရေးလုပ်ငန်းရှင်များကို လုပ်ငန်းလည်ပတ်ချိန် လျှော့ချစေခြင်းမျိုးကို တောင်းဆိုနိုင်ပါတယ်။ တောင်းဆိုမှုများကို မသိကျိုးကျွန်ပြုနေမယ်ဆိုပါက အုပ်ချုပ်ရေးမှူးများဟာ အမိန့်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းမရှိတဲ့ လုပ်ငန်းရှင်၊ သို့မဟုတ် လုပ်ငန်းအမည်ကို ဖော်ပြနိုင်ပါတယ်။ ထို့အပြင် လုပ်ငန်းခွင်လှည့်လည်ကြည့်ရှုစစ်ဆေးမှုများကိုလည်း လုပ်ဆောင်နိုင်”**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာ့တစ်ဝန်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂) သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်-

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှု ကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှု အားနည်းခြင်းစသည်တို့...ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ (၁၅) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁)တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူစုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင် ကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါ ရောဂါ ဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇,၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁) ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦး ရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေး အသိ၊ ကျန်းမာရေး သတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ"** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။

(၃) လက်ကို စက္ကန့် (၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။

(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။

(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့်... နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။

(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။

(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။

(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။

(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## တောင်ပေါ်ဒေသနှင့် ဝေးလံခေါင်ဖျားဒေသများ၌ မှျစ်ခြောက်ထုတ်လုပ်ရောင်းချနိုင်

**ရန်ကုန် ဧပြီ ၂၁**

တောင်ပေါ်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများ၌ မှျစ်ခြောက်များ ထုတ်လုပ်၍ ပြန်လည်ရောင်းချနိုင်သည့် ဈေးကွက်သစ်တစ်ခု ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှသိရသည်။

"တောင်ပေါ်ဒေသတွေနဲ့ မြို့နဲ့ နီးနီးစပ်စပ်မရှိတဲ့ လမ်းပန်းမသာတဲ့ ဒေသမျိုးတွေအတွက် သင့်တော်တဲ့ ဝါးအမျိုးအစားတစ်ခု ရှိပါတယ်။ ဝါးနီလို့ ခေါ်တယ်။ သူက ဝါးပိုးဝါး အမျိုးအစားတစ်မျိုးပဲ။ ဈေးကွက်ခိုင်မာတယ်။ မရောင်းရမှာကို ပူစရာမရှိဘူး။ ဘယ်လောက် သွားရေးလာရေး ခက်ခဲတဲ့နေရာမှာ ဖြစ်ပါစေ။ ဝါးနီကထွက်ရှိတဲ့ မှျစ်ခြောက်တွေကိုတော့ ကုမ္ပဏီတစ်ခုကနေ တောက်လျှောက်ဝယ်ယူပေးနေတယ်။ ဒီကုမ္ပဏီကနေ စိုက်ပျိုးတဲ့ ဝါးမျိုးတွေကိုလည်း ဖြန့်ပေးနေတဲ့အပြင် မှျစ်ခြောက်ထုတ်လုပ်တဲ့ နည်းပညာတွေလည်း သင်ကြားပေးနေပါတယ်" ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

ပြည်တွင်း၌ မှျစ်စားသုံးမှု များပြားနေသည့်အပြင် မှျစ်ခြောက်ထုတ်လုပ်သည့်နည်းပညာကို ဖြန့်ဝေပေးပြီး ထွက်ရှိလာမည့် မှျစ်ခြောက်များကို ပြန်လည်ဝယ်ယူနေသည့် ကုမ္ပဏီတစ်ခုလည်း ရှိလာခြင်း ဖြစ်သည်။

"မှျစ်အစို ၁၀ ပိဿာ သယ်မယ့်အစား မှျစ်ခြောက် တစ်ပိဿာ သယ်ရတာမို့ ပေါ့ပေါ့ပါးပါးနဲ့ သယ်ယူရ လွယ်သွားတယ်လေ။ မှျစ်အစို ၁၀ ပိဿာကို ငွေကျပ်တစ်သောင်းရသလို၊ မှျစ်ခြောက် တစ်ပိဿာကို ငွေကျပ် တစ်သောင်းရတာပဲဆိုတော့ သွားရေးလာရေး ခက်ခဲတဲ့နေရာတွေအတွက်ကျတော့ အခုလို ဝါးမျိုးကို စိုက်တာ ပိုသင့်တော်တာပေ့ါ။ ထွက်လာတဲ့ မှျစ်ခြောက်တွေကိုတော့ ဂျပန်နိုင်ငံဘက်ကနေ အဓိက ဝယ်နေတာပါ။ လိုအပ်တဲ့ပမာဏက များနေပြီး ထုတ်လုပ်မှုပိုင်းက နည်းနေပါသေးတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကိုဗစ်ကာလဖြစ်သည့်အတွက် ဝါးခြံအသစ်တည်ထောင်ခြင်းနှင့် ဝါးပင်များထပ်မံတိုးချဲ့စိုက်ပျိုးခြင်းများ နည်းပါးသော်လည်း မြန်မာပြည်တွင်း မှျစ်စားသုံးမှုနှုန်းနှင့် ဝါးသုံးစွဲမှုနှုန်းမှာမူ ကျဆင်းမှုမရှိကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ဇလွန်မြို့၌ နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းပွဲကျင်းပ

**ဇလွန် ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး ကျင်းပသော ၂၀၂၀-၂၀၂၁ ခုနှစ် နွေစပါးမျိုးစေ့ထုတ် စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို ကော့ကပ်ကြီးကျေးရွာအုပ်စု တောင်သူ ဦးကျော်စိုးထွန်း၏ လယ်မြေတွင် မော်ဘီ - ၃ မျိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးဦးစိန်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ ဟင်္သာတခရိုင် စိုက်ပျိုးရေး ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဇလွန်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံ တောင်သူ လယ်သမားများ တက်ရောက်ကြပြီး တောင်သူ ဦးကျော်စိုးထွန်း၏ မျိုးစေ့ထုတ်လယ်မြေငါးဧကတွင် မော်ဘီ - ၃ မျိုးစပါးစံကွက်ရိတ်သိမ်းရာတွင် အစိုအထွက်တင်း ၁၄၁ ဒသမ ၀၇ တင်းထွက်ရှိမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖက်သောင်ကျေးရွာတွင် ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသော တောင်သူ ဦးတင်နိုင်ထွန်း၏ လယ်မြေတွင် တစ်နှစ် သုံးသီး (စပါး-မတ်ပဲ-နွေနှမ်း)စိုက်ခင်း စိုက်ပျိုးထားရှိမှုကို ကြည့်ရှုသည်။

ဇလွန်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မျိုးစေ့ထုတ် စိုက်ခင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်ရေး၊ SGA အဖွဲ့အစည်းများ အားကောင်းလာပြီး ဒေသတွင်း မျိုးကောင်းမျိုးသန့် ဖြန့်ပွားရေး လုပ်ငန်းများနှင့် နည်းပညာ ဖြန့်ပွားရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ကျော်စိုး၏ ပြောကြားချက်အရ သိရသည်။

**ဝေယံ(ပြန်/ဆက်)**




## ဆင်ပေါင်ဝဲမြို့နယ်၌ မေမြို့ပန်းစိုက်ပျိုးသူများ ရောင်းအားကောင်းပြီး ဈေးကောင်းရရှိ

**ဆင်ပေါင်ဝဲ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အိုးဘိုရပ်ကွက်မှ မေမြို့ပန်း စိုက်တောင်သူများသည် ပန်းများလှိုင်လှိုင်ပေါ်ပြီး ရောင်းအားကောင်းသဖြင့် အဆင်ပြေလျက်ရှိကြောင်းပန်းစိုက်တောင်သူများထံမှ သိရသည်။

ပန်းအမျိုးပေါင်း များစွာရှိသော်လည်း မေမြို့ပန်းကို ငါးလခန့် အချိန်ယူစိုက်ပျိုးရပြီး ထွန်ယက်ခ၊ ပေါင်းဆွဲခ၊ ပျိုးပင်များပြန်လည်စိုက်ပျိုးစရိတ်တို့မှာ တစ်ဧက ငွေကျပ်သုံးသိန်းခွဲခန့် ကုန်ကျကြောင်းလည်း သိရသည်။ ပန်းများကို ရေဖျန်းခြင်းမဟုတ်ဘဲ မြေအောက် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးပြီး မြေကြီးအစိုအခြောက်ပေါ် မူတည်၍ ငါးရက် (သို့မဟုတ်) ခုနစ်ရက်တစ်ခါ ရေသွင်းပေးရသည်။



ပိုးသတ်ဆေးများကို ပိုးကျမှ ဖျန်းပြီး အပင်အားကောင်းဆေးအဖြစ် စိုက်ပျိုးမည့်အချိန်တွင် နွားချေး၊ မြေဆွေးများ ခံထားသည့်အတွက် လိုအပ်မှသာ ပက်ဖျန်းပေးရကြောင်းလည်း သိရသည်။

ပန်းများပေါ်သည့်အချိန်တွင် တစ်ပြိုင်တည်း ပွင့်သည့်အတွက် နေ့စဉ်ရက်ဆက် ရောင်းချနေရပြီး မေမြို့ပန်းတစ်ပင် ၈၀ ကျပ်၊ သုံးပင်စည်း တစ်စည်းလျှင် ၂၀၀ ကျပ်နှုန်းဖြင့် ရောင်းချနေရသဖြင့် စိုက်ပျိုးသူများ အဆင်ပြေကြောင်း အိုးဘိုရပ်ကွက်မှ မေမြို့ပန်းစိုက်တောင်သူ ဦးအုန်းမောင်ထံမှ သိရသည်။

**ချိုချိုဝင်း(ပြန်/ဆက်)**

## မြို့နယ်များ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းဖွင့်လှစ်

**ဇီးကုန်း**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၀ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိုင်ငံတော်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ အနေဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ကြရန်၊ လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများထဲတွင် ထဲထဲဝင်ဝင် လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဇီးကုန်းမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ အုပ်စု ၃၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေး စာရေး စုစုပေါင်း ၇၀ ခန့် တက်ရောက်ပြီး အုပ်ချုပ်ရေးဆိုင်ရာဘာသာရပ်များ၊ လုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

**မြင်းမူ**

မြင်းမူမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းပို့ချခြင်းကို ဧပြီ ၁၉ ရက်က မြင်းမူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်ခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကိုကိုက ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အုပ်ချုပ်ရေးမှူးများအသုံးပြုလျက်ရှိသည့် ပုံစံ(၂၇)မျိုး ရေးသွင်းမှု လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး (လျှပ်စစ်)က ကျေးလက်မီးလင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး (မီးသတ်) ဌာနက မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် မြို့နယ်ဦးစီးမှူး(မွေး/ကု)ဌာနက မြစိမ်းရောင် ချေးငွေကိစ္စရပ်များနှင့် ကျွဲ၊ နွားများ ရောဂါကာကွယ်ကုသ ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးပို့ချပေးသည်။

သင်တန်းသို့ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၈ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာအုပ်စု ညောင်တိုတဲတိုက်နှင့် တာလမ်းကန်တဲတိုက်တို့တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်ကြုံတွေ့နေကြောင်း သိရ၍ ဧပြီ ၁၉ ရက်က ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ရန်ကုန်မြို့ရှိ မှျဝေခြင်းပရဟိတအဖွဲ့မှ လှူဒါန်းသည့် သောက်သုံးရေဂါလန် ၂၄၀၀ ကို လှူဒါန်းစဉ်။

ရဲဝင်းနိုင် (ညောင်ဦး )

# ဆူပူအကြမ်းဖက်သူ လူစုအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူစုအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများနှင့် အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များကို အကြမ်းဖက်ရန်ပြု ဖျက်ဆီးခြင်းနှင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲ ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**အကြမ်းဖက်သူများက မီးရှို့**

ထိုသို့လုပ်ဆောင်ရာတွင် ၂၀၂၁ ခုနှစ် မေ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်းမဘေးရှိ ရှောက်ပင်ရိုးကျေးရွာအုပ်စု ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို အကြမ်းဖက်သူများက မီးရှို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသွားရောက်၍ ကျေးရွာနေပြည်သူများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ရုံးအတွင်းရှိ ဗီရို လေးလုံး၊ ရေခဲသေတ္တာ တစ်လုံး၊ မိတ္တူကူးစက် တစ်လုံး၊ လေအေးပေးစက် တစ်လုံး၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၅၀၊ TV တစ်လုံး၊ ဝါတာကိုလာ တစ်လုံး၊ အောက်စက် တစ်လုံး၊ စားပွဲ သုံးလုံးနှင့် ရုံးစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၄)နဝရတ်ရပ်ကွက် ဆရာစံလမ်းရှိ "ကိုရွှေစိုး" လက်ဖက်ရည်ဆိုင်ကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် အကြမ်းဖက်သူ အမျိုးသားတစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းသို့ လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်အတွင်းကျရောက်ကာ ပေါက်ကွဲမှုမရှိသည်ကို တွေ့ရှိရသဖြင့် လက်ပစ်ဗုံးကို သက်မဲ့ပြုလုပ်ခဲ့ရကြောင်း။

**သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့**

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၂) ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို ညနေ ၆ နာရီ မိနစ် ၂၀ တွင် စက်ဘီးစီးနင်းလာသည့် အကြမ်းဖက်သူအမျိုးသားတစ်ဦးက လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်သွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးဘေးရှိ တိုက်နှစ်လုံးကြား ကျရောက်ခဲ့ပြီး ပေါက်ကွဲမှုမရှိသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း။



မြိတ်မြို့၌ လက်လုပ်ဗုံးငါးလုံး တွေ့ရှိမှု။



လှိုင်မြို့နယ် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မှု။

အလားတူ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ရွှေချီ(၆)လမ်းနှင့် သခင်ထွန်းအုပ် လမ်းထောင့်ရှိ မြဝတီဘဏ်ကို ည ၇ နာရီ ၂၅ မိနစ်တွင် အကြမ်းဖက်သူက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ဘဏ်ရှေ့မျက်နှာစာသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံထိခိုက်မှု မရှိကြောင်း။

**လက်လုပ်မိုင်းဖြင့် ပစ်ပေါက်**

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်နေ ဦးကျော်စိုး(၆၇)နှစ် (ဘ)ဦးဘကြီး၏ နေအိမ်ကို ည ၁၀ နာရီ ၄၅ မိနစ်တွင် အကြမ်းဖက်သူများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့သဖြင့် အဆိုပါလက်လုပ်မိုင်းမှာ ဦးကျော်စိုး၏ နေအိမ် ခြံဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် နေအိမ်ရှေ့ရှိ အလှပန်းအိုးများထိခိုက်ပျက်စီးခဲ့ကာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁၅)ရပ်ကွက် ဓမ္မာရုံလမ်းနေ ဒေါ်ဝင်းကြည်၏ နေအိမ်ကို ည ၁၁ နာရီ မိနစ် ၄၀ တွင် အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ည ၁၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဒေါ်ဝင်းကြည်နေအိမ်ပါ လူနေအိမ် ၁၀ လုံး၊ ဂိုဒေါင်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် တောင်ဘိုကျေးရွာနှင့် ညောင်လေးပင်ကျေးရွာကြားရှိသမန်းတောချောင်းပေါ်တွင် ဆောက်လုပ်ထားသော အလျား ပေ ၃၀၊ အနံ ၁၅ ပေရှိ ရွာချင်းဆက် သစ်သားဘေလီတံတားကို ယနေ့ နံနက် ၉ နာရီ မိနစ်၂၀ တွင် အကြမ်းဖက်သူများက မီးရှို့ခဲ့သဖြင့် မီးလောင်ကျွမ်းခဲ့ပြီး နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် တံတား၏ ယာဘက်ခြမ်း အလျား လေးပေ၊ အနံ သုံးပေခန့် မီးလောင်ပျက်စီးခဲ့ကြောင်း။

**လက်လုပ်ဗုံး ငါးလုံးတွေ့ရှိ**

အလားတူ နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အောင်မင်္ဂလာရပ်ကွက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း အနီးရှိ ချုံထဲတွင် မသင်္ကာဖွယ်ရာ ပလတ်စတစ်အိတ်တစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအိတ်အတွင်းမှ စနက်တံပါ လက်လုပ်ဗုံး ငါးလုံးတို့အား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ခဲ့ကြောင်း။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၃)ရပ်ကွက် အောင်မြေဒဂုံဘုန်းကြီးကျောင်းအတွင်းရှိ Mytel တာဝါတိုင် ထိန်းချုပ်ခန်းကို နံနက် ၁၁ နာရီခွဲတွင် အကြမ်းဖက်သူ အမျိုးသား လေးဦးက မီးရှို့ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသွားရောက်၍ မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး အဆိုပါ မီးလောင်မှုကြောင့် တာဝါတိုင် ထိန်းချုပ်ခန်းအတွင်းရှိ ဝိုင်ယာကြိုးများ၊ AirCon နှစ်လုံး အပေါ်ကာဘာနှင့် မြို့နယ်နေရာပြမြေပုံတို့ မီးလောင်ပျက်စီးခဲ့ကြောင်း။

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် ပေတောကုန်းလမ်းနှင့် မဟာသုခလမ်းတို့၌ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ပေတောကုန်းလမ်းနှင့် ရထားလမ်းသို့ ဖြတ်ကူးသော လူကူးသံလှေကားအောက်၌ ပေါက်ကွဲထားပြီးသော အချိုရည်ဘူးခွံ တစ်ခုနှင့် မဟာသုခလမ်းရှိ စည်ပင်အမှိုက်ပုံးနှင့် အုတ်နံရံ ကြားရှိ ရေမြောင်းအဖုံးပေါ်တွင် ပေါက်ကွဲထားပြီးသော အချိုရည်ဘူးခွံ တစ်ခုတို့အား တွေ့ရှိခဲ့ရပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူနှင့်ပစ္စည်း ထိခိုက်ပျက်စီးမှု မရှိကြောင်း။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၂၇)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို မွန်းလွဲ ၁ နာရီတွင် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သဖြင့် အဆိုပါ လက်လုပ်ဗုံးမှာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အမိုးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကာ ရုံး အနည်းငယ်ပျက်စီးပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း။

**ဥပဒေနှင့်အညီ အရေးယူသွားမည်**

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက်သူများကိုလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေး ခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ထိုသို့လုပ်ဆောင်နေမှုများကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ်(၁၅၃)နေ NLD ပါတီသတင်းနှင့် ပြန်ကြားရေး တာဝန်ခံဖြစ်သူ နေလင်းထွန်း(ခ)ဖိုးချွန်(ဘ) ဦးစိန်ဗိုးသည် CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်း၊ ၎င်းပိုင်ဆိုင်သော မီဂါမိတ္တူဆိုင်မှ ကြွေးကြော်သည့်စာများဖြန့်ဝေခြင်း၊ ကျိုက်လတ်ဟတ်တိုင် Group ၌ Admin အဖြစ်ပါဝင်ကာ မြို့နယ်အတွင်းရှိ ပြည်သူများကို CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပြည်သူများအထိတ်တလန့်ဖြစ်စေရန် မမှန်သတင်းများဖြန့်ဝေခြင်း၊ အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများလုပ်ကိုင်ရန် သင်တန်းတက်ရောက်လိုသူများကို လက်နက်ကိုင်သောင်းကျန်းသူများနှင့် ဆက်သွယ်ပေးခြင်းများ ဆောင်ရွက်ခဲ့သဖြင့် မေ ၁၉ ရက်တွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**အမှုဖွင့် ရေးယူ**

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုမွှော်ရပ်ကွက် ဗိုလ်ဗထူးလမ်း၌ ယနေ့တွင် ဆူပူအကြမ်းဖက်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရာ နိုင်လင်းထွန်း(ဘ) ဦးမောင်ကျော်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား စစ်ဆေးမေးမြန်းခဲ့ရာ ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ တရားမဝင် ဒက္ခိဏ (Dakkhina Insight) Page တာဝန်ခံလုပ်ဆောင်၍ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသား သွေးထိုးလှုံ့ဆော်ခြင်း၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများ မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ရေးသားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် သက်ဆိုင်ရာ ရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅(က)ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ဆူပူအကြမ်းဖက် ဆန္ဒပြမှုဖြစ်စဉ်များနှင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများ ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြသည့် လာမူဒိတ်ကာ(ခ) ထက်မြတ်ကျော်(ဘ) ဦးလားပတ်လျှန်နှာအပါအဝင် အမျိုးသားလေးဦးကို တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ PEAK & TLUANG PULL အထည်အလိပ် အရောင်းဆိုင်၌ ယနေ့တွင် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အား သက်ဆိုင်ရာ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅(က)ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင်အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၁**

ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် မေယုလမ်းထိပ်နှင့် မေယုပတ်လမ်းထောင့် ကြာသပတေး ဆွမ်းလောင်းဓမ္မာရုံရှေ့ရှိ စည်ပင်သာယာ အမှိုက်ကန်အတွင်း မသင်္ကာဖွယ် အထုပ်တစ်ထုပ်တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါအထုပ်အတွင်းမှ မီးခိုးဗုံး ခြောက်လုံး၊ မြောက်အိုးလေးလုံး၊ ခတ်ငွေ့ကာ မျက်နှာဖုံးနှစ်ခုတို့ကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ကြောင်း။



ချမ်းအေးသာစံမြို့နယ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့်ပစ္စည်းများအား သိမ်းဆည်းရမိစဉ်။

**ဖမ်းဆီးရမိ**

အလားတူ ည ၇ နာရီ မိနစ် ၅၀ တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ ဇော်မင်း (၄၇)နှစ် (ဘ)ဦးညာဏ်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါနေအိမ်အတွင်းမှ ဇော်မင်းကို မြောက်အိုး ၅၄ လုံး၊ ယမ်းများထည့်ထားသော ဘောလုံးသုံးလုံး၊ လက်လုပ်ဗုံး တစ်လုံး၊ သံချွန် တစ်ထုပ်၊ သုံးထောင့်ချွန် သံပြား ၃၃ ခု၊ ပစ်မှတ်ရုပ်ပုံ သံပြား နှစ်ချပ်၊ ဂျင်ကလိ ၃၆ ချောင်း၊ ကော်ဘောလုံး ၅၉ လုံး၊ ဖန်ကွဲစများထည့်ထားသော သံဘူးတစ်ဘူးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့အတူ ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ ဟန်မိုးအောင် (ခ) ပိုင်သက်ကျော် (၂၉)နှစ် (ဘ) ဦးထွန်းရွှေနေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဟန်မိုးအောင်(ခ) ပိုင်သက်ကျော်အား လက်လုပ်မိုင်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ ည ၉ နာရီ မိနစ် ၄၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြင်းခြံမြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာအရောက်၌ အကြမ်းဖက်သူများက လေးခွ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ရဲတိုင်ကျေးရွာနေ ဖိုးပြုး (၃၃)နှစ် (ဘ)ဦးအုန်းလှိုင်ပါ အမျိုးသားငါးဦးအား လှံတစ်ချောင်း၊ ခက်ရင်းခွလေးချောင်း၊ သံတူးရွင်းတစ်ချောင်း၊ ဓားဦးချွန် ခြောက်ချောင်း၊ ဓားရှည် ၂၄ ချောင်း၊ သံရိုးတပ် သံစောက် ခြောက်လက်၊ တူ သုံးချောင်း၊ သံပိုက်ခုနစ်ချောင်း၊ လေးခွ တစ်လက်၊ ကတ်ကြေး သုံးချောင်း၊ ဂျင်ကလိ တစ်ချောင်း၊ သံကြယ် တစ်ခု၊ သံတုတ်ခြောက်ချောင်း၊ သံချောင်းခြောက်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

**သိမ်းဆည်းရမိခဲ့**

ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြင်းမူမြို့အတွင်း လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် ည ၁၁ နာရီ မိနစ် ၅၀ တွင် မန္တလေး-မုံရွာသွား ကားလမ်း ၄၆ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြားရှိ "ရွှေအိမ်စည်" တည်းခိုခန်းရှေ့အရောက်၌ မြင်းမူမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ ပြည်ကြီးတံခွန်မြို့နယ်နေ နိုင်လင်းအောင် (၁၈)နှစ်(ဘ)ဦးမြင့်နိုင် မောင်းနှင်ပြီး သီဟနိုင်(ခ)သိန်းဇော်ဦး(၂၄)နှစ်(ဘ)ဦးမြင့်နိုင် လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံတားဆီး စစ်ဆေးခဲ့ရာ ၎င်းတို့ နှစ်ဦးထံမှ လက်လုပ်သေနတ် တစ်လက် သိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက်နေ ရီရီထွန်း(ခ)မဖြူ (၅၂)နှစ် (ဘ)ဦးပုလေး၏ နေအိမ်ကို ည ၁၂ နာရီခွဲတွင် သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ၎င်းအား ဟန်းစပီကာ နှစ်လုံး၊ မှုတ်ဆေးဘူး နှစ်ဘူး၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများရေးသားထားသည့် စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ မေ ၂၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၅၄) ရပ်ကွက် ပုဂံလမ်းအရောက်၌ စက်ဘီးစီးလာသူ အဆိုပါရပ်ကွက်နေ မာဘွတ်(ခ)ကြည်ဝင်း (၄၃)နှစ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းထံမှ မီးစတပ်ဆင်ထားသည့် ခတ်ဆီပုလင်း ၁၃ လုံး၊ ဓား နှစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ နံနက် ၉ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၇၃ လမ်းနှင့် ၇၄ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိ ခြံအမှတ် (၁၉၉/၂၆) ရှိ ပိုင်ရှင်(စိစစ်ဆဲ)နေအိမ်ခြံဝင်းကို ဝင်ရောက်ရှာဖွေခဲ့ရာ နေထိုင်သူများအား မတွေ့ရှိရဘဲ အဆိုပါနေအိမ်နှင့် ခြံဝင်းအတွင်းမှ ဒိုင်း ၁၀ ချပ်၊ ဒီဇယ်ထည့်ထားသည့် ပုလင်းမျိုးစုံ ၉၉ လုံး၊ လက်လုပ်သေနတ် ငါးလက်၊ အသံဗုံး နှစ်လုံး၊ သုံးမြှောင့်သံချွန် ၃၅ ခု၊ ကျည်ကာသံပြား ၈၃ ပြား၊ ရော်ဘာပြား ကိုးပြား၊ မြားတံပြုလုပ်ရန် ပြုလုပ်ထားသည့် ဝါးချောင်း ၁၀၀ ၊ ဒေါက်တာမင်းသူထွန်း၏ အမည်ပါ ဂျူတီကုတ်အဖြူ တစ်ထည်နှင့် လည်ဆွဲတစ်ခု၊ ဒေါက်တာသက်သက်စံ အမည်ပါ ဂျူတီကုတ်အဖြူ နှစ်ထည်၊ ဒေါက်တာသာဆန်း (ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်အထူးကု၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေး) အမည်ပါ ရင်ထိုး တံဆိပ်တစ်ခု၊ စကားပြောစက် နှစ်လုံး၊ နိုင်ငံရေးလှုံ့ဆော်စာတန်းပါ ဗီနိုင်း ငါးချပ်နှင့် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဥ္ဇာနီ အရှေ့ရပ်ကွက် အကွက် (၃၁) ၇၈ လမ်းထောင့်နေ ABSDF အဖွဲ့ဝင်ဟောင်းဖြစ်သူ ခင်မောင်လတ်(ခ) ဝင်းကျော်သူ (ခ)ကိုလတ်(၄၃)နှစ် (ဘ)ဦးမောင်ကို၏ နေအိမ်ကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်ဗုံး ခြောက်လုံး၊ ကျောက်ခဲနှင့် ပုလင်းစများရောထည့်ထားသည့် ရေသန့်ဘူးရှစ်ဘူး၊ ဓား သုံးချောင်း၊ လေးခွ နှစ်လက်၊ ကုန်းသီး ခြောက်လုံး၊ လောက်စာလုံး ၁၀၀ ၊စပရေးဘူး တစ်ဘူး၊ ဦးထုပ်နှစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

**အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ**

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဥပဒေနှင့်မညီသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကို လိုင်စင်ပယ်ဖျက်သွားမည်

**နေပြည်တော် မေ ၂၁**

ဗန်းမော်မြို့ပြည်သူ့ဆေးရုံ (ခုတင်-၂၀၀)၌ တာဝန်ထမ်းဆောင်ကြပြီး ဆရာဝန်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်မညီဘဲ CDM ပြုလုပ်လျက်ရှိသည့် ဒေါက်တာ အောင်ထွန်းဝင်း (အထူးကု)နှင့် ဒေါက်တာဂမ်မင်းထက်(အထူးကု)တို့သည် ပြင်ပပုဂ္ဂလိကဆေးရုံဖြစ်သည့် "စွမ်းမေတ္တာ"ဆေးရုံ၌ လည်းကောင်း၊ ဒေါက်တာလျှန်းလင်းထွေး (အထူးကု)နှင့် ဒေါက်တာဗညား(အထူးကု)တို့သည် "စိန်သစ္စာ" ဆေးရုံ၌ လည်းကောင်း ဆေးကုသမှုများ ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်၍ မိမိတို့၏ တာဝန်နှင့်ကျင့်ဝတ်များကို လျစ်လျူရှုပြီး CDM ပြုလုပ်နေသည့် ဖော်ပြပါဆရာဝန်များအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသည့်အပြင် ၎င်းတို့အားလက်ခံ၍ ဆေးကုသခွင့်ပေးနေသော "စွမ်းမေတ္တာ"ဆေးရုံနှင့် "စိန်သစ္စာ" ဆေးရုံတို့အား ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ လိုင်စင်ပယ်ဖျက်ပြီး ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



"စွမ်းမေတ္တာ"ဆေးရုံ ဗန်းမော်မြို့ ကချင်ပြည်နယ်။



"စိန်သစ္စာ" ဆေးရုံ ဗန်းမော်မြို့ ကချင်ပြည်နယ်။

# ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်၍ လမ်းလျှောက်ဆန္ဒပြသူ အမျိုးသား နှစ်ဦးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်၍ လမ်းလျှောက်ဆန္ဒပြသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ရုပ်ရှင်ရုံလမ်းပေါ်၌ (၈)ရပ်ကွက် ရောမင်း ၃ လမ်းနေ သန်းအောင်စိုး(၁၉)နှစ်(ဘ)ဦးကျင်လှိုင်နှင့် ဥမ္မာဒန္တီ(၁၆)လမ်းနေ မြတ်သူရအောင်(၁၈)နှစ်(ဘ) ဦးလတ်အောင်တို့ နှစ်ဦးသည် မေ ၂၁ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်ဆန့်ကျင်ရေးစာသားများရေးသားထားသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ လမ်းလျှောက်ဆန္ဒပြနေသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဖမ်းဆီးရမိသူ သန်းအောင်စိုးပါ နှစ်ဦးအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မယ်စဲ့မြို့နယ်အတွင်းရှိ လေဘေးသင့် အိမ်ထောင်စုငါးစုနှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအတွက် ထောက်ပံ့

**မယ်စဲ့ မေ ၂၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စုငါးစုနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပြုလုပ်သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အငယ်တန်းစာရေး ဦးမျိုးမင်းသန့်တို့က မယ်စဲ့မြို့ တောင်ပိုင်းရပ်ကွက်မှ အိမ်ထောင်စုနှစ်စု၊ မယ်ဆည်နမ်ကျေးရွာမှ အိမ်ထောင်စု သုံးစုနှင့် သီရိမင်္ဂလာရတနာသုခမြို့မ ဘုန်းတော်ကြီးကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ကျပ် ၃၉၉၀၀၀ နှင့် ဆန်ရိက္ခာဖိုး ကျပ် ၅၂၅၀၀၊ စုစုပေါင်းငွေကျပ် ၄၅၁၅၀၀ ကိုထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တာကော်တံတားသစ်တည်ဆောက်နေမှု ကွင်းဆင်းကြည့်ရှု

**ကာလိ မေ ၂၁**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်နိုင်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ မေ ၁၉ ရက်က လွိုင်လင်ခရိုင် ကွန်ဟိန်း မြို့နယ် ကာလိမြို့ရှိ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းဆက်သွယ်ပေးသည့် တာကော်တံတားသစ်တစ်စင်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုရာ တံတားတည်ဆောက်ရေး အမှတ် (၄)ရှင်းလင်းဆောင်လမ်းမ၌ ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးသူရဇော်က တံတားသစ်တည်ဆောက်နေမှုကို ရှင်းလင်းပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တံတားသစ်တည်ဆောက်နေမှုကို ကြည့်ရှုကြသည်။



ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်း တာကော်တံတားသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ကွန်ဟိန်းမြို့နယ်ရှိ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်သို့သွားရောက်ကာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပေးကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## မိုးမိတ်မြို့နယ်တွင် အသက် (၆၅) နှစ် အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**မိုးမိတ် မေ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို မေ ၂၁ ရက် နံနက် ၈ နာရီက မြို့နယ် ပြည်သူ့ဆေးရုံ၌ စုရပ်ပြုလုပ်၍ ထိုးနှံပေးသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးစဉ်။

ယခု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်တွင် မိုးမိတ်မြို့နယ်အတွင်းရှိ သံဃာတော်များနှင့် သီလရှင်ဆရာလေးများ၊ အသက် (၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်သားများကို ဒုတိယအကြိမ်ထိုးနှံပေးခြင်းဖြစ်ပြီး ထိုသို့ထိုးနှံရာတွင် ရှေးဦးစွာ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ စာရင်းရေးသွင်းခြင်းတို့ ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးနောက် မိနစ် ၃၀ စောင့်ကြည့်ခြင်းတို့ကို Social Distancing နှင့်အညီ ဆောင်ရွက်ခဲ့ပြီး ကိုယ်ဝန်ဆောင်များနှင့် လတ်တလော ဖျားနာနေသူများကို ကာကွယ်ဆေးထိုးနှံပေးခြင်း မရှိကြောင်း သိရသည်။ မိုးမိတ်မြို့နယ်တွင် လူဦးရေ ၃၅၀၀ ကို ပထမအကြိမ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မတ်လအတွင်းက ထိုးနှံ ပေးခဲ့ကြောင်း သိရသည်။ **မိုးမိတ်သား(စည်သူဌေး)**

## မြစ်သားမြို့နယ်တွင် ပျိုးပင်ပေါင်း ၄၀၀၀၀ စိုက်ပျိုးထား

**မြစ်သား မေ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် မြစ်သားမြို့နယ်ရှိ မြို့မယာယီပျိုးဥယျာဉ်နှင့် ရေအေးဆိပ်ယာယီပျိုးဥယျာဉ်တို့တွင်လည်း သစ်ပင်များ ပျိုးထောင်ထားရှိကြောင်း သိရသည်။

လာမည့်မိုးရာသီကာလတွင် စိုက်ပျိုးရန်အတွက် မြစ်သားမြို့နယ်ရှိ ယာယီပျိုးဥယျာဉ်တို့တွင် ကျွန်း၊ ယူကလစ်၊ တမာ၊ မဲဇလီ၊ ယင်းမာ၊ စိန်ပန်း၊ ကုက္ကိုလ်၊ လျှော်ဖြူနှင့် ရှားစသည့် သစ်မျိုးပေါင်း ကိုးမျိုး၊ ပျိုးပင် စုစုပေါင်း ၄၀၀၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

**မြမြမွန်(မြစ်သားပြန်/ဆက်)**



## ထန်းတောကြီးကျေးရွာနှင့် ဆည်ပိတ်ကျေးရွာတို့၌ ရာသီမရွေးသောက်သုံးရေဖူလုံစေရေးအတွက် မြေသားရေလှောင်ကန်များတူးဖော်ပြီးစီး

**ကျောက်ပန်းတောင်း မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ထန်းတောကြီးကျေးရွာနှင့် ဆည်ပိတ်ကျေးရွာတို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သော မြေသားမိုးရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်



သောက်သုံးရေ ဖူလုံစေရေးအတွက် မြေသားရေလှောင်ကန် တူးဖော်ထားစဉ်

ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြေသားမိုးရေလှောင်ကန် တူးဖော်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ထန်းတောကြီးကျေးရွာတွင် (၂၀၀ ပေ x ၁၀၀ပေ x ၇ ပေ)မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၁၁ ဒသမ ၀၀၀) သန်းဖြင့် လည်းကောင်း၊ ဆည်ပိတ်ကျေးရွာမြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း(၁၀၀ပေ x ၁၀၀ ပေx ၆ပေ)နှင့်ခြံစည်းရိုးကာရံခြင်း(၅၀၀ ပေx၅ပေ)ကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၁၀ ဒသမ ၄၀၀)သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလလယ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တူးဖော်ပြီးစီးခဲ့**

မြေသားမိုးရေလှောင်ကန်များ တူးဖော်ပြီးစီးခဲ့ပြီဖြစ်၍ ထန်းတောကြီးကျေးရွာနှင့် ဆည်ပိတ်ကျေးရွာများရှိ အိမ်ခြေ ၃၁၁ အိမ်၊ အိမ်ထောင်စု ၂၉၁ စုမှ လူဦးရေ ၁၆၅၂ ဦးတို့မှာ လာမည့် မိုးရာသီကာလမှစတင်၍ လိုအပ်လျက်ရှိသည့် သောက်သုံးရေများ ဖူလုံစွာရရှိနိုင်ကြတော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ် ဦးစီးမှူး ဒေါ်တင်ယုမေထံမှ သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာအိမ်ထောင်စုများအား ဆန်နှင့်ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား ဧပြီ ၂၁**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း ၁၇ ခုတို့မှ နေရပ်စွန့်ခွာအိမ်ထောင်စု ၂၁၄၁စု တို့အတွက် ဆန်အိတ်များနှင့် ထောက်ပံ့ငွေများကို ယမန်နေ့က ဝိုင်းမော်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ကောင်စီအနေဖြင့် နိုင်ငံရေးအပြောင်းအလဲကာလတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေသကဲ့သို့ နေရပ်စွန့်ခွာပြည်သူများကိုလည်း အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပေးရခြင်းဖြစ်ကြောင်း၊ နေရပ်စွန့်ခွာပြည်သူများအား ကူညီစောင့်ရှောက်ရေးနှင့် နေရပ်ပြန်လည်နေထိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မိမိတို့အနေဖြင့် ယခုလို ထောက်ပံ့ပေးသကဲ့သို့ ပြည်သူများ၏ဘဝ တည်ငြိမ်အေးချမ်းမှုရှိစွာ နေထိုင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့နှင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းက မြို့နယ်အတွင်း နေရပ်စွန့်ခွာစခန်းများတွင် အိမ်ထောင်စုများနေထိုင်မှုအခြေအနေနှင့် နေရပ်စွန့်ခွာစခန်းများမှ ၎င်းတို့၏ နေရပ်များသို့ ပြန်လည်ရွှေ့ပြောင်းထားရှိမှုတို့နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်၊ ဦးမျိုးဆွေနှင့် တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း ၁၇ခုမှ အိမ်ထောင်စု ၂၁၄၁၊ လူဦးရေ ၁၁၅၁၀တို့အတွက် ငွေကျပ် ၁၇၁၅၂၀၀၀ တန်ဖိုးရှိ ဆန်အိတ်စုစုပေါင်း ၅၃၆ အိတ်နှင့် ထောက်ပံ့ငွေကျပ် ၁၀၇၀၅၀၀၀တို့ကို နေရပ်စွန့်ခွာစခန်းတာဝန်ခံများထံ ထောက်ပံ့ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ခုတင် ၃၀၀ ဆံ့ တပ်မတော်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသော ရဲတပ်ဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကြပြီး ဆေးကုသမှုခံယူနေသော ရဲအရာရှိနှင့် တပ်ဖွဲ့ဝင် စုစုပေါင်း ၁၄ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၁၄ သိန်းကို ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






## မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဧပြီ ၂၁**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က မုဒုံမြို့ စိုက်ပျိုးရေးဦးစီးဌာန (ဥယျာဉ်-ဇီဝဌာနခွဲ) ကန်ကလေးဥယျာဉ်ခြံသို့ သွားရောက်၍ သီးနှံများ စိုက်ပျိုးထားမှုကို ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့အား ကန်ကလေးဥယျာဉ်ခြံ ရှင်းလင်းဆောင်၌ ကန်ကလေးဥယျာဉ်ခြံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ဥယျာဉ်ခြံတာဝန်ခံ ဦးစီးအရာရှိ ဦးမျိုးတင့်အောင်က ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ကန်ကလေးဥယျာဉ်ခြံ၌ သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှု၊ မျိုးစုဆောင်းစိုက်ပျိုးထားရှိမှုနှင့် သုတေသန ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။

အဆိုပါကန်ကလေးဥယျာဉ်ခြံသည် မွန်ပြည်နယ် မုဒုံမြို့မှ လေးမိုင်အကွာ မော်လမြိုင်-သံဖြူဇရပ်သွား ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ဒူးရင်းသီးကို အဓိကထား စိုက်ပျိုးကြောင်း သိရသည်။

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ကြာအင်းကျေးရွာရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အလိမ္မာ စာမှာရှိ

## ကော့သောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ကော့သောင်း ဧပြီ ၂၁**

ကော့သောင်းမြို့နယ်တွင် ထေရ်ကြီး ဝါကြီး ဆရာတော်သံဃာတော်များ အပါအဝင် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဧပြီ ၂၁ရက်က ကော့သောင်းမြို့၊ မဥ္ဇူသက ပြည်သူ့ခန်းမ၌ ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးအား ဧပြီလ ၂၁ရက် မှ ဧပြီလ ၂၉ ရက်အထိ အတွင်း ထိုးနှံပေးသွားမည်ဖြစ်သည်။ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကော့သောင်းမြို့၊ ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးဝန်ထမ်းများက ဒုတိယအကြိမ်အဖြစ် ထိုးနှံပေးခြင်းဖြစ်သည်။ **ကျော်စိုး (ကော့သောင်း)**

### သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၇)ရပ်ကွက်၊ ဦးပုည(၁)လမ်း၊ အမှတ် (၆၉၁)တွင် နေထိုင်သော ဦးငွေအောင်-ဒေါ်စန်းစန်းအေးတို့၏သမီး မသီတာရွှေစင် ၁၂/ရကန(နိုင်)၀၈၆၁၇၁သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ငွေကြေးကိစ္စအဝဝတို့အား မိဘဆွေမျိုးတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်နှင့် မသီတာရွှေစင်အား သမီးအဖြစ်မှ စွန့်လွှတ်ထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင် (L.L.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၄၄)
အမှတ် (၉)၊ သခင်ဘစိန်လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၄၅၂၆၅၆၅၅၉

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၄၊ မြေကွက်တည်နေရာအမှတ်-၄၊ မန္တလေးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးတင်မိုး (C/RGN ၀၀၇၂၃၈) အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးတင်မိုး(ကွယ်လွန်)၏ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရင်မြ ၁၂/ကတတ(နိုင်)၀၀၇၈၂၂မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၃၉၉/၂၀၂၀ (၆-၃-၂၀၂၀) ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်း၏ဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းနှင့် အခြားမည်သူ့ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့နယ်၊ မြို့ခင်းသာရွာ (ဘ)ဦးငွေလင်း၏သမီး မရွှေဇင်နု (ခ)မရွှေစင်နု ၈/ပခက(နိုင်)၂၆၄၇၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အစုရှယ်ယာလျှော့ချပြီးကြောင်းကြေညာခြင်း

ကျွန်တော်များ HTOO MYAT GON CO., LTD (Registration No.107107304) သည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ (၂၀-၄-၂၀၂၁)ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လက်ရှိအစုရှယ်ယာအရေအတွက် (၅၉၀၀)တန်ဖိုးကျပ်သိန်း (၅၉၀၀)မှ အစုရှယ်ယာအရေအတွက် (၃၀၀)တန်ဖိုး ကျပ်သိန်း(၃၀၀)သို့ အစုရှယ်ယာ လျှော့ချပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

HTOO MYAT GON CO.,LTD
ဖုန်း-၀၉-၅၆၆၁၆၀၀

### စာအုပ်စာပေလှူ့မိတ်ဆွေ

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

နောင်ချိုမြို့နယ်၊ မျက်ချီးနုကျေးရွာအုပ်စု၊ ကျောက်တော(စံပြ)ကျေးရွာအား Tourism Village အဖြစ် ဖော်ဆောင်ရန် ငွေကျပ်(၄၆.၀၀)သန်းဖြင့် တင်ဒါခေါ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) လုပ်ငန်းအမည် - (Lot-1) ဝါးရုံတော/ရေချောင်းနားနေဆောင်ဆောက်လုပ်ခြင်း၊ တောတွင်း အပန်းဖြေစခန်းသို့ သွားသော မြေသားလမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(ခွင့်ပြုရန်ပုံငွေ ၂၂.၀၀ သန်း)
(Lot-2) CBT တည်းခိုဆောင် (၂)လုံးဆောက်လုပ်ခြင်း၊ CBT အတက်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(ခွင့်ပြု ရန်ပုံငွေ ၂၄.၀၀ သန်း)

(ခ) တင်ဒါစတင်ခေါ်ယူမည့်ရက်- ၂၃-၄-၂၀၂၁ရက်

(ဂ) တင်ဒါပိတ်မည့်ရက်/အချိန်- ၁၃-၅-၂၀၂၁ရက် ညနေ ၄နာရီ

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၈၂-၂၉၈၅၀၃၁

တင်ဒါခေါ်ယူရေးကော်မတီ

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၉၉၉၃၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီဝင်း ၁၃/ရစန(နိုင်)၀၀၀၀၁၄က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၁-၄-၂၀၂၁ရက်မှ ၂၀-၅-၂၀၂၁ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၂၀-၅-၂၀၂၁ရက် ညနေ ၃နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - အင်ဂျင်နီယာချုပ်ရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် (၂၁-၄-၂၀၂၁)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၂၀၆၆၆**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/6143 Honda Insight ZE2 Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဦး ၈/ပခက(နိုင်)၁၈၀၄၀၁ က က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** သို့ ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။


## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း- ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း- ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၂၀၁၃၆၉၆၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း။ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount

အမြန်ဆုံး ရယူလိုက်ပါ

## နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

၁၃၈၂ ခုနှစ်တွင်ကျရောက်သော မြန်မာတို့၏ နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာပြည်သူ ပြည်သားအပေါင်းနှင့်တကွ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် မျှဝေလှူဒါန်းကြသော အလှူရှင်များ၊ ကင်ဆာဝေဒနာရှင်များအား မေတ္တာဖြင့် ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဝန်ထမ်းများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသူ/နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ/ကမ္ဘာသားအားလုံး COVID-19 ကပ်ရောဂါဘေးမှ ကင်းလွတ်ပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်လူကြီးများ**
**ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း**
**ရန်ကုန်၊ မန္တလေး**

## ဦးမြင့်ဌေး ၁၂/တမန(နိုင်)၀၂၄၁၁၇ နှင့် အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ (၅)လမ်း၊ အမှတ် (၁၇၀) ခေါ် အကျယ်ပေ (၆၀x ၄၀) ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့် ခြောက်ထပ်တိုက်နေ မြေညီထပ်တိုက်ခန်းသည် လူနေထိုင်ခွင့်မကျသေးသည့် ဆောက်လုပ်ဆဲ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသည်။ ထိုတိုက်ခန်းတွင် မည်သူ့ကိုမျှ ဝင်ရောက်နေထိုင်ခွင့်မပြုထားပါ။

အထက်ဖော်ပြပါတိုက်ခန်းအား ဦးမြင့်ဌေးမှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် လူနေထိုင်ခွင့်ကျပါက ဝယ်ယူမည်ဟုကတိပြုပြီး တိုက်ခန်းပြင်ဆင်ခွင့် တောင်းဆိုကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ဝန်ထမ်းများမှ တင်ပြလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ခွင့်ပြုပေးခဲ့ပါသည်။

ယခုအခါ အထက်ဖော်ပြတိုက်ခန်းတွင် လူများဝင်ရောက်နေထိုင်ခြင်း၊ ဥပဒေမဲ့လုပ်ငန်းများလုပ်ကိုင်သည်ကို စစ်ဆေးတွေ့ရှိကြောင်း သက်ဆိုင်ရာမှအကြောင်း ကြားလာပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါတိုက်ခန်းအား ပြင်ဆင်ခွင့်တောင်းခံ၍ တိုက် ခန်းရယူထားသူ ဦးမြင့်ဌေးမှ အမြန်ဆုံးလာရောက်ဖြေရှင်းပေးပါရန် ဤသတင်းစာကြော်ငြာဖြင့် အသိပေးကြေညာအပ်ပါသည်။

လာရောက်ဖြေရှင်းခြင်းမရှိပါက သက်ဆိုင်ရာနှင့် ပူးပေါင်း၍လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေကိုယ်တိုင်ဖြင့်လည်း ကောင်း ဦးမြင့်ဌေးအား ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးမြင့်ဌေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၅၆)**
**အမှတ် (၇/၁၁၁)၊ ဒုတိယထပ်(ဘယ်)၊ သုမင်္ဂလာလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၈၂၀၇၂၊ ၀၉-၂၅၄၀၀၈၂၁၁**

### ပညာရေးဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများ၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများတွင် Digital Learning Management System အား လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Laptop Computer များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ Open Tender ပုံစံများကို (၂၂-၄-၂၀၂၁) ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တို့တွင် တစ်စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး (၂၁-၅-၂၀၂၁) ရက် ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ Tender ပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများ တင်သွင်းရမည် ဖြစ်ပါသည်။
၃။ အဆိုပါ Laptop Computer များအား သက်ဆိုင်ရာကျောင်းများ၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများသို့ အရောက်ပေးပို့နိုင်ရမည်။
၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇၃-၄၀၄၃၈၉ နှင့် ၀၆၇၃-၄၀၄၄၅၆ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ စီ၊ မြေအကွက်အမှတ် ၂၁ အက်ဖ်(၁)/၃ (၀ဒသမ၁၀၀)ကော၊ မြေကွက်တည်နေရာ အမှတ် ၁၃၅ ကေ-၁၊ သံလွင်လမ်းသွယ် (ဝင်ဒါမီယာလမ်းသွယ်)၊ (၉)ရပ်ကွက်၊ ဦးခင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၂၀၈၆၈၊ ဒေါ်ခင်လေးရီ ၁၂/လမတ(နိုင်)၀၂၀၈၆၇ အမည်ပေါက် မြေပိုင်မြေ မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင်ဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၉၃၉၁/၂၀၂၀ (၇-၈-၂၀၂၀)ဖြင့်လည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်လေးရီထံမှ စင်ကာပူသံရုံး၏ ၁၄-၁-၂၀၁၈ ရက်စွဲဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သန်းသန်းအေး ၁၂/ကတတ(နိုင်)၀၀၃၀၆၅ က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါများမရုပ်သိမ်းသေးကြောင်း ၂၂-၁၀-၂၀၂၀ ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာ (၂)စောင်၊ ပါဝါ(၂)စောင်၊ အမည်ပေါက်စာချုပ်ဖြစ်သည့် မြေနှင့် အဆောက်အအုံ၊ အပြီးအပိုင် အရောင်းအဝယ်စာချုပ် ၂၃၀၅/၁၉၉၆ (၃၀-၈-၁၉၉၆) မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၁၁၉၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးရှိုင်းလင်းအောင် ၁၀/သဖရ(နိုင်)၁၆၃၇၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖားရွှေကျော်လမ်း၊ (၆) ရပ်ကွက်၊ မြေကွက်အမှတ်(၄၈)၊ (၄၀ x ၆၀)ပေ အကျယ်ရှိ နှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သန်းဌေး ၁၂/ဥကတ(နိုင်)၀၂၉၅၀၂ ထံမှ ဝယ်ယူထားသူ ဒေါ်ဆွေဆွေနိုင် ၁၂/ဗဟန(နိုင်)၀၀၈၅၉၄ ထံမှတစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်အေးအေးမာ ၁၂/ဒဂမ(နိုင်)၀၀၆၄၁၀ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကြေညာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချပိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ နှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးသတ်ပေးချေ၍ လက်ရောက်ရယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၇၆၄၈၀၉၈၀၀**

### ဒေါ်နှင်းနန္ဒီလှိုင်(ဘ)ဦးတင့်လွင် ၁၂/မဂဒ(နိုင်)၁၃၈၇၁၂ နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်၊ အကွက်(၈၅၂)နေ ဦးဌေးဦး (ဘ)ဦးသန်းလွင် ၉/မရတ(နိုင်)၁၂၄၀၅၆ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဌေးဦးနှင့် ဒေါ်နှင်းနန္ဒီလှိုင်သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး သားများဖြစ်ကြသော မောင်လှိုင်မင်းထက်၊ မောင်ထက်ဝေယံ၊ မောင်ထက်မြတ်ဦးတို့အား မွေးဖွားခဲ့ပါသည်။

ဇနီးဖြစ်သူ ဒေါ်နှင်းနန္ဒီလှိုင်သည် ဇနီးတစ်ဦး၏တာဝန်၊ မိခင်တစ်ဦး၏တာဝန် ကျေပွန်ခဲ့ခြင်းမရှိသည့်အပြင် ဆွေမျိုးအသိုင်းအဝိုင်းကြားတွင်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူနှင့် မိသားစု၏ အရှက်ဂုဏ်သိက္ခာ ကျဆင်းစေသည့် ပြုလုပ်မှုများအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ဒေါ်နှင်းနန္ဒီလှိုင်သည် ထိုသို့အကြိမ်ကြိမ်ပြုလုပ်ခဲ့မှုအပေါ်တွင် ခင်ပွန်းဖြစ်သူမှ သဘောထားပြည့်စွာဖြင့် ခွင့်လွှတ်ပေးခဲ့သော်လည်း ဒေါ်နှင်းနန္ဒီလှိုင်မှ မိမိကိုယ်မိမိ ပြန်လည်၍ ပြင်ဆင်ပြုပြင် နေထိုင်ခြင်းမရှိဘဲ (၁၅-၄-၂၀၂၁) ရက်တွင် မိမိသဘောဆန္ဒဖြင့် မည်သူ့ကိုမျှ အသိပေးခြင်းမရှိဘဲ နေအိမ်မှ ထပ်မံ၍ ထွက်ခဲ့ပါသည်။

ဒေါ်နှင်းနန္ဒီလှိုင်သည် နေအိမ်မှထွက်သည့်နေ့မှစ၍ ယနေ့အချိန်ထိ ပြန်လည်လာရောက်ခြင်း မရှိသောကြောင့် ယနေ့ (၂၁-၄-၂၀၂၁)ရက်မှစ၍ ဒေါ်နှင်းနန္ဒီလှိုင်အား ဇနီးဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ယခုကြော်ငြာပါသည့်နေ့မှစ၍ ဦးဌေးဦးနှင့်ဒေါ်နှင်းနန္ဒီလှိုင်တို့သည် အကြင်လင်မယားအဖြစ် ပတ်သက်တော့ခြင်း မရှိသည့်အပြင် ဒေါ်နှင်းနန္ဒီလှိုင်နှင့် ပတ်သက်သည့် ငွေကြေး၊ လူမှုရေးကိစ္စ အဝဝသည်လည်း ဦးဌေးဦးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ထိုကဲ့သို့ ကိစ္စရပ်များဖြစ်လာပါကလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ဒေါ်နှင်းနန္ဒီလှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **လွှဲအပ်ညွှန်ကြားသူ** |
| **ဒေါ်သူဇာအောင် (LL.B)** | **ဦးဌေးဦး (ဘ)ဦးသန်းလွင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၈၀/၁၇-၁-၁၇)** | **၉/မရတ(နိုင်)၁၂၄၀၅၆** |
| **တတ-၈/၁၉၊ ၆၀Bx၆၁လမ်းကြား၊** | |
| **အနော်ရထာလမ်းနှင့်အောင်ဇေယျလမ်းကြား၊** | |
| **ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့** | |
| **ဖုန်း-၀၉-၂၅၀၈၀၉၀၆၄** | |

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ အမှတ် (၉၄၉)နေ မိခင် ဒေါ်တင်တင်သော်၏ သားဖြစ်သူ မောင်ကျော်စွာစိုး ၁၂/ဥကတ(နိုင်)၁၇၁၄၇၁ သည် မိခင်နှင့်မိသားစုအား စိတ်ဆင်းရဲကိုယ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်သော်**
**၁၂/ဥကတ(နိုင်)၁၁၂၉၈၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၃၅၆-က)၊ မြေယာအမှတ်( )၊ မြေရီယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်ရီရီဝင်း ပါ(၄)ဦး ၅/ရဘန(နိုင်)၀၃၇၁၉၀ မှ လည်းကောင်း၊ ဦးပိုင်အမှတ် (၃၅၆-ခ)၊ မြေယာအမှတ်( )၊ မြေရီယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးမဟော့စ်(ခ)ဦးအောင်သန်း ၉/မမန(နိုင်)၀၁၅၄၈၃ မှလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဒေါ်လှိုင်လှိုင်ဝင်း(ဘ) ဦးတင်ရှိန် ၉/လဝန(နိုင်)၁၂၇၇၄၅ မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ အမှတ် (၆/၅၁၆)၊ အရှေ့လားသော် ဦးရဲမြင့်၊ အနောက်လားသော် ဦးကျော်အေး၊ တောင်လားသော် လမ်း၊ မြောက်လားသော် ဦးကျော်မြင့် အလား(၄)ရပ်အတွင်းရှိ ပေ(၆၀x၅၀) ကျယ်ဝန်းသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦ(၁)လုံး အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၂၁-၈-၂၀၂၀ ရက်တွင် ချုပ်ဆိုခဲ့သောစာချုပ်၏ ပဋိညာဉ်အရ ဒေါ်လှိုင်လှိုင်ဝင်းတစ်ဦးတည်းသာ လက်ရှိထားပိုင်ဆိုင်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ(၁)လုံးတို့နှင့် ပတ်သက်၍ ဒေါ်လှိုင်လှိုင်ဝင်းတစ်ဦးတည်းမှသာ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း စသည့်ကိစ္စအဝဝကို ဆောင်ရွက်ပိုင်ခွင့်ရှိသူဖြစ်ကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်ခြင်းမရှိကြောင်းနှင့် အခြားသူများမှ ဝင်ရောက် ကျူးကျော်လျှင် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှိုင်လှိုင်ဝင်း (ဘ) ဦးတင်ရှိန်**
**၉/လဝန(နိုင်)၁၂၇၇၄၅**
**အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့**

## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမက(၁၇) စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ဇင်မင်းထိုက်၏ မိဘအမည်မှန်မှာ ဦးတင်အုန်းနှင့် ဒေါ်ငွေကျော့ ဖြစ်ပါကြောင်း။

**ဦးတင်အုန်း ၁၂/ဥကမ(နိုင်)၀၂၄၄၅၀**
**ဒေါ်ငွေကျော့ ၁၂/ဥကမ(နိုင်)၀၉၃၁၆၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8851 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/9238 အမည်ပေါက် Kyaw Kyaw Win Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးခင်ဇော်ဦး ၆/ကသန(နိုင်)၀၄၀၁၀၄ ပိုင်ဆိုင်သော ကျော်ဇင်လင်း (FKD/0006/15) ငါးဖမ်းလှေ၏ ဂရန်/LSAမူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၂၁၉၇၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7669 ISUZU NPR 75 Truck with Grane (4x2)R ယာဉ်လက်ဝယ်ရှိသူ သီတာရေလုပ်ငန်းကုမ္ပဏီက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက် မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/41819, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နာရှဲ ၁၃/ကတန(နိုင်)၀၁၂၄၂၈က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ တစ်လအတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၃/၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၄ ထပ်ခွဲ)တိုက် အဆောက်အဦ၏ ယခုရောင်းချသူ ဒေါ်ခင်ခင်ချစ် တစ်ဦးတည်းလွတ်လပ်စွာ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒုတိယထပ် (၃ လွှာ၊ ဘယ်ခြမ်း)၊ (အလျား ၁၃ ပေxအနံ ၄၅ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားရှိသော ရေ မီးအပါအဝင်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းကျော်စွာ ၁၂/တမန(နိုင်)၁၀၄၄၀၀ ထံသို့ လွှဲပြောင်းရောင်းချသဖြင့် အပြီးအပြတ်ငွေပေးချေထားပြီးဖြစ်၍ ရောင်းချသူမှ တိုက်ခန်းအား လက်ရောက်လွှဲအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက လုံလောက်သောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၄၄)**
**အမှတ်(၉)၊ သခင်ဘစိန်လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၅၂၆၅၆၅၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၅၅၃)၊ မြေကွက်တည်နေရာအမှတ်(၅၅၃)၊ နွယ်သာကီ(၄)လမ်း၊ (က)ရပ်ကွက်၊ ဒေါ်ရန် ၁၂/ရကန(နိုင်)၁၂၉၅၁၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ (မိခင်)ဒေါ်ရန်သည် ၈-၂-၂၀၁၃ရက်တွင် လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးပါစူးသည် ၂၈-၁၂-၁၉၈၉ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးချစ်လှိုင် ၁၂/သလန(နိုင်)၀၉၆၂၈၂၊ ဒေါ်ဟလီမာ ၁၂/ဥကမ(နိုင်)၁၁၆၇၆၄၊ ဒေါ်ဟာဖစ်ဘီ(ခ)ဒေါ်ကြည် ၁၂/ဥကမ(နိုင်)၁၂၇၁၇၄၊ ဒေါ်တင်တင်စန်း ၁၂/ဥကမ(နိုင်)၁၅၂၂၇၈၊ ဒေါ်ခင်ခင်နွဲ့ ၁၂/ဥကမ(နိုင်)၁၅၂၂၇၇၊ ဒေါ်လှလှဝင်း ၁၂/ဥကမ(နိုင်)၁၃၈၅၀၂၊ ဒေါ်အေးအေးသန်း ၁၂/ဥကမ(နိုင်)၁၂၉၆၇၀၊ ဒေါ်ညွှန့်ညွှန့်ဝေ ၁၂/ဥကမ(နိုင်)၁၃၀၅၆၅ တို့မှ အမွေဆက်ခံခွင့်ရရှိကြောင်း တောင်ဥက္ကလာပမြို့နယ်၊ တရားရုံးကျမ်းသစ္စာပြုလွှာအမှတ် (၁၃၅/၁၉) သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာ(၁)လမ်း၊ အမှတ်(၉)ဟုခေါ်တွင်သည့် ဦးဝင်းလှိုင် ၁၂/သဃက(နိုင်) ၁၂၈၃၈၅ အမည်ပေါက်လျက်ရှိသည့် မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၅၁၃) နှစ်(၆၀)ဂရန်မြေ၊ ဧရိယာ ၀ဒသမ ၀၅၉ ဧကရှိမြေကွက်ကို ဦးဝင်းလှိုင်ထံမှ ယခု ရောင်းချသူ ဒေါ်ခင်သန်းမြင့် ၁၂/သကတ(နိုင်)၀၄၇၆၁၉ သည် ၂၆-၂-၂၀၁၉ ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ပြုလုပ်၍ ဝယ်ယူခဲ့ပြီး ယခုအခါ တစ်ဦးတည်း တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်း၊ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်နှင့် လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းတို့ကို ဝန်ခံ၍ အဆိုပါတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီးအနက်မှ မြေကွက်အမှတ်(၅၁၂)နှင့်ကပ်လျက်ရှိသော မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ) အကျယ်အဝန်းရှိ မြေနှင့်အဆောက်အဦအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစန်းမြင့် ၁၂/တမန(နိုင်)၀၇၆၇၆၂ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် သဘောတူညီပြီးဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ရောင်းချသူထံ ဝယ်ယူသူမှပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်ကိစ္စကို ကန့်ကွက်မည့်သူရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါမြေနှင့် အဆောက်အဦ၏ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၄၄)**
**အမှတ်(၉)၊ သခင်ဗစိန်လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၅၂၆၅၆၅၅၉**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးသိန်းနိုင်(ခ)ဦးဟုတ်ရီ

### မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (စက်မှုဌာန)

### MPA-ALLIED

### အသက် (၈၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ရွာနေ (ဦးပိုးဟောက်-ဒေါ်လှကြိုင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၂၆)၊ ဦးလူနီလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်ဒေါ်လီမောင်လေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းစိုး(ခ) မောင်စိုး-ဒေါ်နန်းနွယ်လှိုင်(ခ)စန္ဒီးအဟုန်၊ ဒေါ်ကြည်ပြာနိုင်-ဦးအောင်စိုးထွန်း၊ ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မမိရှဲလ်မေနွယ်စိုး၊ မအေးချမ်းအိမ်၊ မောင်မြတ်မင်း၊ မလွန်းမြတ်အိမ်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးသိန်းနိုင်(ခ) ဦးဟုတ်ရီသည် ၂၀-၄-၂၀၂၁ရက် (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၄-၂၀၂၁ ရက် နံနက် ၁၀ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုကိုးကွယ်ဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ဦးလူနီလမ်း နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဦးတင်

### အသက်(၇၈)နှစ်

ဝမ်းတွင်းမြို့နယ်၊ သစ်ပုလွေကန်ကျေးရွာနေ (ဦးချမ်းသာ-ဒေါ်ဝင်းစိန်) တို့၏သား၊ ဒေါ်သောင်းခင်၏ခင်ပွန်း၊ ဗိုလ်မှူးကြီးမြင့်ဦး-ဒေါ်သင်းသင်းအေး၊ ဦးဇော်ဝင်း-ဒေါ်ပပ၊ ဒေါက်တာအောင်ဝင်း-ဒေါက်တာ ဇင်မာမာမောင်၊ ဦးမျိုးထွန်း-ဒေါ်နီလာ၊ ဦးခင်မောင်ချင်း-ဒေါ်သက်သက်ဆွေတို့၏ဖခင်၊ မြေးရစ်ယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၁ရက် နံနက် ၁၁နာရီတွင် နေပြည်တော် ကျွဲကြီးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃/၁-ခ)၊ ဦးပိုင်အမှတ်(၁၀၇/ က)၊ မြေဧရိယာ (၀ဒသမ၁၆၉)ဧကရှိမြေကွက်သည် မူလက ဒေါ်ခန်းမာလုအမည်ဖြင့် (၁၅-၁-၂၀၁၃)ရက်အထိ (၁၅)နှစ်ဂရန်ရရှိခဲ့ပါ သည်။ ဂရန်အမည်ပေါက်သူ ဒေါ်ခန်းမာလု(မိခင်)နှင့် ဦးဖော်ဂျဲလ(ဖခင်)တို့မှာ အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့သားသမီးများဖြစ်ကြသည့် ဒေါ်ခေါန်တွမ်၊ ဒေါ်ဘောက်ဂျာ နှင့် ဦးဖော်ကျဲလထွယ်တို့(၃)ဦးမှ တရားဝင်အမွေဆက်ခံခဲ့ကြပြီး ဒေါ်ခေါန်တွမ်နှင့်ဒေါ် ဘောက်ဂျာတို့(၂)ဦးမှ (၁၆-၁၀-၂၀၁၉)ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၄၄၇/၂၀၁၉)ဖြင့် ဦးဖော်ကျဲလထွယ်သို့ တရားဝင်စာချုပ်ဖြင့် စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးဖော်ကျဲလထွယ်ပါ(၂)ဦး ၁/မကန(နိုင်) ၂၁၈၁၅၂အမည်တို့ဖြင့် (အမည်ပြောင်း) မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွေ့ဘ်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရသေ့တောင်မြို့နယ်၊ ချောင်း၀ ရပ်ကွက်နေ ဦးမောင်ဖြူ၏သမီး စောမြနွယ် ၁၁/ရသတ(နိုင်)၀၄၆၂၂၀ နှင့် စောမြတ်နွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဗမာအေး)၊ မြေကွက်အမှတ် (၄၈၁)၊ ဧရိယာ (၂၅'x၅၀')=(၁၂၅၀) စတုရန်းပေ =(၀ဒသမ၀၂၈)ဧက၊ မြေကွက်တည်နေရာ အမှတ် (၄၈၁)၊ မင်းနန္ဒာလမ်း၊ ဗမာအေး ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးတင်သိန်း (CA-၀၆၂၆၁၇) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်သိန်း(ဖခင်)၊ ဒေါ်တင်ဥ(မိခင်)၊ သားတစ်ဦးဖြစ်သူ ဦးမြင့်ထွန်း (လူပျိုကြီးဘဝဖြင့်)တို့ အသီးသီး ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်မြင့် ၁၂/လမတ(နိုင်)၀၀၄၄၅၆၊ ဒေါ်ယဉ်ယဉ်မြင့် ၁၂/လမတ(နိုင်)၀၀၄၇၉၉ တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဦးတင်သိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မူရင်း၊ သေစာရင်းများ၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)မှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ) | ၃၀၀၀ | ၂၁-၅-၂၀၂၁ | ၁၂:၀၀ | ၂၁-၅-၂၀၂၁ | ၁၄:၀၀ |
| | ။ | ၂၇-၅-၂၀၂၁ | ၁၂:၀၀ | ၂၇-၅-၂၀၂၁ | ၁၄:၀၀ |
| | ။ | ၃-၆-၂၀၂၁ | ၁၂:၀၀ | ၃-၆-၂၀၂၁ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄တို့သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၂၂၉)ဧကရှိ မြေ ကွက်အမှတ်(ဥ၅၀၉၉)၊ ဦးထွန်းနွယ် (ဘ)ဦးကျောက်လုံး အမည်ပေါက်၊နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကိုဦးသက်ပိုင်ဦး ၁၄/ကခန(နိုင်)၀၆၄၃၀၀(ဘ) ဦးဝင်းမောင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၃၇၄၈(၂၄-၁၂-၂၀၁၉)တင်ပြ၍ ဒေါ်နီလာအောင် ၁၄/ရကန(နိုင်)၁၀၄၄၈၄(ဘ) ဦးသန်းဇော်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအောင်ငွေးဦး(YIT 1993–1998)

### (ဒုတိယအင်ဂျင်နီယာချုပ်-မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

### အသက်(၄၉)နှစ်

ကျုံပျော်မြို့၊ မြဝတီရပ်ကွက်နေ (ဦးမြကျင်)-ဒေါ်လင်းမိတို့၏သားကြီး၊ (ကိုမိုးအောင်)၊ ဟသ်ာတမြို့နေ ကိုဝင်းနိုင်-မသန္တာဝင်းတို့၏အစ်ကို၊ ကလေးမြို့နေ (ဦးသိန်းထွန်း)-ဒေါ်ညိုမွေးတို့၏သားသမက်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက်(၄၀၂၃)၊ အခန်း(၁၅)နေ ဒေါ်နုဝါလှိုင်(ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မဆောင်းစိမ့်စိမ့်ဦး၊ မသျှင်းသိမ့်သိမ်းဦးတို့၏ ချစ်လှစွာသောဖခင်သည် ၂၀-၄-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၁ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်၊ ခုတင်(၁၀၀၀)ဆေးရုံကြီးမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ငွေးဦး

### ဒုတိယအင်ဂျင်နီယာချုပ်(MRTV)

### အသက်(၄၉)နှစ်

စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒေါ်နုဝါလှိုင် (ဦးစီးအရာရှိ)၏ ခင်ပွန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ ဒုတိယအင်ဂျင် နီယာချုပ် ဦးအောင်ငွေးဦးသည် ၂၀-၄-၂၀၂၁ရက် နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရုံးချုပ်နှင့်နယ်ထပ်ဆင့်လွှင့်စက်ရုံများရှိစက်မှုဌာနခွဲမှ ဝန်ထမ်းများ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးနီကီးယို

### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပျားလုပ်ငန်းဌာန

### အသက် (၇၀)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ အကြီးတန်းစာရေး ဒေါ်နီလွှမ်း၏ခင်ပွန်း ဦးနီကီးယိုသည် ၁၇-၄-၂၀၂၁ရက် ညနေ ၃:၄၀ နာရီတွင် ချင်းပြည်နယ်၊ ဟားခါးမြို့၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်ရီ

### အသက်(၆၅)နှစ်

သူငယ်ချင်း ဒေါက်တာမြတ်စံ၏ ချစ်လှစွာသောဇနီး ဒေါ်ညွန့်ညွန့်ရီသည် ၁၂-၄-၂၀၂၁ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)**
**သီဟတပ်ခွဲသူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်

### အသက်(၇၈)နှစ်

ဝမ်းတွင်းမြို့နယ်၊ သစ်ပုလွေကန်ကျေးရွာနေ ဒေါ်သောင်းခင်၏ခင်ပွန်း ဗိုလ်မှူးကြီးမြင့်ဦး-ဒေါ်သင်းသင်းအေးတို့၏ဖခင်သည် ၂၁-၄-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက်၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့**
**အရာရှိ၊ စစ်သည် မိသားစုများ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/71999 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၁၃/ဖခန(နိုင်) ၀၁၈၉၁၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ မြေကွက်အမှတ်(၆၇၉/က)၊ မြေကွက်တည်နေရာအမှတ်(၆၇၉/က)၊ ဇောတိက(၁) လမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဦးဝင်းမောင် ၁၂/သဃက(နိုင်)၀၂၆၆၆၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းမောင် ၁၂/သဃက(နိုင်) ၀၂၆၆၆၀သည် (၆-၃-၂၀၀၇)ရက်တွင်လည်းကောင်း၊ (ဇနီး)ဒေါ်လှသည် (၂၃-၅-၂၀၁၄)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်လှလှဝင်း ၁၂/သဃက (နိုင်)၀၂၃၀၉၀၊ ဒေါ် တင်တင်အောင် ၁၂/သဃက(နိုင်)၀၂၆၂၇၃၊ ဦးဝင်းနိုင် ၁၂/သဃက (နိုင်)၀၂၅၅၇၂၊ ဒေါ်ခိုင်ခိုင်ဝင်း ၁၂/သဃက(နိုင်)၀၂၅၂၅၅၊ ဦးဝင်းလှိုင် ၁၂/သဃက(နိုင်) ၀၂၆၆၆၃၊ ဒေါ်အိစုအောင် ၁၂/သဃက(နိုင်) ၀၉၅၄၉၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၇/၇၃၆/၂၀၂၀(၆-၇-၂၀၂၀)၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများနှင့် ဦးဝင်းမောင်အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုလသရိယ

### (ဘားအံမြို့၊ မြိုင်သဇင်ကျောင်းတိုက်)

### သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃)ဝါ

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၁)ရပ်ကွက်၊ မြိုင်သဇင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုလသရိယ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ကရင်ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း)သည် (၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၈ရက်) ၁၉-၄-၂၀၂၁ရက် နံနက် ၅:၅၃ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ် ကဆုန်လဆန်း ၉ရက်) ၁၉-၅-၂၀၂၁ရက်တွင် ဘားအံမြို့ တောင်ကလေးကွင်းတွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း သီတင်းသုံးဖော်များနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်မြ

### အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ဒင်ပေါက်ကျေးရွာနေ ဦးဘုန်းအောင်ကျော်၏ဖခင် ဦးစိန်မြသည် ၁၈-၄-၂၀၂၁ရက် (တနင်္ဂနွေနေ့) ည ၉:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၉)စည်သူတပ်ခွဲ**
**ကျောင်းဆင်းအရာရှိသူငယ်ချင်းများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ယဉ်ယဉ်ခိုင် (Maggie Archer)

### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

### စီမံကိန်းရေးဆွဲရေးဦးစီးဌာန

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေပဒေသာလမ်း၊ အမှတ်(၈၄၈/ခ)နေ (ဦးကျော်မြင့်-ဒေါ်သန်းအေး)တို့၏သမီး၊ ဦးဘိုကြီး၏ချစ်လှစွာသောဇနီး၊ (ဦးမြတ်စိုး)-ဒေါ်လှလှမြင့်၊ ဦးအောင်ကြီး-ဒေါ်ထွေးထွေးမြင့်တို့၏အစ်မ၊ ဦးမင်းမင်းဦး-ဒေါ်မီမီသက်၊ ဦးဇော်မျိုးသန့်-ဒေါ်စိမ့်စိမ့်အေးတို့၏မိခင်၊ နော်နိုလင်းထူး၊ နော်ခရစ္စတီးနာထူး၊ မောင်ရဲမင်းအေး၊ မောင်ဖြိုးမင်းသူတို့၏ အဘွား၊ မဟေသာလင်းထွန်း၏ ဘွားဘွားကြီးသည် ၂၁-၄-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀နာရီတွင် ခရစ် တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၄-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အောက်မေ့ဖွယ် အစီအစဉ်ကို ၂၇-၄-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၉နာရီအထိ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှမြိုင်

### အသက် (၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ငုက်ပျောတောလမ်း၊ အမှတ် (53)နေ ဦးဝင်းမြိုင်-ဒေါ်လှ မြင့်တို့၏သမီး၊ (ဦးစိုးနိုင်)-ဒေါ်မြင့်မြင့်စိန်တို့၏ညီမ၊ ဦးမင်းစိန်-ဒေါ်သင်းသင်း၊ ဦးကျော်မျိုးမြင့်-ဒေါ်ယဉ်ယဉ်မြိုင်၊ ဒေါ်သင်းသင်းမြိုင်၊ ဦးကျော်လှိုင်ဝင်း-ဒေါ်ယဉ်ငြိမ်းလှုတို့အစ်မ၊ ဦးဇေယျာထွန်း၏ချစ်လှစွာသောဇနီး၊ မသဲဝင့်နန္ဒာ၊ မောင်ဟိန်းဆင့်ဇေယျာတို့၏ ချစ်လှစွာသောမိခင်ကြီး၊ တူ၊ တူမလေးယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၀-၄-၂၀၂၁ ရက် (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၁ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

## ရေဆင်း၊ နေပြည်တော်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါ Desktop Computer (၂၀) စုံကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Core i5 Desktop Computer (8th Gen Intel Core i5 (2.0GHz), 8GB DDR4 RAM, 2TB HDD, Graphics AMD Radeon 530 4GB, 23.5" LED Monitor, DVD RW, A4 Tech Keyboard & Mouse, UPS) | (၂၀)စုံ |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀၂၁ ခုနှစ် ဧပြီ ၂၂ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာန

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀၂၁ ခုနှစ် မေ ၂၀ရက်၊ ၁၆:၀၀နာရီ

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

# ညောင်အင်းစက်မှုဇုန်တွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေစွာလည်ပတ်လျက်ရှိ




ပဲခူး မေ ၂၁
ပဲခူးတိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်ရေးနှင့် အခြားကဏ္ဍအသီးသီးတွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃၅ ခု၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ ၃ ဘီလီယံခန့်နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၀ ၊ တန်ဖိုးကျပ်ငွေ ၉၇၇ ဘီလီယံခန့်ရှိသော စက်ရုံ/အလုပ်ရုံများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေစွာ လည်ပတ်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့်သည် ပဲခူးမြို့အနီးတစ်ဝိုက်တွင် လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ရာ တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီဖြစ်သည့် ပဲခူးမြို့နယ်အတွင်းရှိ ညောင်အင်းစက်မှုဇုန်နှင့် စက်ရုံ/အလုပ်ရုံများတွင် သက်ဆိုင်ရာ လုပ်ငန်းခွင်အသီးသီး၌ လုပ်သားအင်အား ၅၅၀၀၀ ခန့် အဆင်ပြေချောမွေ့စွာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၂၁ ကော်လံ ၁* ❖

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၆၇၄ ဦးရှိ

### (၂၁-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၀-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၆၁,၉၁၀) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၇၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၁၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ယနေ့ ဖတ် စ ရာ

မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်က နိုင်ငံရေးသံဝေဂယူစရာ ပါလီမန်ဒီမိုကရေစီပါတီ
ဆောင်းပါး စာ - ၉၊၁၀

..............................

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက် စာ - ၁၁

## အနိုင်ရရှိရန် လိုအပ်နေသည့် လက်စတာနှင့် ဝက်စ်ဘရွန်းတို့၏ အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ


လက်စတာအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ ပထမအကျော့တွေ့ဆုံစဉ်က ယှဉ်ပြိုင်ကစားမှု။

ပရီမီယာလိဂ်ပွဲစဉ် (၃၂) မှ လက်စတာနှင့် ဝက်စ်ဘရွန်းအသင်းတို့ပွဲစဉ်ကို မေ ၂၃ ရက် နံနက် ၁ နာရီခွဲတွင် လက်စတာ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လက်စတာအသင်းသည် ပရီမီယာလိဂ် ၃၁ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၅၆ မှတ်ဖြင့် အဆင့် (၃) နေရာ၌ ရပ်တည်နေသော်လည်း အဆင့်(၇)နေရာမှ စပါးအသင်းနှင့် ရမှတ်ကွာဟမှုသည် ခြောက်မှတ်သာ ရှိသောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ယနေ့ပွဲစဉ်မှစကာ ကျန်ရှိသည့်ပွဲစဉ်များအားလုံးကို အမှားခံလို့ မရသည့်အနေအထားတွင် ရှိနေသည်။ ဝက်စ်ဘရွန်းအသင်းကလည်း တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့်အတွက် လာမည့်နှစ် ပရီမီယာလိဂ်တွင် ကျန်ရစ်နိုင်စေရန်အတွက် ယခုပွဲစဉ်မှစတင်ကာ ရှုံးမှတ်ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် အရေးကြီးသည့်အနေအထားသို့ ရောက်ရှိလာသည်။

ထို့ကြောင့် ယနေ့ပွဲစဉ်သည် လက်စတာအသင်းရော ဝက်စ်ဘရွန်းအသင်းပါ နိုင်ပွဲရရှိရန် လိုအပ်နေခြင်းဖြစ်သည်။ လက်စတာအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်နှစ်ပွဲတွင် မန်စီးတီးနှင့် ဝက်စ်ဟမ်းအသင်းတို့ကို ရှုံးနိမ့်ထားသော်လည်း ပြီးခဲ့သည့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်တွင် ဆောက်သမ်တန်အသင်းကို နာချို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ထားနိုင်သည့် အသင်းဖြစ်သည်။

*စာမျက်နှာ ၂၁ ကော်လံ ၃* ●